# သိုက်ဆက်သော်သော်လွင်

နှင့်

# နာနာဘာဝဖြစ်ရပ်မှန်များ



မောင်မိုးညို့(ချောင်းဦး)

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၅၀၀

မျက်နှာဖုံးဒီဇိုင်း

ချယ်ရီမေ (အင်းစိန်)

တွန်ပျူတာစာစီ

ချယ်ရီမေ (အင်းစိန်)

ထုတ်ဝေသူ

ဦးချစ်ညွန့် (၀၄၀၀၄)၊ ဇင်ရတနာစာပေ၊
၂၀၅၊ က/၄–လမ်း၊ မြို့သစ်၊ (က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးကျော်မင်းစိုး(၀ရ၃၄၆) စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆–လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ်တတ်တာဆောက်အညွှန်း" (CIP)

၇၉၀.၂

မောင်ညိုမှိုင်း (ချောင်းဦး)
သိုက်ဆက်ဘော်ဘော်လွှင်ရှင့်နာနာဘာဝဖြစ်ရပ်မှန်များ/
မောင်ညိုမှိုင်း(ချောင်းဦး)
ရန်ကုန်၊ ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။
၂၁၅ – စာ ၁၂.၅ × ၁၈ စင်တီ (၁)
သိုက်ဆက်ဘော်ဘော်လွှင်ရှင့်နာနာဘာဝဖြစ်ရပ်မှန်များ


www.burmeseclassic.com

www.burmeseclassic.com

# သိုက်ဆက်ဘောဘောလွှင်

# နှင့်

# နာနာဘာဝဖြစ်ရပ်မှန်များ

မောင်မှိုင်းညို(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ သိုက်ဆက်သော်သော်လွင် ၃

၂။ နှစ်ဆယ့်ခြောက်နှစ်ကြာမှ
နာနာဘာဝဘဝကလွတ်မြောက်ခဲ့သူ ၃၈

၃။ တစ္ဆေကိုယ်တွေ့ ၆၃

၄။ သုဿန်ဟောင်းကတစ္ဆေ ၈၂

၅။ အရက်သမားစံမြင့် ၁၀၄

၆။ စွဲလန်းလို့ နာနာဘာဝဖြစ်ရသူ ၁၁၉

၇။ သာဓုကန်က သိုက်စောင့်တစ္ဆေ ၁၃၄

၈။ သရဲစီးတဲ့ ကျွဲနှစ်ကောင် ၁၅၀

၉။ တစ္ဆေခြောက်ခံရသူများ ၁၇၂

၁၀။ သရဲတွေနှင့်နေတဲ့လူ ၁၉၆


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# သိုက်ဆက် သော်သော်လွင်

လွန်ခဲ့သော ခုနစ်နှစ်ကျော် ရှစ်နှစ်လောက်၊
သော်သော်လွင်နှင့်ကျွန်တော် ချစ်သူဘဝ၊
သူ့နှာတံသေးမှာ အစုလေးပေါက်ကတည်းက
အမေအွှားတော် ပြောခဲ့တာ၊
ခွဲစိတ်ခံရပြီး သွေးစိမ်းရှင်ရှင်ထွက်တဲ့နေ့ဟာ သော်သော်လွင်
သေမယ့်နေ့၊

BURMESE CLASSIC

သိုက်ကို ပြန်ရမယ့်နေ့တဲ့ …၊
အဲဒီဟောကိန်းအတိုင်း ဖြစ်လာခဲ့တယ်၊
သုံးအကြိမ်ကောင်း လသားအရွယ်တုန်းကလည်း သော်သော်လွင်
ကို နောက်(၆)နှစ်လောက်ပဲ နေရတော့မယ်လို့ ပြောခဲ့တယ်၊
သားအကြိမ်ကောင်ရဲ့ခြောက်နှစ်ပြည့်မွေးနေ့မှာပဲ၊
သော်သော်လွင်ကို ထိန်ပင်မှာ မီးသင်္ဂြိုဟ်ခဲ့ရတယ် …

www.burmeseclassic.com

www.burmeseclassic.com

မောင်နိုင်းညို့ (ချောင်းဦး)



ဟာသော်လွင် အသက်ငယ်ပြီး မွေးခဲ့ရတဲ့ သားလေးတို့ချီထားတဲ့ အန်တီပုံ၊

ငယ်ဘဝ ကရုဏာကို ပိုမိုရစ်နေသူတ သော်သော်လွင်၏မိခင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## တစ်

(၁၉-၁၀-၂၀၁၂)

သောကြာနေ့၊ ည(၁၀)နာရီ

အင်းစိန်ဆေးရုံကြီးမှာ ...

သော်သော်လွင် ကွယ်လွန်ခဲ့ရပါတယ် ...

သမီးတို ဆုံးရှုံးရတဲ့အတွက် နှလုံးသည်းပွတ်တွေ ဆုပ်နယ် ချေမွ၊ တစ်စစီ ကွဲကျေအောင် ခံစားရပေမယ့် ...

တစ်နေ့နေ့မှာ ဒီလိုအဖြစ်ဆိုး ကြုံရမယ်ဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်ကတည်းက ဒေါ်ကြိုင်သိပြီးသားပါ။

ဘာကြောင့်လည်းဆိုတော့ ...

သော်သော်လွင်က သိုက်ဆက်ရှိတဲ့သူ။

သိုက်ကလာတဲ့ဥစ္စာစောင့်တစ်ယောက် ဖြစ်နေလို့ပါ။

အခုလည်း သော်သော်လွင် သေဆုံးသွားတာမဟုတ်ဘူး။

သူ့ရဲ့နေရာတောင်းကို ပြန်သွားရတာပါ။

ဒေါ်ကြိုင်ကတော့ ဒီလိုပဲ ယုံကြည်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## နှစ်

သော်သော်လွင်က ရှမ်း၊ ဗမာ ကပြား။

သူ့အဖေကိုခင်မောင်လွင်က ရှမ်းတိုင်းရင်းသား၊ တပ်မတော်သားတစ်ယောက်။

သူ့အမေက ဗမာ၊

ရန်ကုန်-မန္တလေး ကားလမ်း၊ ရထားလမ်းပေါ်က ကညွတ်ကွင်းမြို့သူ မကြိုင်တဲ့။

ကိုခင်မောင်လွင်တို့ တပ်ခွဲ ကညွတ်ကွင်းဗိုလ်တဲမှာလာပြီး စခန်းချတယ်။

အဲဒီမှာ ဗိုလ်တဲရပ်သူ၊ ကွမ်းတောင်ကိုင် မကြိုင်နဲ့တွေ့ပြီး မေတ္တာမျှကြတယ်။

ကိုခင်မောင်လွင်က တပ်ခွဲမှူးဗိုလ်ကြီးကို မိဘအရာထားပြီး မကြိုင်ကို တောင်းရမ်းလက်ထပ်ခဲ့တယ်။

ရှေ့တန်းတာဝန်တွေပြီးဆုံးတော့ ကိုခင်မောင်လွင်တို့တပ်ခွဲ တပ်ရင်းပြန်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြိုင်လည်း ယောင်နောက်ဆံထိုးပါဆိုသလို ဘောင်းဘီဝ ဆွဲပြီး လိုက်ရတာပေါ့။

သူတို့တပ်ရင်းက ခလရ ၁၀၂၊ မုတ္တမမှာရှိတယ်။

တစ်နေ့မှာ မုတ္တမမြို့ထဲက ရှေးဟောင်းဘုရားကြီး တစ်ဆူ ကို မကြိုင်သွားဖူးတယ်။

(ဘုရားကြီးရဲ့အမည်ကိုတော့ မေ့နေပြီလို့ ဒေါ်ကြိုင်က ပြောပါတယ်)

အဲဒီညမှာပဲ မကြိုင်ဟာ ထူးခြားတဲ့အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ်။

နေ့ခင်းကသွားပြီး ဖူးခဲ့တဲ့ ရှေးဟောင်းဘုရားကြီးထဲက အလွန်တရာ ချောမောလှပပြီး ဆံပင်ရှည်ကြီးကို ဖြန့်ချထားတဲ့ မိန်းမပျိုတစ်ယောက် ထွက်လာတယ်။

အဲဒီ မိန်းမပျိုက "မကြိုင်နှင့်အတူ လိုက်နေပါရစေ"လို့ ခွင့်တောင်းတယ်။

မကြိုင်ကလည်း "လာနေပါ"လို့ ပြောပြီး ခွင့်ပြုလိုက် တယ်တဲ့။

အဲဒီနောက်မှာ မကြိုင်ဟာ အဦးဆုံးကိုယ်ဝန်ကိုလွယ်ခဲ့ ရပြီး သော်သော်လွင်ကို မွေးဖွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သော်သော်လွင်ရောက်မှာ နှစ်နှစ်စီခြားပြီး ယောက်ျားလေး ချည်း သုံးယောက်ဖွားမြင်ခဲ့ပြန်တယ်။

ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ တပ်ရဲတာဝန်ထမ်းဆောင်ရင်း အငယ်ဆုံးကောင်ကို မွေးတာ။

၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလထဲမှ ကိုခင်မောင်လွင်ဆုံးသွား တယ်။

အဲဒီတုန်းက အကြီးဆုံးသမီးသော်သော်လွင်က ခုနစ်နှစ်၊ အငယ်ဆုံးကောင်ဆို လသားလေးပဲ ရှိသေးတယ်။

မကြိုင်လည်း သော်သော်လွင်တို့ မောင်နှမတွေကိုခေါ်ပြီး မိဘတွေရှိတဲ့ ကညွတ်ကွင်းကို ပြန်လာခဲ့ရတယ်။

ကညွတ်ကွင်းဆိုတာက လယ်ခင်း၊ ယာခင်းတွေ ဝိုင်းရံ ထားတဲ့မြို့လေး။

တပ်ရင်းမှာ သန့်ရှင်းရေး၊ မြက်ရှင်း၊ ဖက်တိပ်လောက် လုပ်ခဲ့ရတဲ့ စစ်သားမယား မကြိုင် ...

ကညွတ်ကွင်းရောက်တော့ လယ်ထဲယာထဲဆင်း၊ ရွှံ့ဗွက်ထဲ နင်းရပြီ။

သော်သော်လွင်တို့ မောင်နှမတွေကို ရှိန်း[illegible]တွေ့ဆွေးနွေး ခဲ့ရတယ် ...။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ရှုန်းကန်ရ၊ ရုန်းကန်ရ၊ ဘယ်လောက်ပဲ ပင်ပန်း၊ ပင်ပန်း။

ဒေါ်ကြိုင်နုလုံးသားကို ဖိစီးနေတဲ့ အရာတစ်ခုကတော့ ပျောက်ကွယ်မသွားခဲ့ဘူး။

အဲဒါကတော့ သော်သော်လွင်တာ သိုက်ကလာတာဆိုတဲ့ အစွဲပဲ။

ဉစ္စာစောင့်ဆိုတာ လူ့ပြည်ကို ခဏတစ်ဖြုတ် အလည် လာရတာ။

သော်သော်လွင် လူ့ပြည်မှာ ဘယ်လောက်ပဲ ပျော်နေ ပျော်နေ အချိန်စေ့ရင် သိုက်ကို ပြန်သွားရမယ်။

သူ့ မပြန်ချင်လည်း သိုက်ဟာလာခေါ်မယ်ဆိုတာ ဒေါ်ကြိုင် စိတ်မှာ စွဲလန်းနေတယ်။

သော်သော်လွင် ကိုးနှစ်အရွယ်မှာ မရှိတဲ့ကြားက ကန်တော့ ပွဲပေးပြီး သိုက်ကြိုးဖြတ်ပေးခဲ့တယ်။

နားလည် တတ်ကျွမ်းတဲ့ ပယောဂဆရာက သော်သော်လွင် လာခဲ့တဲ့သိုက်က သိုက်စောင့်အကြီးအကဲကိုခေါ်တယ်။

"သော်သော်လွင်ကို သိုက်နှင့်အဆက်အသွယ် ဖြတ် လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူ့ပြည်မှာ အသက်တစ်ရာထိ နေခွင့်ပေးရမယ်”လို့ ဆရာ့အာဏာနှင့် အမိန့်ပြန်တယ်။

သော်သော်လွင်ကို သိုက်ကြိုးဖြတ်ပေးပြီးမှ ဒေါ်ကြိုင် စိတ်ချမ်းသာသွားတယ်။

သူ့သမီးအတွက် စိတ်အေးသွားတယ်။

ဒါပေမယ့် ...

လတွေ နှစ်တွေ ကြာလာတော့ သော်သော်လွင် သိုက်က လာတယ်ဆိုတဲ့အစွဲ ဒေါ်ကြိုင့်ရင်ထဲမှာ တဖန်ပြန်ပြီး ကိန်းအောင်း လာတယ်။

ဘာကြောင့်လဲဆိုတော့ ...

ဆံပင်ရှည်ကြီးနှင့် တစ်နေ့ထက်တစ်နေ့ အလှတွေ တိုး လာတဲ့ သော်သော်လွင်ဟာ ...

မုတ္တမမှာနေတုန်းက ဒေါ်ကြိုင်နှင့်နေပါရစေလို့ အိပ်မက် လာပေးတဲ့ အလွန်တရာချောမောလှပတဲ့ ဥစ္စာစောင့်မလေးနဲ့ ပိုပြီး ပိုပြီး တူလာနေလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


## သုံး

ဈေးကွက်ကီးပွားရေးစနစ်သစ်ရဲ့ အသီးအပွင့်အဖြစ် ရန်ကုန်မှာ စက်ရုံတွေ အများကြီးပေါ်ထွက်လာတယ်။

တညွတ်ကွင်းမြို့က မိန်းကလေးအများအပြား ရန်ကုန်ကို သွားကြတယ်။

စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်လုပ်ကြတယ်။

အဲဒီမိန်းကလေးတွေထဲမှာ သော်သော်လွင်လည်း ပါသွားတယ်။

သော်သော်လွင်က အထည်ချုပ်စက်ရုံတစ်ခုမှာ အလုပ်လုပ်ရတယ်။

တစ်ရပ်ကွက်ထဲက သူငယ်ချင်းဆယ်ယောက်လောက်လည်း အဲဒီစက်ရုံမှာ အလုပ်လုပ်ကြတယ်။

သော်သော်လွင် သူငယ်ချင်းတွေနဲ့စုပြီး လှိုင်သာယာ ရေအုပ်ကန်ရပ်ကွက်မှာ လုံးချင်းအိမ်တစ်လုံး ငှားနေကြတယ်။

ထမင်းစားတော့လည်း စုပြီး ချက်စားကြတယ်။

စက်ရုံအလုပ်ကပင်ပန်းပေမယ့် သော်သော်လွင် ပျော်တယ်။

www.burmeseclassic.com

www.burmeseclassic.com


အမေနဲ့မောင်လေးတွေကို ပံ့ပိုးနိုင်တဲ့အပြင် သူလည်း လိုချင်တာလေးတွေ ဝယ်ရတယ်။

လှလှပပ ဝတ်ရစားရ နေထိုင်ရတယ်။

ကညွတ်ကွင်းလို နယ်မြို့လေးမှာနေတုန်းကတောင် သော်သော်လွင်လှတာကို လူတိုင်းသတိပြုမိကြတယ်။

ရန်ကုန်ရောက်လို့ ပြင်တတ်၊ ဆင်တတ်လာတော့ သော်သော်လွင်အလှက ပိုပြီး ထူးခြားလှပပေါ်လွင်လာတယ်။

ရန်ကုန်ရောက်ပြီး သုံးလေးနှစ်ကြာတော့ သော်သော်လွင် ချစ်သူရတယ်။

သော်သော်လွင့်ကောင်လေးအမည်က မောင်မောင်တဲ့။ မောင်မောင်က လျှပ်စစ်ပစ္စည်းရောင်းဝယ်ဖြန့်ဖြူးရေးဆိုင် ဖွင့်ထား တယ်။

တစ်နေ့မှာ သော်သော်လွင်ရဲ့ နှာတံအေးမှာ ဖုသီးလေး တစ်လုံးပေါက်လာတယ်။

ဖုသီးလေးက တဖြည်းဖြည်းကွမ်းသီးလုံးလောက်ထိ ကြီး လာတယ်။

ဖုသီးလုံးလေးက သော်သော်လွင်ရဲ့မျက်နှာအလှအပကို ဖျက်ဆီးသလို ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သော်သော်လွင် စက်ရုံအလုပ်မဆင်းရဲတော့ဘူး။

အိမ်ထဲက အိမ်ပြင်လည်း မထွက်တော့ဘူး။

အဲဒီအခြေအနေမှာ သော်သော်လွင်အပါးကို မောင်မောင် ရောက်လာတယ်။

နာတံဘေးက ဖုသီးလေးကို ခွဲစိတ်ဖယ်ရှားဖို့ တိုင်ပင် ကြတယ်။

"မခွဲစိတ်ခင် အမေဘွားတော်နှင့် ပြကြည့်ရင် ကောင်းမယ်၊ မှ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိရမယ်"

မောင်မောင်အကြံပေးတဲ့အတိုင်း သော်သော်လွင်တို့ စ်ယောက် အမေဘွားတော်ဆီကို သွားကြတယ်။

အမေဘွားတော်ဆိုတာက အကြားအမြင်ဆရာမကြီး၊ တမွေဘက်မှာနေတာ။

မောင်မောင်တို့ တစ်ဆွေတစ်မျိုးလုံး အားကိုးအားထား နေတဲ့ ဘွားတော်၊

သော်သော်လွင်တို့နှစ်ယောက် ဘွားတော်ရဲ့ ဓာတ်ခန်းထဲ င်လိုက်တာနဲ့။

"သိုက်ဆက်ရှိတဲ့ သမီးပဲ၊ လာကြ ... လာကြ"



www.burmeseclassic.com

www.burmeseclassic.com



အမေဘွားတော်ရဲ့စကားက သော်သော်လွင်ကို အံ့အ

သင့်သွားစေတယ်။

သူငယ်ငယ်က ဖယောဂဆရာရှေ့မှာ ကျုံ့ကျုံ့လေး

ပြီး သိုက်ကြိုးဖြတ်ခဲ့ရတာကိုလည်း ပြေးမြင်မိတယ်။

မောင်မောင် အမေဘွားတော်ကို အကျိုးအကြောင်း

ပြတယ်။

သော်သော်လွင် နှာတံချွန်းက ဖုလုံးလေးကို ခွဲမိတ

သင့်မသင့် မေးမြန်းတယ်။

အမေဘွားတော်က ဓာတ်ခန်းထဲမှာရှိတဲ့ ဘုရားစင်

အချိန်အတန်ကြာ ဝတ်ပြုတယ်။

ပြီးတော့ စားပွဲခုံပုလေးထက်မှာ ဖြန့်ချထားတဲ့ သော်

လွင်ရဲ့ လက်ဖဝါးနှစ်ဖက်ကို ...

သူ့လက်ဖဝါးတွေနဲ့ အုပ်ကိုင်လိုက်တယ်။

ဓာတ်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားတယ်။

ငါးမိနစ်လောက်ကြာတော့ အမေဘွားတော်ရဲ့ နှု

စကားသံတွေ ထွက်လာတယ်။

"အမေ့ဆီကို ရောက်လာတာ သမီးအသက်ကို

ကယ်လိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်မှာ ပေါ်လာတဲ့ အဖုလုံးလေးတော ရိုးရိုးသားသား ပေါ်လာတာမဟုတ်ဘူး။

သိုက်မှာ ကျန်ခဲ့တဲ့ မောင်နှမတွေက ပြန်ခေါ်ချင်လို့ လုပ် လိုက်တဲ့အဖုလုံး။

ဒီဖုသီးလေးကို ခွဲစိတ်လိုက်လို့ သွေးစိမ်းရှင်ရှင်ထွက်တာနဲ့ သမီးအသက်သေမှာ ဇကန်ပဲ။

သမီးရဲ့ဘဝတစ်သက်လုံး ဘယ်တော့မှ ခွဲစိတ်တာကို မခံရစေနဲ့။

ခွဲစိတ်ခံရတဲ့နေ့ဟာ သမီးကို သိုက်နန်းပြန်လာအောင် ကြိုးပမ်းနေသူတွေရဲ့ အကြံအစည် အောင်မြင်တဲ့နေ့ပဲ”

အမေဘွားတော်ရဲ့ အကြားအမြင် ဟောကိန်းတွေက ကြောက်စရာကောင်းလွန်းတယ်။

“အမေကလွဲပြီး အားကိုးစရာမရှိပါဘူး၊
သမီးရဲ့အသက်ကို အမေ့ဆီအပ်ပါတယ်၊
အမေကယ်တင်ပေးပါ”

မောင်မောင်က အမေဘွားတော်ထံ သော်သော်လွင်ကို အပ်ပြီး ကယ်တင်ပေးဖို့ တောင်းပန်တယ်။



www.burmeseclassic.com

www.burmeseclassic.com


"သမီးရဲ့အသက်ကယ်ဖို့ အမေ့တာဝန်ထား၊ အမေ တာဝန်ယူတယ်၊ သားတို့သမီးတို့ စိတ်သောက မရောက်ကြနှင့်၊ သမီးရဲ့မျက်နှာပေါ်က ပယောဂအဖုလုံးကို အမေဖယ်ရှားပေးမယ်။ လုံးဝ မခွဲမစိတ်ရဘူး၊ လုံးဝသွေးမထွက်ရဘူး"

အမေဘွားတော်က သော်သော်လွင့်ကို ပန်းသီးသုံးလုံး ပေးတယ်။

"ဒီပန်းသီးတွေကို အိမ်က ဘုရားစင်မှာ ကပ်လှူလိုက်၊ အထက်ပုဂ္ဂိုလ်၊ ဆေးဝိဇ္ဇာဘိုးတော်လာပြီး သမီးရဲ့ နှာတံဘေးက အဖုလုံးကို သုံးရက်အတွင်း ကုသပေးလိမ့်မယ်"

သော်သော်လွင်နှင့် မောင်မောင်တို့နှစ်ယောက် အမေ ဘွားတော်ကို ကန်တော့ပြီး ပြန်လာခဲ့ကြတယ်။

သော်သော်လွင် အိမ်ပြန်ရောက်တော့ ဘုရားစင်မှာ ပန်းသီး သုံးလုံးကို ကပ်လှူလိုက်တယ်။

နောက်နေ့မနက်လင်းလို့ အိပ်ရာကနိုးတော့ သော်သော်လွင် နှာတံဘေးက အဖုလုံးကြီး မရှိတော့ဘူး။

အဖုလုံးနေရာမှာ အရည်ကြည် နည်းနည်းစိုနေတာပဲ ရှိတယ်။


www.burmeseclassic.com

www.burmeseclassic.com



အမေသွားတော်ပြောသလို သေးပိဋကလာပြီး ကုတာလား။

အကြောင်းတစ်စုံတစ်ရာကြောင့် တိုက်ဆိုင်သွားတာလား

ဆိုတာတော့ သော်သော်လွင် မဝေခွဲတတ်ဘူး။

ထူးထူးခြားခြား အဖြစ်အပျက်လို့ ...

စိတ်ထဲမှာ စွဲမှတ်မိတာတော့ အမှန်ပဲ။

## လေး

သော်သော်လွင်နဲ့မောင်မောင်တို့ အမေသွားတော်ဆီကို

ဒုတိယအကြိမ် ရောက်လာကြပြန်တယ်။

အဲဒီအချိန်မှာ သော်သော်လွင်တို့နှစ်ယောက်က လက်ထပ်

ပြီးနေပြီ။

သော်သော်လွင် သားဦးကိုယ်ဝန်လွယ်ထားရတဲ့အချိန်။

"ခွဲစိတ်ခံရလို့ သွေးစိမ်းရှပ်ရှပ်ထွက်ရင် အသက်သေမယ်"

ဆိုတဲ့ ပထမအခေါက်တုန်းက ပြောလိုက်တဲ့ အမေသွားတော်ရဲ့

ဟောကိန်းကြောင့် ပြန်လာကြတာ။

"သားဦးကိုယ်ဝန်မို့ ခွဲမွေးချင် မွေးရနိုင်တယ်၊ သမီးပေါ်

ဆေးဆိုးရန်ဆိုးတွေ မကျရောက်အောင် အမေကူညီမယ်ခိုး"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်စကားအဆုံးမှာ အမေဘွားတော်က ဘုရားဝတ်ပြု၊ အထက်ပုဂ္ဂိုလ်တွေကိုင်တည်ပြီး အာရုံယူလိုက်တယ်။

အချိန်အနည်းငယ်ကြာမှ ...

"အသက် အန္တရာယ်ကတော့ ရှိနေတုန်းပဲ သမီးရေ၊ သိုက်မှာ ကျန်ရစ်ခဲ့တဲ့ ဆွေမျိုးသားချင်းတွေက သမီးကို မုန်းလို့ သေစေချင်လို့ မဟုတ်ဘူး။

သမီးကို လွမ်းနေကြတာ၊ မျှော်နေကြတာ၊ သမီးက လူ့ပြည်၊ လူ့ဘဝမှာ ပျော်ပြီး ပြန်မလာတော့ သမီးကို ရတဲ့နည်းနဲ့ ပြန်ခေါ်ဖို့ ကြိုးစားနေကြတယ်။

အထက်ပုဂ္ဂိုလ်တွေ ပြောတဲ့အတိုင်းဆိုရင် သမီးလူ့ပြည်မှာ နေဖို့ ခွင့်တောင်းခဲ့တဲ့ သက်တမ်းက ကျော်လွန်နေပြီ။

ဒါကြောင့် သူတို့က သမီးကိုခေါ်ဖို့ နေ့စဉ်နဲ့အမျှ ကြိုးစားနေကြတယ်။

ဒါပေမယ့် သမီး စိတ်မပူနဲ့၊

သမီးခွဲစိတ်မခံရသမျှ၊

သွေးစိမ်းရှင်ရှင် မထွက်သမျှ၊

သမီးကို သူတို့ ပြန်မခေါ်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သမီးမွေးတဲ့ဖွားတဲ့အခါမှာလည်း ဘယ်လောက်အခက်အခဲ
ရှိ မခွဲမစိတ်ရအောင် အမေကူညီမယ်။

သမီး ယောဒီ ပုတီးလေးကို ယူသွား၊

ဘုရားဂုဏ်တော်ကိုးပါးကို မွေးဖွားပြီးတဲ့အချိန်ထိ အနည်း
း တစ်နေ့ ကိုးခေါက်ပွားများရမယ်။

နေ့စဉ်မပျက်မကွက်၊ မကျိုးမပေါက် ပွားများရမယ်။

ပျက်ကွက်ရင် သမီးရဲ့အစောင့်အရှောက်တွေ သမီးအပါး
နေ ထွက်သွားကြလိမ့်မယ်။

အစောင့်အရှောက်တွေမရှိရင်

သိုက်နန်းက ပုဂ္ဂိုလ်တွေက သမီးကို အလွယ်တကူ
ခေါ်သွားကြလိမ့်မယ်”

အမေသွားတော်က သော်သော်လွင်ကို အနက်ရောင်
လုံးပုတီးလေးတစ်ကုံးနှင့် လက်ဖွဲ့လေးတစ်ခုပေးတယ်။

နေ့စဉ်မပျက်မကွက် စိပ်ဖို့လည်း မှာလိုက်တယ်။

သော်သော်လွင် အမေသွားတော်မှာတဲ့အတိုင်း မပျက်မကွက်
တယ်။ လက်ဖွဲ့ကိုလည်း ညာလက်မှာ အမြဲဝတ်ထားတယ်။

မွေးဖွားဖို့ရက် နီးကပ်လာတော့ ကညွတ်ကွင်းကို ပြန်လာ
တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်က ဆရာဝန်တွေက ဓားသွားတွေ။

ထစ်ခနဲရှိ ခွဲလိုက်တာပဲ။

ခွဲမွေးတဲ့အလုပ်ကို ထမင်းစားရေသောက်လုပ်နေတဲ့ အတွက်ရော။

မွေးဖွားခါနီးလေ အမေ့ကိုသတိရ တမ်းတလေဖြစ်နေတာ ရောကြောင့်ပါ။

ဒီလိုနဲ့ မွေးမဲ့ရက်ကို ရောက်လာတယ်။

သားဦးကိုယ်ဝန်ဖြစ်တာကြောင့် ခက်ခက်ခဲခဲ မွေးခဲ့ ရတယ်။

ပထမ အရပ်လက်သည် အမေမွေးနဲ့ မွေးတယ်။

မွေးမရ ဖွားမရ အမေမွေးမနိုင်မှ ဝမ်းဆွဲဆရာမခေါ်တာ။

ဝမ်းဆွဲဆရာမလက်လျှော့တဲ့အဆုံးမှ ပြင်ပဆေးခန်းက ဆရာဝန်ဆီ ပို့ရတယ်။

ဆရာဝန်ကမှ သားဦးယောကျ်ားလေးကို ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့တယ်။

ဘာပဲဖြစ်ဖြစ် အမေသွားတော် ပြောလိုက်သလိုပဲ။

ဘယ်လောက် အခက်အခဲရှိရှိ မခွဲမစိတ်ရဘူးဆိုတဲ့ ဟောဟိန်းက မှန်နေခဲ့ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



# ၎င်း

"သမီးက လူ့ပြည်၊ လူ့ဘဝမှာပျော်ပြီး ပြန်မလာတော့ သမီးကို ရတဲ့နည်းနဲ့ ပြန်ခေါ်ဖို့ ကြိုးစားနေကြတယ်။

အထက်ပုဂ္ဂိုလ်တွေ ပြောတဲ့အတိုင်းဆိုရင် သမီးလူ့ပြည်မှာ နေဖို့ ခွင့်တောင်းခဲ့တဲ့ သက်တမ်းက ကျော်လွန်သွားပြီတဲ့။

အဲဒါကြောင့် သူတို့က သမီးကိုခေါ်ဖို့ နေ့စဥ်နဲ့အမျှ ကြိုးစား နေကြတယ်"

အမေဘွားတော်ရဲ့တောက်နိုးက သော်သော်လွင်နှင့် မောင်မောင်တို့ကို ဖိစီးနေတယ်။

သတိရတဲ့အခါတိုင်း သောကရောက်ကြရတယ်။

စိတ်ဖိစီးအောင် မခံစားနိုင်တဲ့နေ့တစ်နေ့မှာ သော်သော်လွင် တို့ ဇနီးမောင်နှံ သားလေးကို ရင်မှာပိုက်လို့ အမေဘွားတော်ဆီ သွားကြတယ် ...

"သမီးကို ခွဲစိတ်ခံရမှု တစ်ခုနှင့် ပတ်သက်ပြီး အသက် ဆုံးရှုံးရမယ်ဆိုတာ ဟိုတုန်းကတည်းက အမေမြင်ခဲ့တယ်။

သမီးက သိုက်ဆက်ရှိသူဖြစ်လို့ သိုက်က ပြန်ခေါ်လိမ့်မယ် လို့လည်း အမေတောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းအချက်နှစ်ချက်ကို တွဲစပ်လိုက်တော့ အကြောင်းဘစ်စုံတစ်ရာပေါ်ပေါက်ပြီး သမီးခွဲစိတ်မှုခံယူရမယ်။

အဲဒီအချိန်မှာ သိုက်ကိုပြန်ရမယ်လို့ အဖြေထွက်တယ်။

ဒါကြောင့် သမီးခွဲစိတ်မခံရအောင် အမေကူညီပေးခဲ့တယ်။

အထက်ပုဂ္ဂိုလ်တွေ ညွှန်ကြားတဲ့အတိုင်း ယတြာအစီအရင်ပေးခဲ့တယ်။

ဒါကြောင့်လည်း သမီးသိုက်ကို မပြန်ရဘဲ လူ့ပြည်မှာ အသက်ရှည်ရှည် နေခွင့်ရခဲ့တာ ဖြစ်တယ် ...။

ဒါပေမယ့် သမီးရေ ...၊

သူတို့ဘက်ကတော့ လုံးဝလက်မလျှော့တတ်ဘူးနော် ....။

သိုက်မှာကျန်နေခဲ့တဲ့သမီးရဲ့မောင်နှမတွေက ခေါ်လို့မရရင်၊ သိုက်စောင့်အကြီးအကဲကိုယ်တိုင် သမီးကိုခေါ်လိမ့်မယ် ...။

အမေတို့အထက်ပုဂ္ဂိုလ်တွေ အကာအကွယ်ပေးထားလို့ သမီးကိုခေါ်လို့ မရရင်တော့ ...။

ဘုမ္မစိုးနတ်ဘီလူးတွေကိုယ်တိုင် ဝင်ပါကြလိမ့်မယ်။

နတ်ဘီလူးတွေက တန်ခိုးကြီးကြတယ်ကွယ့်။

ဘုရားသိုက်တွေ၊ ဥစ္စာစောင့်တွေကို အုပ်ချုပ်တာ သူတို့ပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com



ဘုမ္မစိုး နတ်ဘီလူးတွေကိုယ်တိုင်ပါလာပြီဆိုရင် လူ့အစွမ်းအစ၊ ပညာလောက်နှင့် မနိုင်တော့ဘူး။

ဒီပေမယ့် သမီးတို့ လုံးဝစိတ်မပူကြနှင့် …။

အမေ့အာရုံမှာ ပေါ်ပေါက်လာတဲ့အတိုင်းဆိုရင် သမီးမှာ အတိတ်ဘဝတုသိုလ်ကံအကျိုးဆက်တွေ ပါလာတယ်။

အဲဒီအကျိုးဆက်တွေကြောင့် လူ့ပြည်မှာ နောက်ထပ် ခြောက်နှစ်လောက် သမီးနေခွင့်ရဦးမယ်။

ဒီကြားထဲမှာ ပစ္စုပ္ပန်ကုသိုလ်ကံတွေကို ဖိဖိစီးစီး လုပ်ပါ။ အားကြိုးမာန်တက်လုပ်ပါ။

အတိတ်ကုသိုလ်ကံကို ပစ္စုပ္ပန်ကုသိုလ်ကံကဆက်ပြီး အားပေးကူညီထောက်ပံ့လို့ သက်တမ်းစေ့ နေသွားရတဲ့လူတွေ ရှိတယ်”

သော်သော်လွင် သူ့ယောက်ျားရင်ခွင်ထဲက သားလေးကို ကြည့်လိုက်တယ်။

“နောက်ခြောက်နှစ်လောက်ဆိုတော့ သားလေး ခြောက်နှစ် ပြည့်တဲ့အချိန်ပေါ့” လို့တွေးရင်း သက်ပြင်းဇာစ်ချတ် ရှိုက်လိုက် တယ် …။

www.burmeseclassic.com

www.burmeseclassic.com



(ရှောတ်)

(၁၈-၁၀-၂၀၁၄)

ကြာသပတေးနေ့၊ နံနက်ခင်း။

"အန်တီရေ၊ သမီးညက အိပ်မက်မက်တယ်။

အိပ်မက်ထဲမှာ ရှေးဟောင်းဘုရားကြီးတစ်ဆူကို သမီး ဖူးမြင်ရတယ် ....။

ဘုရားကြီးရဲ့ထီးတော်တစ်ဝိုက်မှာ ရောင်ခြည်တော်တွေ လည်း ကွန့်မြူးနေတယ် အန်တီ ..."

သော်သော်လွင်ရဲ့ ဒုတိယမြောက်ကိုယ်ဝန်က နေ့စေ့ လစေ့ဖြစ်နေတယ်။

မွေးဖွားဖို့ရက်ကလည်း အလွန်နီးကပ်နေပြီ။

ဒေါ်ကြိုင်က သားအကြီးကောင် အလုပ်လုပ်နေတဲ့ ထားဝယ်ကို သွားလည်နေတယ်။

သော်သော်လွင် မွေးဖွားကာနီး အားကိုးအားထားပြု အန်တီလှကို ခေါ်ထားတယ်။

အန်တီလှဆိုတာက ဒေါ်ကြိုင်ရဲ့ညီမအရင်းပေါ့၊

အန်တီတွေထဲမှာ သော်သော်လွင်က အန်တီလှကိုအချစ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ အန်တီလှက ရွှေပြည်သာမှာ နေတဲ့အတွက် သော်သော်လွင်နေတဲ့ လှိုင်သာယာနှင့် သွားရေးလာရေး အဆင်ပြေတယ်။

အန်တီလှကလည်း သော်သော်လွင်ကိုချစ်တော့ နှစ်ပတ်လောက်အလိုကတည်းက သွားနေတယ်။

သော်သော်လွင်ကိုစောင့်ရှောက်နေခဲ့တယ်။

သော်သော်လွင် အိပ်မက်အကြောင်းပြောတော့ ...

"အို ... ကောင်းတဲ့အိပ်မက်ပဲ၊ သော်သော့်ဗိုက်ထဲက သားလေးဟာ မြင့်မြတ်တဲ့ သူတော်ကောင်းလေး ဖြစ်တယ်ဆိုတဲ့ နိမိတ်ပဲ"လို့ အန်တီလှပြောတယ်။

"သော်သော်၊ အမေ့ဘွားပေါ်ဆီသွားလား ..."

သော်သော်လွင်လည်ပင်းမှာ လက်ဖွဲ့ကြိုးလေးတစ်ခုတွေ့လို့ အန်တီလှ မေးလိုက်တယ်။

"မောက်ခြားကတော့ အမေ့ဘွားတော်ဆီသွားဖို့ အတင်းခေါ်တာပဲ။

ဒါပေမယ့် သမီးစိတ်တွေလေးနေတယ်။

အမေ့ဘွားတော်ဆီကို လုံးဝမှ မသွားချင်ဘူးဖြစ်နေတယ် အန်တီ။

မိုးတိမ်ဘေ့စာပေ
www.burmeseclassic.com

www.burmeseclassic.com



သားကြီးငယ်ငယ် အမေဘွားတော်ဆီသွားတုန်းက ခြောက်နှစ်လောက်ပဲ နေရတော့မယ်လို့ တောခဲ့တယ်။

သားကြီးကလည်း ခြောက်နှစ်ပြည့်ဖို့ ရက်ပိုင်းလောက်ပဲ လိုတော့တယ်လေ။

သမီး၊ အမေဘွားတော်ဆီ ပြန်သွားရမှာ ကြောက်နေတယ် အန်တီ ...”

“ဒါဆို၊ လည်ပင်းကလက်ဖွဲ့ကြိုးက ဘယ်သူလုပ်ပေးတာလည်း ...”

“အပိုင်းထဲက ဆရာတစ်ယောက်ပဲ အန်တီ၊ သူလည်း ရပ်ကွက်ထဲမှာ တော်တော်နာမည်ကြီးပါတယ် ...”

ထိုနေ့က သော်သော်လွင် အမေဒေါ်ကြိုင်တစ်ယောက် ထားဝယ်ကနေ ရန်ကုန်ကို ပြန်လာပါတယ်။

ဒေါ်ကြိုင်ထားဝယ်က သားဆီမှာ စိတ်အေးလက်အေး ချမ်းသာစွာ နေရပေမယ့် ဘယ်လိုမှ နေမရ။

စိတ်တွေက ရန်ကုန်ကိုပဲ သွားချင်နေတယ်။

သမီးကြီးသော်သော်လွင်မျက်နှာက အာရုံထဲမှာ လည်လည် ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ နေမရတဲ့အဆုံးမှာ ထားဝယ်ကနေ ကားစီးပြီး ရန်ကုန်ထွက်လာခဲ့တယ်။

ရွှေပြည်သာက ညီမအိမ်ရောက်တော့ ညီမဖြစ်သူကမရှိ။ သော်သော်လွင့်ကို ပြုစုစောင့်ရှောက်ဖို့ သွားနေတယ်တဲ့။ ခရီးပန်းတာကြောင့် ညီမအိမ်မှာ တစ်ရက်နှစ်ရက် နားဦးမယ်။

နားပြီးမှပဲ သမီးကြီးဆီ သွားမယ်လို့ ဒေါ်ကြိုင်စဉ်းစားလိုက်တယ် ...။

တကယ်တော့ အဲဒီလို စဉ်းစားလိုက်မိတဲ့အတွက် ဒေါ်ကြိုင် ဖိုပြီး ယူကြုံးမရ ခံစားခဲ့ရပါတယ်။

ဘာကြောင့်လည်းဆိုတော့ ...

နောက်တစ်နေ့ဖြစ်တဲ့

(၁၉-၁၀-၂၀၁၂)

သောကြာနေ့ ည (၁၀)နာရီအချိန်

အင်းစိန်ဆေးရုံကြီးမှာ

ဒုတိယမြောက်သားလေးကို ခွဲစိတ်မွေးဖွားပြီး မိနစ်ပိုင်း အကြာမှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးသော်သော်လွင် သေဆုံးသွားခဲ့ရတဲ့အတွက် ကြောင့်ပါ ...။

# ခုနစ်

စာရေးသူဟာ ကညွတ်ကွင်းမြို့မှာ ဝန်ထမ်းဘဝနှင့် ဆယ်နှစ်လောက်နေခဲ့ဖူးပါတယ်။

သော်သော်လွင်ရဲ့ မိသားစုဝင်အားလုံးလိုလိုနှင့် ဆွေမျိုး အရင်းအချာလို ရင်းနှီးခင်မင်သူဖြစ်ပါတယ်။

သော်သော်လွင်ကွယ်လွန်တဲ့သတင်းကြားတော့ စိတ်မကောင်း ခြင်းတွေနှင့်အတူ တော်တော်လည်း အံ့ဩမိပါတယ် ...။

ခွဲစိတ်မွေးဖွားမှုကို ထမင်းစားရေသောက်သလို သဘော ထားလုပ်နေတဲ့ ဆေးသိပ္ပံခေတ်ကြီးမှာ ...

အင်းစိန်လို ဆေးရုံကြီးမှာ

ရခဲလှတဲ့ လူတစ်ယောက်ရဲ့အသက် မဆုံးရှုံးသင့်ဘဲ ဘာကြောင့် ဆုံးရှုံးခဲ့ရတာလည်း ...

စာရေးသူ သော်သော်လွင်ရဲ့ မိသားစုဝင်တွေကို မေးမြန်း အချို့ မေးဖြစ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြောတဲ့စကားတွေထဲမှာ ထူးထူးခြားခြား ပါဝင်
…တဲ့အကြောင်းအရာကတော့ "သိုက်စောက်" ဆိုတဲ့ အကြောင်း
…ရာပါ။

စာရေးသူကိုယ်တိုင် တွေ့ဆုံမေးမြန်းထားတဲ့အထဲက အဖြေ
…ချို့ကို တင်ပြလိုက်ပါတယ်။

## ( ရှစ် )

…ာင်မောင်(သော်သော်လွင်ခေါ်ခင်ပွန်း)လိုင်သာယာ

လွန်ခဲ့တဲ့ ခုနစ်နှစ်ကျော်၊ ရှစ်နှစ်လောက် သော်သော်လွင်နှင့်
…ုန်တော် ချစ်သူဘဝ၊

သူ့နာတံဘေးမှာ အဖုလုံးလေးပေါက်ကတည်းက အမေ
…ူးတော်ဟောခဲ့တာ။

ခွဲစိတ်ခံရပြီး သွေးစိမ်းရှင်ရှင် ထွက်တဲ့နေ့ဟာ သော်သော်
…င် သေမယ့်နေ့၊ သိုက်ကို ပြန်ရမယ့်နေ့တဲ့။

အဲဒီ ဟောကိန်းအတိုင်းပဲ ဖြစ်လာခဲ့တယ်။

နောက်ပြီးတော့ …



www.burmeseclassic.com

www.burmeseclassic.com



သားအကြီး ငယ်ငယ်တုန်းက သွားတော့လည်း အမေ ဘွားတော်က သော်သော်လွင့်ကို နောက်(၆)နှစ်လောက်ပဲ နေရတော့မယ်လို့ ဟောခဲ့တယ်။

သော်သော်လွင့်ကို သင်္ဂြိုဟ်တဲ့နေ့က သားအကြီးတောင်ရဲ့ ခြောက်နှစ်ပြည့်မွေးနေ့ပါ။

အခု မီးဖွားကာနီးတော့လည်း အမေ ဘွားတော်ဆီကို သွားကြဖို့ ကျွန်တော် ခဏခဏခေါ်တယ်။ တိုက်တွန်းတယ်။

ဘယ်လိုမှ ပြောလို့မရဘူး။

သူမလိုက်လို့ အမေဘွားတော်ဆီ မသွားခဲ့ရဘူး။

ဒါ့ကြောင့်လည်း ဒီလိုအဖြစ်ဆိုးမျိုးကြုံရတာ။

သူနှင့်ကျွန်တော် သေကွဲ ကွဲခဲ့ရတာပါ။

ဒေါက်တာ(သော်သော်လွင်ဇော်မိခင်) ရွှေပြည်သာ

သော်သော်လွင်က မုတ္တမမြို့က ရှေးဟောင်းဘုရားကြီး တစ်ဆူမှာရှိတဲ့ သိုက်နန်းကလာတာပါ။

ကျွန်မကို အိပ်မက်ပေးခဲ့တယ်။

သူငယ်ငယ်ကတည်းက ကညွတ်ကွင်းမြို့မှာ သိုက်ဘိုး ဖြတ်ပေးခဲ့သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


အခုတော့၊ ဘယ်လိုတားတား မရတော့ဘူး။
သူ့နေရာတောင်းကို သူပြန်သွားရပြီ ...။

ဒေါ်လှလှ(သော်သော်လွင်၏အန်တီ)ရှေ့ပြည်သာ

သော်သော်လွင်က သိုက်ကလာတာလို့ သူ့အမေက ပြော
ဘူးတယ်။

သောင်သော်လွင်ငယ်ငယ် သိုက်ကြိုးဖြတ်တော့လည်း
ကျွန်မတို့ရှေ့မှာပဲ။

အမေဘွားတော်နှင့်ပတ်သက်တဲ့ အကြောင်းတွေကို
သော်သော်လွင် ပြောပြဖူးလို့ သိပါတယ်။

ခွဲစိတ်ခံရတဲ့အကြောင်း တစ်ခုခုနှင့်အသက်သေမယ်လို့
ဘိုတုန်းကတည်းက သိထားတယ်။

အခု၊ တကယ်ပဲ လက်တွေ့ဖြစ်သွားတော့ အံ့ဩရတာ
ပေါ့။

ပြီးတော့ သားအကြီးလေး ခြောက်နှစ်ပြည့်ရင် သော်သော်
လွင် သေမယ်လို့ဟောထားတယ်ဆိုတာလည်း သူပြောဖူးတယ်။

သော်သော်လွင်ကို ထိန်ပင်သုသာန်မှာ မီးသင်္ဂြိုဟ်တဲ့နေ့ဟာ
သူ့သားအကြီးကောင် ခြောက်နှစ်ပြည့်တဲ့နေ့။


www.burmeseclassic.com

www.burmeseclassic.com



နောင် နှစ်တွေကြာမှ ဖြစ်လာမယ့်ကိစ္စတစ်ခုကို ... ကြိုတင်သိမြင်နေကြတာလား။ တိုက်ဆိုင်မှုလားဆိုတာတော့ ... ဉာဏ်လေးနဲ့ မဝေခွဲနိုင်ပါဘူး ...။

ထူးခြားတာက သော်သော်လွင်ဆုံးမယ့်နေ့မှာ တွေ့ကြုံရတဲ့ တန်းစီနေတဲ့ အခက်အခဲတွေပဲ။

ဆုံးမယ့်နေ့ မနက်စောစောမှာ သော်သော်လွင် ဗိုက်စနာတယ်။

ပြင်ပဆေးခန်းက ဆရာဝန်ကို ခေါ်ပြတယ်။

အဲဒီဆရာဝန်က အိမ်မှာလိုက်ပြီး မီးဖွားပေးနေတဲ့ ဆရာဝန်။ တော်တယ်၊ အပြောချိုတယ်၊ စိတ်ကောင်းစေတနာကောင်းလည်းရှိတယ်လို့ နာမည်ထွက်တယ်။

ဆရာဝန်က သော်သော်လွင်ကို စမ်းသပ်ကြည့်တယ်။

ဘာဝ်ပါးဆုံ ရိုးကွင်းကျဉ်းတယ်၊ အားလည်းနည်းနေတယ် ကလေးကလည်း ထွားတယ်။

ပထမကလေးကို ညှပ်ဆွဲမွေးထားရတယ်ဆိုတာသိတော့ အခက်အခဲရှိရင် အဆင်ပြေအောင် လှိုင်သာယာဆေးရုံကြီးကို သွား ညွှန်ကြားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စုလင်းတစ်လုံးချိတ်ပေးပြီး လွဲစာလည်း ရေးပေးလိုက်တယ်။

တက်စီငှားပြီး လှိုင်သာယာဆေးရုံကြီးကို သွားကြတယ်။

ဆေးရုံရောက်တော့ လူနာကိုတောင် မစစ်သေးဘူး။

"ဒီပုလင်း ဘယ်သူချိတ်ပေးတာလည်း၊ သူများမနိုင်မှ ဆေးရုံကိုလာတယ်" ဆိုတဲ့စကားပြောပြီး အပြစ်တင်တယ်။ ရန်လုပ်နေတယ်။

ရန်လုပ်ပြီးမှ အင်းစိန်ဆေးရုံကိုပဲသွားဆိုပြီး ပြောတယ်။

ဘယ်တတ်နိုင်မလဲ၊ အင်းစိန်ဆေးရုံကိုပဲ ဆက်သွားရတာပေါ့။

အမှန်တကယ်ဆိုရင် လှိုင်သာယာဆေးရုံကြီးဆိုတာက မွေးဖွားမယ့်လူနာတစ်ယောက်အတွက် လူအင်အား ပစ္စည်းအင်အား ပြည့်စုံပြီးသားပါ။

ဘယ်လိုနည်းနှင့်မဆို သူတို့လုပ်ပေးနိုင်တယ်။

ဒါပေမယ့် ဆေးရုံကို တန်းမလာဘူးဆိုတဲ့ စွပ်စွဲချက်တစ်ခုထဲနှင့် မျက်နှာလွှဲခဲ့ပစ် လုပ်လိုက်ကြတယ်။

အင်းစိန်ဆေးရုံကို မနက်(၁၀)နာရီကျော်လောက်မှာ ရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သော်သော်လွင်ကိုခွဲတော့ ည(၇)နာရီကျော်မှ ...

ဒီကြားထဲမှာ သော်သော်လွင် အလူးအလဲ ခံစားနေရတယ်

ချွေးသီးချွေးပေါက်တွေကျအောင် အော်တစ် ညည်းညူ

နေတဲ့ လူနာအနီးမှာ အားပေးရမယ့်မိသားစုဝင် တစ်ယောက်မှ

မနေရဘူး။

စောင့်ရှောက်ရမယ့်သူတို့ကျတော့လည်း တစ်ယောက်မှ

မလာကြဘူး။

ဒီကြားထဲ မိးက ပျက်သွားသေးတယ်။

ည(၉)နာရီကျော်မှ ခွဲခန်းထဲက ထွက်လာတယ်။

မွေးကင်းစကလေးကို အပေါ်ထပ်က အထူးကြပ်မ

ကုသဆောင်မှာ ပို့လိုက်လို့ ကျွန်မလိုက်သွားတယ်။

အပေါ်ထပ်ရောက်ရုံရှိသေးတယ်။

အောက်ကတစ်ယောက်လိုက်လာပြီးပြောတယ်။

သော်သော်လွင်ဆုံးပြီတဲ့ ...။

ခွဲခန်းထဲကအထွက်မှာ ကျွန်မနှင့်စကားတစ်ခွန်း နှ

ပြောခဲ့ရသေးတယ်။

ချစ်ချင်းကြီး၊ မယုံနိုင်လောက်အောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ဒီအဖြစ်အပျက်တွေကို တစ်ခုစီပြန်ပြီး စဉ်းစား တော့ ကျွန်မ အရမ်းအံ့ဩမိတယ်။

သော်သော်လွင်သေဆုံးရတာ တစ်ခုပြီးတစ်ခု တန်းစီပြီး ကြုံတွေ့ရတဲ့ ခက်ခဲမှုတွေကြောင့်၊

ဒီအခက်အခဲတွေကလည်း စနစ်တကျကို တန်းစီစောင့် နေကြတယ်။

မကောင်းဆိုးဝါး မိစ္ဆာကောင်တွေ ကြိုတင်စီစဉ်ထား သလိုမျိုး ...၊

မကြိုင်ကတော့ သော်သော်လွင့်ကို သိုက်က ပြန်ခေါ်လို့ ရအောင် အခက်အခဲတွေကို ဖန်တီးခဲ့တာတဲ့။

ဪ ... ပြောရဦးမယ်။

သော်သော်လွင်လည်ပင်းမှာ ဆွဲထားတဲ့ လက်ဖွဲ့ကြိုးလေး ဒီခန်းတထွက်လာတော့ အဲဒီ လက်ဖွဲ့ကြိုးလေး သော်သော်လွင် လည်ပင်းမှာ ပါမလာတော့ဘူး ...။

ချစ်ရွှေစင်(အမည်လွှဲ)၊ ဗယောဂဆရာကြီး၊ လှိုင်သာယာ

သော်သော်လွင် သိုက်ဆက်ရှိတယ်ဆိုတာ ပညာနှင့်စစ်ကြည့် လိုက်တော့ ပေါ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



သော်သော်လွင်ကို သိုက်က ပြန်မခေါ်နိုင်အောင်၊ သိုက်က
ပုဂ္ဂိုလ်ကြွ သော်သော်လွင်အနားကို မကပ်နိုင်အောင် လက်ဖွဲ့ကြိုး
စီရင်ပေးထားတယ်။

လက်ဖွဲ့ကြိုးကို ဆွဲထားသမျှ သူ့အနီးကို ဘယ်
အနှောက်အယှက် ပယောဂမှ မကပ်နိုင်ဘူး။

ခွဲစိတ်ခန်းကထွက်လာတော့ လက်ဖွဲ့ကြိုး ပြန်ပါမလာတော့
ဘူးလို့ သိရတယ်။

ခွဲခန်းထဲက တာဝန်ကျဆရာ၊ ဆရာမတစ်ယော
ယောက်က မသိလို့ ဖြတ်တောက်ပယ်ရှားလိုက်တဲ့ပုံပဲ။

လက်ဖွဲ့ကြိုးကိုဖြတ်အောင် တစ်စုံတစ်ယောက်က ဖြ
ယောင်းလိုက်တယ်လို့ ထင်တယ်။

လက်ဖွဲ့ကြိုး ဖြတ်လိုက်တော့ သော်သော်လွင်ကို သိုက်
ပြန်ခေါ်ဖို့ သူတို့ အခွင့်အရေး ရသွားကြတယ်။

ကျုပ်၊ အာမခံပြောရဲတယ်။

လက်ဖွဲ့ကြိုးသာ မပြတ်ခဲ့ရင် သော်သော်လွင်
မသေနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



# တိုး

သိုက်ဆက်သော်သော်လွင်နှင့်ပတ်သက်တဲ့ စာရေးသူရဲ့ တပ်ပြမှုကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါရစေ။

သိုက်ဆက် တကယ်ရှိသလား ...၊

ဥစ္စာစောင့်တွေ လူ့ပြည်ကို အလည်လာလို့ရသလား။

သိုက်ကပြန်ခေါ်တယ်ဆိုတာ အမှန်တကယ် ဖြစ်ရပ်လား ဆိုတာကိုတော့ ...

စာဖတ်သူကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာကြည့်စေချင်ပါတယ် ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ဆယ့်ခြောက်နှစ်ကြာမှ မှာမှာဘာဝဘာဝကလွတ်မြောက်ခဲ့သူ

ကိုမြစိုးဟာ သားမက်ကို ပူးကပ်ထားရာကနေ ပြန်ထွက်သွားပါတယ်။

"ငါတော့ မယုံဘူးကွာ။ ဒါ ဟန်ဆောင်လုပ်ကြံနေတာပဲဖြစ်မယ်"

ဝေယျာဝစ္စကူညီလုပ်ကိုင်ပေးနေတဲ့ အိမ်နီးချင်း ကိုတင့်ထူးက ပြောလိုက်တာပါ …။

သူက ရေသုတ်ပြီးသား ပန်းကန်လုံးတွေကို ရှေ့က စားပွဲခုံပေါ် မှောက်ထားလိုက်တယ်။

အဲဒီအချိန်မှာပဲ မှောက်ထားတဲ့ လက်ဖက်ရည်ပန်းကန်လုံးလေးတွေဟာ သံပတ်ပေးထားတဲ့ အရုပ်တွေကို သူ့အလိုလို ခုန်ထလှုပ်ရှားလာကြတယ် …

ကိုတင့်ထူးလည်း …

www.burmeseclassic.com

www.burmeseclassic.com



## တစ်

၂၀၁၄ ခုနှစ်၊ မတ်လ ဒုတိယပါတ်ထဲမှာ စာရေးသူ ကညွတ်ကွင်းမြို့ကို ရောက်ဖြစ်ခဲ့ပါတယ်။

စာရေးသူ ဝန်ထမ်းဘဝက ကညွတ်ကွင်းမြို့လေးမှာ နှစ်တော်တော်ကြာ နေခဲ့ဖူးပါတယ်။

အဲဒီနောက်မှ ရန်ကုန်ကို ပြောင်းရွှေ့ခဲ့တာပါ။

ခုတစ်ခေါက်ကတော့ စာရေးသူရဲ့ အလည်အပတ်ခရီးပါ။

"ဗိုလ်တဲရပ်ကွက်ထဲက မိတ်ဆွေတစ်ယောက်အိမ် ထိုင်မိတာနှင့် ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခုက စာရေးသူကို ဆီးကြိုနေပါတယ် ...

ဖြစ်ရပ်က လွန်ခဲ့တဲ့နှစ်ဆယ့်ခြောက်နှစ်လောက်တစ်ညနေက ထူးထူးဆန်းဆန်း သေဆုံးခဲ့တဲ့သူတစ်ယောက်ရဲ့ ...

ထူးထူးခြားခြား ဝင်ရောက်ပူးကပ်ပြောဆိုမှုတွေ အံ့ဩဖွယ် ပါဝင်နေပါတယ် ...။

အတွေးမရောက်နိုင်တဲ့အဖြစ်ဆန်း၊ အမြင်ဆန်းများကို အထူးထူး၊ အမျိုးမျိုး ပြသနိုင်တဲ့အတွက် နာနာဘာဝလို့ ခေါ်တယ် ဆိုရင် ...

www.burmeseclassic.com

www.burmeseclassic.com



တရေးသူတင်ပြမယ့် ထူးဆန်းတဲ့ အဖြစ်အပျက်တွေဟာ နေ နာနာဘာဝလောကရဲ့ တစ်စိတ်တစ်ပိုင်းကို စာဖတ်သူ မြင်ရမှာဖြစ်ပါတယ် ...

နှစ်

"ကိုမြစိုး ဆွဲကြိုးချသေလို့တဲ့ ..."

ဒီသတင်းက ဗိုလ်တဲတစ်ရပ်ကွက်လုံးကို ချက်ချင်း ပြန့်နှံ့သွားတယ် ....။

လူတွေ အပြေးအလွှား သွားကြည့်ကြတယ်။

ကိုမြစိုးအိမ်မှာက လူတွေ ပြည့်နေပြီ။

ခြံဝင်းထဲမှာရော၊ ခြံအပြင်ဘက်လမ်းပေါ်မှာရော ...။

အားလုံးရဲ့မျက်နှာတွေက စိတ်မကောင်းတဲ့ ခံစားမှု အရိပ်အရောင်တွေနှင့် ညှိုးငယ်နေကြတယ်။

တကယ်တော့ ကိုမြစိုးက လူအေးလူကောင်းပါ။

လယ်လုပ်ငှား၊ ယာလုပ်ငှားလုပ်တယ်။ သစ်ခွဲဝါးခွဲလိုက်တယ်။ မီးသွေးဖုတ်တယ်။ ထင်းဝါးခုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com


ပြောရရင် ပိုက်ဆံရတဲ့အလုပ်မှန်သမျှကို ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်တတ်တဲ့သူ။

နွမ်းပါးပေမယ့် မိသားစုကို တစ်ဝမ်းတစ်ခါးလှအောင် ကျွေးနိုင်တယ်၊ ဆင်နိုင်တယ်။

သူ့မိန်းမ မစန်းကြည်ကျတော့လည်း သူ့လိုပဲ။ ရိုးသား အေးဆေးတဲ့သူ။

လင်စိမ်းသလို နာခံတဲ့သူ။

ခဏနေတော့ ရပ်ကွက်လူကြီးတွေနှင့် ရဲတွေ ရောက် လာတယ်။

ကိုမြစိုးရဲ့အလောင်းကို စစ်ဆေးတယ်။

အလောင်းဆေးရုံပို့ဖို့ လုပ်တော့ ကိုမြစိုးရဲ့ သူငယ်ချင်း ကိုအောင်သိန်းက ကြိုးကို ဖြတ်ချပေးတယ်။

"ဝုန်းခနဲ အသံကြားလို့ ပြေးကြည့်လိုက်တော့ ကိုမြစိုးကို ထုပ်တန်းမှာ ကြိုးတန်းလန်းနှင့် တွေ့ရတယ်။

ကျွန်မလည်း ကြောက်ကြောက်လန့်လန့်နှင့် အော်တာ ပေါ့ ...၊

ချက်ချင်းတော့ မသေဘူးနှင့်တူတယ်။ လူပ်နေသေးတယ်။ ခဏနေမှ ငြိမ်သွားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



မစန်းကြည်က သူ့ယောက်ျားရဲ့အဖြစ်ကို ပြောပြတယ်။

ထူးခြားတာက ကိုမြစိုးမှာ ဆွဲကြိုးချလောက်တဲ့ ပြဿနာ ဘာမှ မရှိတဲ့အချက်ပဲ။

နွမ်းပါးပေမယ့် ငတ်ပြတ်ဆင်းရဲနေတဲ့ အခြေအနေမတုတ်ဘူး။

ကိုမြစိုးမှာရော မစန်းကြည်မှာရော အိမ်ထောင်ရေး ဖောက်ပြန်တာမျိုး လုံးဝမရှိဘူး။

မစန်းကြည်နှင့်လည်း စကားများတာ၊ ခိုက်ရန်ဖြစ်ပွားတာ ဘာဆိုဘာမှ မဖြစ်ဘူး။

ဒါဆို ဘာကြောင့် ဆွဲကြိုးချသေရတာလည်း။

ဘယ်သူမှ မပြောနိုင်ဘူး။

ဘာအကြောင်းပြချက်မှမရှိဘဲ၊ ဆွဲကြိုးချသေတာဖြစ်တဲ့ အတွက် "အဖိုးဝါလို့ပဲ"လို့ ပြောကြတယ်။

ဒါပေမယ့် ထူးခြားတာတစ်ခုတော့ရှိတယ်။

မစန်းကြည် သမီးထွေးလေးမွေးပြီးတော့ ...

"စန်းကြည်ရေ သမီးလေးတစ်လပြည့်ရင် ငါ့ကို ပြောပါ" လို့ ပြောဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com


မကြာခဏလည်း မစန်းကြည်ကို

"သမီးလေးတစ်လပြည့်တော့မှာလား" လို့ မေးတယ်။

သမီးလေးတစ်လပြည့်တဲ့နေ့ကျတော့ မစန်းကြည်က ကိုမြစိုးကို ...

"ကိုမြစိုးရေ ... ဒီနေ့ ရှင့်သမီးတစ်လပြည့်တဲ့နေ့ပဲ၊ တော်က မွေးနေ့လုပ်ပေးမလို့လား ..." လို့ ပြောလိုက်တယ်။

ဘာမှမပြောဘဲ ကိုမြစိုး အိမ်ထဲဝင်သွားတယ်။

ခဏပဲကြာတယ်။

"ဝုန်း" ဆိုတဲ့ အသံကြီး ကြားလိုက်တာပဲတဲ့။

အဖြစ်အပျက်က ဒါပဲ။

ဆွဲကြိုးချသေရလောက်အောင် သောကရောက်စရာ စိတ်ဆင်းရဲစရာ တစ်ခုမှမတွေ့ရဘူး။ ရှိလည်း မရှိဘူး။

ဒါဆို ဘာလို့ ဆွဲကြိုးချသေရတာလည်း။

အကြောင်းပြချက်ကတော့ မရှိဘူး။

"အဖို့ပါလို့ပဲ" လို့ ပြောရမှာပဲ။

www.burmeseclassic.com

## သုံး

မစန်းကြည် ကိုမိုးကောင်းဆိုတဲ့လူနှင့် နောက်အိမ်ထောင်ပြုလိုက်တယ်။

အဲဒီအချိန်မှာ ကိုမြမိုးဆုံးတာ နှစ်တော်တော်ကြာသွားပြီ။

မစန်းကြည် နောက်အိမ်ထောင်ပြုတာလည်း အပြစ်ဆိုလို့တော့မရဘူး။

အရွယ်ကလည်းရှိသေးတယ်။ ပြီးတော့ ...

ကိုမြမိုးနှင့်ရတဲ့ သားသမီးဘုစုခရုတွေကလည်း မနည်းဘူး။

ပထမတော့ တောဈေးလေးရောင်းလိုက်၊ ပဲပေါင်းလေးရောင်းလိုက်၊ ကောက်စိုက်၊ စပါးရိတ်၊ ပဲနုတ်လိုက်နှင့် မိသားစုတာဝန်ကို တစ်ယောက်တည်း ရုန်းကန်ကြည့်သေးတယ်။

ဘယ်လိုမှ မဖြစ်နိုင်တဲ့အဆုံးကျမှ ကိုမိုးကောင်းနှင့် လက်ထပ်လိုက်တာပါ။

အဲဒီအချိန်မှာမှ ကိုမြမိုးက တစ်ကျော့ပြန်ပေါ်လာတယ်။

နာနာဘာဝ ဘဝနဲ့ပေါ့။

မှောင်ရီစ နွားရိုင်းသွင်းချိန်ရောက်တာနှင့် နာနာဘာဝဘဝရောက်နေတဲ့ ကိုမြမိုးထုပ်တန်းပေါ်က "ဝုန်း" ခနဲ ခုန်ချလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့၊ ကိုမိုးကောင်းကို နုပန်းသပ်တယ်တဲ့။

တစ်ခါနှစ်ခါလည်းမက၊ သုံးလေးခါလည်းမကဘူးတဲ့။

"ကိုမြစိုးရယ်၊ ကျုပ်လည်း နောက်အိမ်ထောင်ပြုချင်လို့ ပြုရတာမဟုတ်ပါဘူး။

သားတွေသမီးတွေနှင့် စားဝတ်နေရေး ခက်ခဲလွန်းလို့ပါ။

ကိုမိုးကောင်းကလည်း လူကောင်းတစ်ယောက်ပါ။ ပြီးတော့ တော့်သားသမီးတွေကိုလည်း ချစ်ပါတယ် ..."

မစန်းကြည် ခဏခဏ တောင်းပန်ပြောဆိုမှ ကိုမြစိုးမလာတော့တာတဲ့။

(ဒီကိစ္စနှင့်ပတ်သက်ပြီး ကိုမြစိုးရဲ့ သားမက်ဖြစ်သူကို စာရေးသူ မေးကြည့်ခဲ့ပါတယ်။

ကိုမြစိုး ခုန်ဆင်းလာတဲ့အခါ။

ကိုမြစိုးဆိုတဲ့လူတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်နှင့်လား။

နာနာဘာဝ သရဲတစ္ဆေ ပုံသဏ္ဌာန်နှင့်လားဆိုတာကိုပါ။

သူတို့လည်း မမြင်မတွေ့ဘူးလို့ မသိတဲ့အကြောင်း၊

အမေဒေါ်စန်းကြည်ကလည်း ဝုန်းခနဲခုန်ချလာပြီး ဦးမိုးကောင်းနှင့် နုပန်းသတ်တဲ့အကြောင်း တောင်းပန်ပြောဆိုခဲ့ရကြောင်းကိုသာ ပြန်ပြောပြခဲ့ကြောင်း သိရပါတယ်။)



www.burmeseclassic.com

www.burmeseclassic.com


ဒီလိုနှင့်လတွေ နှစ်တွေကြာလာခဲ့ပါတယ်။

ကိုမြစိုးနှင့်မစန်းကြည်တို့ရဲ့ သားသမီးအချို့တောင် အိမ်ထောင်ရက်သား ကျသွားကြပါပြီ။

ကိုမိုးကောင်းနှင့်မစန်းကြည်တို့လည်း မြည်မြို့မှာ အလုပ် သွားလုပ်ကြတယ်။

သူတို့နှင့်အတူ အိမ်ထောင်ကျပြီးတဲ့ သမီးအကြီးမယ်သားစု နှင့် သားသမီးအချို့ပါသွားတယ်။

ကညွတ်ကွင်း ဗိုလ်တဲရပ်အိမ်မှာတော့

အိမ်ထောင်ကျပြီးသား သမီးအလတ်မိသားစုနှင့်၊

ကိုမြစိုးကွယ်လွန်တဲ့နေ့မှာ တစ်လပြည့်ခဲ့တဲ့ သမီးထွေး (အပျိုမ)တို့ ကျန်ခဲ့တယ်။

တကယ်တော့ ကိုမြစိုးဟာ မိသားစုအပေါ် ချစ်ခင်စွဲလန်းမှု ကြီးမားသူဖြစ်တယ်။ ဒါကြောင့်လည်း နာနာဘာဝ ဘဝနှင့် ဘယ်ကိုမှ ထွက်မသွားနိုင်ခဲ့ဘူး။

သူ့ခြံ၊ သူ့အိမ်မှာပဲ ရှိနေခဲ့တယ်။

သားသမီးတွေကို လိုအပ်သလို စောင့်ရှောက်နေခဲ့တယ်။

အခါအခွင့်သင့်လို့ မ,စချင်တဲ့အခါ သမီးဖြစ်သူကို အိုးဝင်ပူး လာပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


အိပ်မက်ထဲမှာ ကိုမြစိုးပြောတဲ့နေရာကို သမီးက တူးဖော်ရှာဖွေကြည့်တယ်။

ကိုမြစိုးပြောတဲ့အတိုင်းပါပဲ။

ပထမတစ်ကြိမ်မှာ ငွေဒင်္ဂါးပြားလေးတွေရပြီး၊

ဒုတိယအကြိမ်မှာတော့ ရွှေလက်စွပ်တစ်ကွင်းရခဲ့တယ်။

ဒီလိုနေလာရင်းနဲ့ ၂၀၁၂ ခုနှစ်၊ နှစ်ဦးပိုင်းမှာ အငယ်ဆုံးသမီးထွေးဟာ ...

အိမ်နီးချင်းကောင်လေးတစ်ယောက်နှင့် အိမ်ထောင်ကျသွားမြန်တယ် ...။

အဲဒီနောက်မှာတော့ ကိုမြစိုးတစ်ယောက် လက်ရှိဘျင်သည်နေရတဲ့ နာနာဘာဝဘဝကို ငြီးငွေ့စိတ်ပျက်သွားတာလား။

ဒါမှမဟုတ် ...။

သူ့သားသမီးတွေအတွက် စိတ်ချသွားရတာကြောင့်လားဆိုဘူး ...။

"အဖေ့အတွက် ရည်စူးပြီး ဆောင်းမှုကုသိုလ် အလှူအတန်းလုပ်ပေးပါ။

အဖေဒီဘဝက ကျွတ်ချင်လွတ်ချင်ပြီ" လို့ သမီးနှင့်သမက်ကိုခဏခဏ အိပ်မက်ပေးတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



သမီးနှင့်သားမက်လည်း ဖခင်အတွက်ရည်ရွယ်ပြီး ဆွမ်းကျွေး အလှူလုပ်ဖို့ စီစဉ်လိုက်ကြတယ်။

ပြည်မြို့ကို ရောက်နေတဲ့မိခင်ကြီးဒေါ်စန်းကြည်နှင့် အမ အကြီးဆုံးကိုလည်း ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောတယ်။

ဆွမ်းကျွေးကို တရားနာမိအောင် အဝင်နေ့တတည်းက ရောက်အောင်လာဖို့ မှာကြားတယ်။

မိခင်ကြီးနှင့်အစ်မဖြစ်သူကလည်း မပျက်မကွက် အရောက် လာပါမယ်လို့ ကတိပေးကြတယ် ...။

တညွှတ်ကွင်းမှာနေတဲ့ သမီးနှင့်သားမက်က အလှူဆွမ်း ကပ်ဖို့ တရားနာပရိတ်သတ် ညှိခံကျွေးမွေးဖို့ လိုအပ်သမျှ ပြင်ဆင်ကြတယ်။ ဝယ်သင့်တာဝယ်ကြတယ်။ သံဃာတော်တွေလည်း ကြိုတင်ပင့်ဖိတ်ထားတယ်။

ပြည်မြို့က မိခင်ကြီးကလည်း အလှူအဝင်နေ့ရောက်အောင် သွားဖို့ အလုပ်တွေ လက်စသပ်ရ၊ အလှူမှာပါဝင်လှူဒါန်းဖို့ ဝယ်သင့် တာဝယ်ရနှင့် အလုပ်များသွားကြတယ်။

ဆွမ်းကျွေးဖို့ရက်ကလည်း တစ်စတစ်စ နီးကပ်လာတယ်။

ဒီလိုနှင့် ဆွမ်းကျွေးအလှူအဝင်နေ့ကို ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့က ဒေါ်စောကြည်နှင့်သမီးကြီးကတော့ ကညွှာ်ကွင်းကို ရောက်မလာကြသေးဘူး ...။

အဲဒီနေ့မနက်ပိုင်းမှာပဲ

ပြည်မြို့က သမီးကြီးရဲ့အိမ်မှာ ထူးထူးဆန်းဆန်း ကိစ္စရပ်တစ်ခုဖြစ်ပွားပြီး လူတွေ ရုတ်ရုတ်သည်းသည်း ဖြစ်ကုန်ကြတယ်။

ဖြစ်ရပ်က သမီးကြီးရဲ့ကလေး(ကိုမြစိုးရဲ့မြေး)ကို ကိုမြစိုး ဝင်ရောက်ပူးကပ်ပြောဆိုတဲ့ ဖြစ်ရပ်ပါပဲ။

## လေး

ရုတ်တရက်

အကောင်းအတိုင်းကနေ မြေးမလေး "ဗိုင်း"ခနဲ ပစ်လဲသွားတယ်။

သူ့အမေနှင့် သူ့အဘွားက ခရီးသွားနေကြတယ်။ အဘိုးဦးမိုးကောင်းကလည်း အလုပ်သွားတယ်။

အိမ်နီးချင်းတွေ ကလေးကို ပြုစုဖို့ ဝိုင်းအုံရောက်လာကြတယ်။

အဲဒီအချိန်မှာပဲ အားလုံး အံ့အားသင့်စရာ အဖြစ်အပျက်တွေဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မရ ပြောမရ ဖြစ်နေတဲ့ မြေးမလေးက သတိပြန်ရ လာတယ်။

သူ့တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ ရွှဲစိုလို့၊ ခရီးအဝေးကြီးကို ခြေကျင်လာခဲ့ရသူတစ်ယောက်လိုလည်း မောပန်းနေတယ်။

ပုံမှန်မဟုတ်တဲ့ မျက်လုံးတွေနှင့် လူတွေကို လိုက်ကြည့်ရင်း စကားစပြောတယ်။

"ဆွမ်းကျွေးကို လာမယ်ပြောထားပြီး ဘာလို့မလာကြ ကာလဲ ..."

အိမ်မှာလည်း မတွေ့ဘူး၊ ဘယ်တွေသွားနေကြတာလဲ" ပြောတဲ့အသံက မြေးမလေးရဲ့အသံမဟုတ်ဘူး။

အသံသြသြနှင့် ယောကျ်ားကြီးတစ်ယောက်ရဲ့အသံမျိုး အားလုံး လန့်သွားကြတယ်။

"ဒေါ်စန်းကြည်နှင့်သမီးကြီးတို့ ဆွမ်းကျွေးအလှူလုပ်မ ကညွတ်ကွင်းကို သွားနေကြပါပြီ။

ဒီနေ့ပဲ ကညွတ်ကွင်းကို ရောက်ပါလိမ့်မယ် ..."

အကြောင်းစုံသိထားတဲ့ အိမ်နီးချင်းအဒေါ်ကြီးတစ်ယောက် ပြောမှ ...

www.burmeseclassic.com

www.burmeseclassic.com



မြေးမလေးကို ပူးဝင်ပြောဆိုရာကနေ ကိုမြစိုး ပြန်ထွက်သွားတယ် ...။

ကိုမြစိုးဟာ သူ့ရဲ့အရင်ဘဝက ဇနီးမစန်းကြည်နှင့်သမီးကြီးလာမှာကို တော်တော်မျှော်လင့်ထားပုံရပါတယ်။

အဝင်နေ့နံနက်ထိ ဒေါ်စန်းကြည်တို့သားအမိ ရောက်မလာကြတဲ့အတွက် နာနာဘာဝဘဝနှင့် ပြည်ထိလိုက်သွားခဲ့တယ်။

မြေးမလေးကို ဝင်ပူးပြီး ဆွမ်းကျွေးကိုလာဖို့ သတိသွားပေးပုံရပါတယ်။

ဒေါ်စန်းကြည်တို့ကလည်း ပြည်နှင့်ကညွတ်ကွင်းကို အဆင့်ဆင့် သွားနေရတဲ့အတွက် မွန်းလွဲချိန်ကျော်တဲ့အထိ ကညွတ်ကွင်းကို မရောက်ကြသေးဘူး။

အဲဒီအချိန်မှာပဲ ကိုမြစိုးဟာ ဆွမ်းကျွေးအလှူအိမ်က သားမက်ဖြစ်သူကို တစ်ခါဝင်ပူးပြန်ပါတယ်။

“ဆွမ်းကျွေးအဝင်နေ့မှာ အရောက်လာမယ်ဆိုပြီး ဘာဖြစ်လို့ ခုထိ မရောက်ကြတာလဲ ...၊

ငါ ပြည်ကအိမ်ကို ရောက်ခဲ့ပြီးပြီ၊

အဲဒီမှာလည်း မရှိဘူး။

ဒီအိမ်မှာလည်း မတွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



စန်းကြည်တို့ဘာလို့ မလာကြတာလဲ ...”

သမီးဖြစ်သူက အခြေအနေကို သဘောပေါက်လိုက်တယ်

“အမေတို့ လာနေကြပြီ အဖေ၊

ချောက်လမ်းမောင်းက လာတာမို့ ဖြူးမှာဆင်းရမယ်။

ဖြူးကမှ ကညွတ်ကွင်း ပြန်လာရမှာပါ။

အမေတို့ကို ကြိုဖို့တောင် လူတွေသွားနေကြပါပြီ အဖေ”

သမီးက အကျိုးအကြောင်းရှင်းပြ ပြောဆိုမှ ကိုမြစိုးတ

သားမက်ကို ပူးကပ်ထားရာကနေ ပြန်ထွက်သွားပါတယ်။

“ဒီတော့ မယုံဘူးကွာ၊ ဒါ တန်ဆောင်လုပ်ကြံနေတာ

ဖြစ်မယ်”

အသံကျယ်ကျယ်နှင့် ပြောလိုက်တဲ့သူက ဆွမ်းကျွေးအ

နေ့မှာ ဝေယျာဝစ္စတွေ ကူညီလုပ်ကိုင်ပေးနေတဲ့ အိမ်နီးချ

ကိုတင့်ထူးပါ။

သူက ဆေးကြောပြီးသား လဘက်ရည်ပန်းကန်လုံးတွေ

စင်အောင် အဝတ်တစ်ခုနှင့် သုတ်နေပါတယ်။

ရေသုတ်ပြီးသား ပန်းကန်လုံးတွေကို ရှေ့က ဗန်း

ပေါ်မှာ မှောက်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ မှောက်ထားတဲ့ လက်ဘက်ရည်ပန်းကန်လုံးတွေဟာ သံပတ်ပေးထားတဲ့ အရုပ်လေးတွေကို သူ့အလိုလို ခုန်ထ လှုပ်ရှားလာကြတယ်။

မယုံကြည်တူးဆိုတဲ့ ကိုတင့်ထူးကို သူတကယ်ရှိနေတယ်ဆိုတာ ကိုမြစိုးက လက်တွေ့ပြလိုက်တယ်။

ဒီတော့မှ ကိုတင့်ထူးတစ်ယောက် …

"ယုံပါပြီဗျာ … ယုံပါပြီဗျာ …" လို့ပြောပြီး၊ သူ့အိမ်ကို ခပ်သုတ်သုတ် ပြန်ပြေးသွားခဲ့ရတယ်။

(ကိုမြစိုး ဝင်ရောက်ပူးကပ်တဲ့ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကိုမြစိုးရဲ့သားမက်ဖြစ်သူကို စာရေးသူ မေးကြည့်ခဲ့ပါတယ်။

ရုတ်တရက် ပူးကပ်ဝင်ရောက်ခြင်း ခံရတာအမှန်ပင် ဖြစ်ကြောင်း၊

ယောက္ခမဖြစ်သူ ပူးကပ်ဝင်ရောက်နေစဉ်၌ သူ့မှာ ဇိုမူလအသိစိတ် ကင်းမဲ့သွားကြောင်းနှင့် ပြောခဲ့ဆိုခဲ့သည်များကို အခြားသူများ ပြန်ပြောပြ၍သာ သိရကြောင်း ပြောပြခဲ့ပါတယ်။)

ညနေပိုင်းမှာတော့ ဒေါ်စန်းကြည်ရော၊ သမီးကြီးရော ကညွတ်ကွင်းအိမ်ကို ရောက်လာကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြစိုးလည်း အဲဒီတော့မှ စိတ်ကျေနပ်သွားပုံရပါတယ်။

ပွဲကာပ်ဝင်ရောက်တာ ခြောက်လှုံ့တာတွေ လုံးဝမလုပ်တော့ဘူး။

ဆွမ်းကျွေးအလှူလုပ်သူတွေလည်း မိသားစု စုံစုံလင်လင် ပျော်ပျော်ရွှင်ရွှင်နှင့် အဝင်နေ့ညကို ဖြတ်သန်းနိုင်ခဲ့ကြပါတယ်။

ဒါပေမယ့် ...

နောက်တစ်နေ့နံနက်မှာတော့ ဘယ်သောအခါမှ မမေ့နိုင်တော့မယ့် ...

ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ စိတ်မကောင်းစရာ၊ စိတ်ချမ်းမြေ့စရာ ...

ဆန့်ကျင်ဘက်ခံစားမှုတွေ ရောထွေးခံစားရမယ့် အဖြစ်အပျက်ကြီးကို သူတို့မိသားစုတွေ ...

ရင်နှင့်အောင် ကြုံတွေ့ကြရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



( ၆။ )

"သြကာသ၊ သြကာသ၊ သြကာသ"

"တာ ..."

"တင် ..."

"ဘယ်လိုပါလိမ့်"

တရားနာပရိတ်သတ်တွေရော၊ ကြွလာတဲ့သံဃာတော်တွေရော အားလုံး အံ့အားသင့်သွားကြတယ်။

ကိုမြစိုးရဲ့သားမက်က ကျွန်းတောကျောင်းက ဆရာတော်အပါအဝင် သံဃာ၆ပါးကို အာရုံဆွမ်းဆက် ကပ်တယ်။

ဆွမ်းဘုဉ်းပေးပြီးတော့ ဆွမ်းအနုမောဒနာတရားနှင့် ရေစက်ချအမျှအတန်းပေးဝေတာကို အစီအစဉ်အတိုင်း လုပ်ဆောင်ကြရမှာ။

ဆရာတော်ရှေ့မှာ တရားနာပရိသတ်စုံတာနှင့် ဘသောင်းမြင့်က ကိုမြစိုးကို တရားနာဖို့ ဖိတ်တယ် ...

"လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်နှစ်ခန့်က ဘဝတစ်ပါးကို ပြောင်းရွှေ့ကွယ်လွန်သွားတဲ့ ကိုမြစိုးခင်ဗျား ...၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအတွက် ရည်စူးပြီး ပြုလုပ်တဲ့ ဆွမ်းကျွေးအလှူမှာ တရားနာဖို့ ကြွရောက်ပါခင်ဗျား ...”

ဘသောင်းမြင့်က ကိုမြစိုးကို သုံးကြိမ်သုံးခါ ဇိတ်ကြားလိုက်တယ်။

ဇိတ်ကြားပြီးတာနဲ့ ဩကာသကန်တော့ကြီးနှင့် ရတနာသုံးပါးကို ကန်တော့ကြတယ် ...။

အဲဒီအချိန်မှာပဲ အားလုံးကို အံ့အားသင့်သွားစေတဲ့ ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့တယ် ...။

“ဩကာသ”ဆိုဖို့ ဖြင်လိုက်တာနှင့် ပရိသတ်အလယ်မှာ ပုဆစ်တုပ် ကျုံ့ကျုံ့လေးထိုင်နေတဲ့သမီးကြီးဖြစ်သူတာ ...

ရုတ်တရက် ယောကျ်ားတွေထိုင်သလို ဆောင့်ကြောင့် ပြင်ထိုင်လိုက်တ်။

ပြီးတော့မှ ပရိသတ်နှင့်အတူ ဩကာသကန်တော့ကြီးကို ဆိုတယ်။

ထူးခြားတာက သမီးကြီးရဲ့နှုတ်က ထွက်နေတဲ့အသံဟာ သူ့ရဲ့နဂိုမူလအသံမဟုတ်ဘူး။ အသံတွေ တုန်ခါနေပြီး ဝမ်းပန်းတနည်း လိုက်ဆိုနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့အသံ ဩဩကြီး ...



www.burmeseclassic.com

www.burmeseclassic.com



(အဲဒီအသံဟာ ကိုမြစိုးရဲ့ လူ့ဘဝတုန်းက အသံပဲလို့ အလုပ်အတူတွဲလုပ်ခဲ့ကြတဲ့ အိမ်နီးချင်းဖြစ်သူ ဦးတင်ဆောင်က စာရေးသူကို ပြောပြခဲ့ပါတယ်)

ဒီဆွမ်းကျွေးအလှူက ကိုမြစိုးအိပ်မက်ပေးလို့ လှူရတဲ့ အလှူ။

ပြောရရင် ကိုမြစိုးအတွက် ရည်စူးတဲ့အလှူ။

အလှူအဝင်နေ့က ပုဏ္ဏကပ်ပြောဆိုတဲ့ဖြစ်ရပ်နှင့် ကိုတင့်ထူး ရှေ့မှာ လဘက်ရည်ပန်းကန်လုံးတွေ သူ့အလိုလို လှုပ်ရှားလာတဲ့ ဖြစ်ရပ်တွေ ...

အဖြစ်စုံ၊ အကြောင်းစုံကို သိနေကြတဲ့အတွက် သူ့ရဲ့ သပိတ်ကြီးကို ပုဏ္ဏကပ်ပြီး ကိုမြစိုးတစ္ဆေနာနေပြီဆိုတာ အားလုံး သိလိုက်ကြတယ်။

ကိုမြစိုးရဲ့ အသံညြညြကြီးကလည်း ပရိသတ်အားလုံးရဲ့ အသံကို လွှမ်းနေတယ်။

"ဩကာသ"ကနေ နောက်ဆုံးအမျှပေးဝေ "သာဓု"ခေါ်တဲ့ အထိ ကိုမြစိုးရဲ့အသံကြီးကပဲ ထီးတည်းကြီး ထွက်ပေါ်နေခဲ့တယ်။

"သာဓု၊ သာဓု၊ သာဓု ..."



www.burmeseclassic.com

www.burmeseclassic.com



အမှုသုံးကြိမ်စေလို့ သာရေသုံးကြိမ်ချေပြီးတဲ့အခါမှာတော့

ကိုမြမိုးဝပ်ပူးနေတဲ့သမီးကြီးဟာ သံဃာတော်တွေ အနီးထိ

တိုးကပ်သွားတယ်။

ပြီးတော့ ဝမ်းသာအားရတဲ့အသံကြီးနှင့် ...

"အောင်သိန်း၊ သူငယ်ချင်း ...၊

ငါသွားတော့မယ်၊ ငါကျွတ်ပြီကွ ..." လို့ ပြောရှာတယ်။

ကိုမြမိုးရဲ့သူငယ်ချင်း ကိုအောင်သိန်းဟာ ကိုမြမိုး ဆွဲကြိုးချ

သေဆုံးတုန်းက ကြိုးကို ဖြတ်ချပေးခဲ့သူပါ။

လူ့ဘဝကို ငြီးငွေ့လို့ မြင့်မြတ်တဲ့ရဟန်းဘောင်ထဲ

ဝင်ရောက်ခဲ့တာ နှစ်တွေကြာခဲ့ပါပြီ။

ကျွန်းတောကျောင်းတိုက်မှာ သီတင်းသုံးနေထိုင်တဲ့အတွက်

ပင့်သံဃာငါးပါးမှာ ပါဝင်ခဲ့ပါတယ်။

ဦးဇင်းဦးအောင်သိန်းလည်း သူငယ်ချင်းရဲ့အဖြစ်ကို ကြားတွေ့

ရလို့ ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲရတယ် ...။

ကိုမြမိုးဟာ သမီးကြီးကို ဝပ်ပူးနေလျက်ကပဲ ...

ဆရာတော်ကို ဦးချတယ် ...။

"တပည့်တော် ကျွတ်ပါပြီဘုရား" လို့လည်း လျှောက်ထား

တယ်။



www.burmeseclassic.com

www.burmeseclassic.com


(ဆရာတော်ကလည်း ဒီလိုအဖြစ်မျိုး ဒီတစ်ကြိမ်ပဲ ကြုံဖူးသေးတယ်လို့ အမိန့်ရှိကြောင်း ဦးတင်ဆောင်က စာရေးသူကို ပြောပြခဲ့ပါတယ်)

ကိုမြစိုးဟာ လူ့ဘဝတုန်းက ဇနီးဖြစ်ခဲ့တဲ့ မစန်းကြည်ရဲ့ လက်တွေကိုလည်း ဆွဲယမ်းလှုပ်ခါပြီး ကျေးဇူးတင်တဲ့အကြောင်း၊ ဘဝဆိုးကြီးကနေကျွတ်ပြီလွတ်ပြီဆိုတဲ့အကြောင်း ဝမ်းသာအားရ ပြောပြနေပါတယ်။

ဆွမ်းကျွေးအလှူလုပ်တဲ့ သမီးလက်ကိုလည်း ဖက်နမ်းပြီး ပျော်ပျော်ရွှင်ရွှင် စကားတွေကိုပဲ ပြောနေခဲ့တယ် ...။

အလ္လာပသလ္လာပ စကားပြောဆိုပြီး သံဃာတော်တွေ ပြန်ကြွသွားမှ သမီးကြီးဖြစ်သူ ငိုမ်ကျသွားပါတယ်။

သူ့ရဲ့စိတ်ရော အသံရော နဂိုမူလအတိုင်း ပြန်ဖြစ်သွားပါတယ်။

အဲဒီအချိန်မှာ ပူးဝင်ပြောဆိုနေတဲ့ ဖခင်ဖြစ်သူကိုမြစိုး သူမဆီကနေ ခွာသွားပြီဖြစ်ပါတယ် ...။


www.burmeseclassic.com

www.burmeseclassic.com


## နောက်

သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေသူမှန်သမျှ စုတိစိတ်ကျပြီးတဲ့နောက် ဘဝသစ်မှာ ပဋိသန္ဓေစိတ် ဖြစ်ရပါတယ်။

စုတိစိတ်နှင့် ပဋိသန္ဓေစိတ်ဟာ အကြားအလပ်မရှိ ချက်ချင်းဆက်ပါတယ်။

လူ့ပြည်ကနေ စုတေပြီးရင်
နတ်ပြည်၊ ဗြဟ္မာပြည်တက်မယ်၊
ဒါမှမဟုတ်၊ လူ့ပြည်ပြန်ရောက်မယ်။

ဒါမှမဟုတ်ရင်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ ချမ်းသာမှုမရှိတဲ့ အပါယ်(၄)ပါး၊ ဒုဂတိဘုံကို ရောက်ရမှာ မလွဲဧကန်ပါ။

ဘုရား၊ ရဟန္တာမဖြစ်သေးသမျှ သေတာနှင့် ဘဝပြတ်စဲ မသွားဘဲ ဘဝသစ်ကို ကူးကြရမှာပါ။

အမှန်တော့ သေတယ်ဆိုတာ ...
ဘဝအဟောင်းချုပ်ပြီး ဘဝအသစ်ဖြစ်ရခြင်းပါပဲ။

ဘဝသစ်ကိုကူးပြောင်းတဲ့အခါမှာတော့ စုတေသေလွန်ကြသူရဲ့ ...


www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့အကြောင်းတရားသုံးပါးက ဖြစ်ပြင်စီရင်ပေးရတာပါ။

ဒီလိုနှင့်ဘဝတစ်ခုကနေတစ်ခု၊

နောက်တစ်ခုကနေ၊ နောက်ဘဝတစ်ခု

ခြားရတတ်ပမာ ကူးပြောင်းကျင်လည်ကြရပါတယ်။

ကိုမြစိုးလည်း သုံးဆယ့်တစ်ဘုံသား သံသရာခရီးသည် တစ်ယောက်ပါ။

လူ့ဘဝကနေ ကံအကြောင်းအားလျော်စွာ ပင်ပန်းဆင်းရဲ တဲ့ ဒုဂ္ဂတိဘုံကို ရောက်သွားရှာပါတယ်။

နှစ်ပေါင်းများစွာ ဒုဂ္ဂတိဘုံသားဘဝနှင့် ကံကြွေးတွေ ဆပ်နေခဲ့ရပါတယ်။

ခုတော့၊

မိသားစုဝင်တွေရဲ့ ကျေးဇူးကြောင့် ကုသိုလ်ကောင်းမှု ဘာဂတွေ သူရခဲ့တဲ့အတွက်

ဒုဂ္ဂတိဘုံကနေ သူလွတ်မြောက်သွားခဲ့ရပါပြီ ...။

ချမ်းသာသုခတွေနဲ့ ပြည့်စုံတဲ့ဘုံဘဝတစ်ခုဆီ ကူးပြောင်း ဘာမယ်ဆိုတာ သူ့ရဲ့ပူးဝင်ပြောဆိုတဲ့ စကားတွေအရ သိလိုက် ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ...

ကိုမြစိုးအတွက် စာရေးသူ ဝမ်းသာမိပါတယ်။

ဒါပေမယ့် ...၊

ကိုမြစိုးရဲ့ ထူးထူးဆန်းဆန်းဖြစ်စဉ်တွေကို ပြောပြနေ

ဦးထင်ဆောင်ကတော့ သူ့သူငယ်ချင်းကိုမြစိုးတစ်ယောက် နှစ်ဆ

ခြောက်နှစ်လုံးလုံး နာနာဘာဝဘာဝနှင့် ဒုက္ခဆင်းရဲခံနေရတာ

တွေးပြီး ဝမ်းနည်းကြေကွဲခံစားရတယ်လို့ ...

မျက်လုံးအိမ်မှာ ရစ်ဝဲနေတဲ့ မျက်ရည်စတွေနှင့် စာရေးသူ

တဖွဖွ ပြောနေသံပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေကိုယ်တွေ့

ရှေ့မှာ တစ္ဆေတစ်ကောင် ရှိနေလို့ပဲလို့ တွက်မိတယ်။

ဒါနှင့် လှည်းလမ်းအတိုင်း ဓာတ်မီးထိုးကြည့်လိုက်တယ်။

အလားလား ငါ့တူရေ ...

နည်းတဲ့အကောင်ကြီး မဟုတ်ဘူး ...

အကောင်ကြီးက အကြီးကြီးပေမယ့် လူလိုပဲ။

ဒါပေမယ့် ...

တစ်ကိုယ်လုံး အမွေးအမှင်တွေနှင့်

ပထမ တောထဲက ဝက်ဝံကြီးလားလို့တောင် ထင်မိလိုက်သေးတယ်။

ကြည့်နေတုန်းမှာပဲ

တစ္ဆေကောင်ကြီးက ပျောက်သွားတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေနှင့်ဆုံတွေ့ခြင်း

တစ္ဆေဆိုတာ သုံးဆယ့်တစ်ဘုံထဲက ပြိတ္တာဘုံသား တစ်မျိုးကွ။

ကြောက်အောင်၊ လန့်အောင်၊ ခြောက်လှန့်တတ်သူလို့ အနက်အဓိပ္ပါယ်ရတယ်။

အထူးထူးအမျိုးမျိုး၊ အဖြစ်ဆန်း၊ အမြင်ဆန်းတွေ လုပ်ပြ နိုင်တဲ့ နာနာဘာဝ တစ်မျိုးပေါ့ကွာ ...။

ပြိတ္တာတွေနေတဲ့ ဘုံဌာနက လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံလို ငရဲဘုံလို သီးခြားဘုံမရှိဘူး။

တိရစ္ဆာန်တွေလို လူ့ဘုံထဲမှာပဲ ရောထွေးနေကြရတယ်။

အများအားဖြင့် ပြိတ္တာတွေဟာ အလင်းရောင်ကို ကြောက် တယ်၊ လူစည်ကားပြီး ဆူညံတဲ့နေရာတွေကို ရှောင်တယ်။

သစ်ပင်ချုံနွယ်တွေ ထူထပ်တဲ့ တောတောင် ချောက်ကမ်း တွေ၊ သုသာန်တွေ၊ ကျောင်းအိုကျောင်းပျက်၊ ဇရပ်အို၊ ဇရပ်ပျက် တွေမှာ သူတို့ပြုခဲ့တဲ့ ကံအားလျော်စွာ နေကြရတယ်ကွ။

ငါ့အလုပ်ကလည်း တောထဲတောင်ထဲ၊ ချောက်ကမ်း ထဲမှာ သစ်ခုတ်ဝါးခုတ်တဲ့အလုပ်။ သစ်ခွဲဝါးခွဲတဲ့ အလုပ်လုပ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအို ကျောင်းပျက်၊ သုသာန်ဇရပ်သွားတယ်ဆိုတော့ တစ္ဆေသရဲဆိုတဲ့ ကောင်တွေနှင့်ငါက မကြာခဏဆိုသလို တွေ့နေကြုံနေရတာပေါ့ကွာ ...”

အဘတင်ဆောင်က ကွမ်းကိုပါးစောင်မှာငုံပြီး အသံကျယ်ကျယ်ကြီးနှင့် အားရပါးရပြောပြတယ်။

သူက တည့်တက်ကွင်း၊ ဗိုလ်တဲရပ် မြောက်ပိုင်းမှာနေတယ်။

နေလာတာ နှစ်ပေါင်းများစွာ ကြာပြီဆိုတော့။

တစ်ရပ်ကွက်လုံးသူနှင့် ဆွေရိပ်မျိုးရိပ်ကင်းတဲ့သူရှယ်လို့ မရှိသလောက်ပါပဲ။

ရပ်ကွက်ထဲမှာ သာရေး နာရေး ရှိလား၊ အလှူအတန်း ရှိလား။

သူအရင်ဆုံးရောက်လာတတ်တယ်။

သူနိုင်တဲ့ဘက်က ကူညီတယ်။

ရပ်ထဲရွာထဲမှာ ဘာအကြောင်းကိစ္စပဲရှိရှိ သူ့ကိုအားကိုးရတဲ့၊ သူမပါလို့ မဖြစ်တဲ့အချက်တွေအများကြီးရှိတယ်။

အဓိကက ရပ်ရွာလေ့ထုံးတမ်းစဉ်လာဆောင်ရန်၊ ရှောင်ရန်တွေကို သူ့လိုနားလည်တဲ့သူ မရှိတဲ့အချက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်၊ တစ္ဆေ၊ သရဲ၊ နာနာဘာဝ ပူးကပ်ခံရသူ ဖြူစားခံရသူတွေလည်း သူ့ဆီပဲ အားကိုးတစ်ကြီး ပြေးလာကြတယ်။

ဒီလိုနှင့်ပဲ အဘတင်ဆောင်တာ ကျွတ်၊ တစ္ဆေ၊ သရဲ နာနာဘာဝတွေနှင့် အမြဲလိုလို တွေ့ဆုံနေခဲ့ရတာ ဖြစ်ပါတယ်။

## ငှက်မျောတုံးသရဲ

တစ်ခါတုန်းက အဘနှင့် ပိုင်းစိန်(အဘတင်ဆောင်ရဲ့ဇနီး) တောင်ပေါ်က ထင်းခုတ်ပြီး ပြန်လာကြတာပေါ့ကွာ။

နေ့ချင်းပြန်ဆိုတော့ အရုဏ်မလာခင် ၂ နာရီ ၃ နာရီလောက်က လှည်းနှင့် စထွက်ရတယ်။

မနက်ကိုးနာရီလောက် တောင်ပေါ်လှည်းစခန်းကိုရောက်။

ထင်းခုတ်ပြီး ညနေ(၃)နာရီလောက်၊ နေချိုတာနှင့် ထင်းလှည်းနှင့်တောင်ပေါ်က ပြန်ဆင်းလာကြတာပေါ့။ ရေအိုးစင်ကျွန်းသောင်ခုံ၊ ကွန်းချောင်းနှင့် ဗမာမင်းလမ်းကူးရာလွန်ပြီး ဗျာကန့်လန့်သချိုင်းကုန်းကို ဖြတ်ရတော့မယ်။

ဝါးစိတ်ထင် ည ကိုးနာရီ၊ ဆယ်နာရီလောက်ရှိမယ် ထင်တယ် ...။

မျှောင်လိုက်တာလည်း လွန်ရော၊

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်းကို ဖြတ်ရတော့မယ်ဆိုတော့ ...

မကြောက်ပေမယ့် သတိတော့ရှိရတာပေါ့။

ဝိုင်းစိန်ကတော့ ထင်းလှည်းပေါ်မှာ နွားစာကောက်ရိုးတွေ

ခင်းပြီး အိပ်လိုက်လာတယ်။

သချိုင်းအလယ်က ကုက္ကိုပင်ကြီးအောက် မရောက်ခင်မှာ၊

နွားတွေ အတင်းရုန်းတယ်၊ ဘယ်လိုမှ ထိန်းမရဘူး။

ငါလည်း သိလိုက်တယ်။ ဒီ မရိုးသားဘူးဆိုတာ။

ရှေ့မှာ တစ္ဆေတစ်ကောင်ကောင် ရှိနေလို့ပဲလို့ တွက်မိ

တယ်။

ဒီနှင့် လှည်းလမ်းအတိုင်း ဓါတ်မီးထိုးကြည့်လိုက်တယ်။

အလားလား ... ငါ့တူရေ၊ နည်းတဲ့အကောင်ကြီး

တော့တ်ဘူး။

အကောင်ကြီးက အကြီးကြီးပေမယ့်၊ လူလိုပဲ။ ဒါပေမယ့်

တစ်ကိုယ်လုံး အမွေးအမျှင်တွေနှင့်၊

ပထမ၊ တောထဲက ဝက်ဝံလားလို့တောင် ယင်မိလိုက်

သေးတယ်။

ကြည့်နေတုန်းမှာပဲ တစ္ဆေကောင်ကြီးက ပျောက်သွား

တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာမှာ ငှက်ပျောတုံးကြီး၊

လှည်းလမ်းပေါ် ငှက်ပျောတုံးကြီး ကန့်လန့်တင်နေ
တာပေါ့။

အဘ သဘောပေါက်လိုက်တယ်။

ဒီ၊ သရဲခြောက်တာပဲလို့။

ဒါနဲ့ပဲ နွားတွေကို အတင်းရိုက်မောင်းတယ်။

လှည်းလမ်းပေါ်က ငှက်ပျောတုံးကို လှည်းဘီးနှင့် နင်း
ကြိတ်လိုက်တယ်။

အံ့ဩစရာပဲ ဇါတ်ရေ ...

"အမလေးဗျ ... သေပါပြီဗျ ..."တဲ့။

ငှက်ပျောတုံးဆီက အသံနက်ကြီးနှင့်အော်သံ ထွက်လာ
တယ်။ လူအော်တဲ့အတိုင်းပဲ။

ဗိုင်းစိန်တောင် အိပ်ရာကနေ လန့်နိုးသွားတယ်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"လို့ အလန့်တကြား
မေးတယ်။

သူလန့်သွားမှာစိုးလို့ "ဘာမှမဖြစ်ဘူး။ ပြန်အိပ်၊ ပြန်အိပ်"
လို့ ပြောလိုက်ရတယ်၊

နွားနှစ်ကောင်ဆိုတာလည်း ဘာပြောကောင်းမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုန်းစိုင်းပြေးလိုက်ကြတာ၊ အပြီးကိုတန်းနေတာပဲ။

နွားကြီးတောင် ဆွဲမနိုင်တော့လို့ ဒီအတိုင်း လွှတ်ချထားရတယ်။

လူမကျအောင်ပဲ လှည်းကို တင်းတင်းကိုင်ပြီး လိုက်ခဲ့ရတယ်တော့။

**နာနာဘာဝနေတဲ့သစ်ပင်**

လူ့လောကကြီးမှာ တရားစစ်၊ တရားမှန်မသိဘဲ အယူလွဲ၊ အယူမှားသူ ကိလေသာထူပြောသူတွေက ပိုပြီးများပြားတယ် ဝါတွေရဲ့ ...၊

ဒါကြောင့်လည်း သုဂတိဘုံရောက်တဲ့ အရေအတွက်က နည်းပြီး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်(၄)ပါး၊ ဒုဂတိဘုံရောက်တဲ့သူတွေ အနမတဂ္ဂများနေတာပေါ့။

ပြိတ္တာဘုံသားဖြစ်တဲ့ တစ္ဆေသရဲတွေဆိုလည်း နေရာလွတ်မရှိအောင်ကို များပြားလွန်းတယ်။

သစ်ပင်၊ ခြုံပုတ်မှန်သမျှမှာ သူတို့ရှိကြတယ်။

ပြောရဦးမယ်တွေ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ဖိုးနှင့်လူချိန်တို့ တောင်ပေါ်တက်ပြီး သစ်ပင်သွားလှဲကြတယ်။

လှချိန်ဆိုတာက ဖိုးနှင့်ညီအစ်ကိုနှစ်ဝမ်းကွဲတော်တယ်။

မနက်စောစောလေးမှာ တို့နှစ်ယောက် အိမ်ကနေ လှည်းမြီးတိုနှင့် ထွက်ကြတယ်။

လှည်းမြီးတိုဆိုတာ ဖိုးတူသိလား။

တိုလေကွာ၊ လှည်းပေါ်မှာ လှည်းအိမ်တွေ ဘာတွေမပါဘူး။

လူထိုင်သာရုံ နေရာလေးပဲရှိတယ်။

သစ်တုံးတင်ပြီးရင်တော့ လူက သစ်တုံးပေါ် ခွထိုင်ပြီး လှည်းမောင်းရတာပေါ့။

တောင်ပေါ်လှည်းစခန်းရောက်တော့ နေ့ဆယ့်တစ်နာရီလောက်ရှိပြီ။

ထမင်းစားသောက်ပြီး သစ်ဝင်သွားရှာကြတယ်။

လိုချင်တာက အခင်းပျဉ်ခွဲဖို့ဆိုတော့ လှည်းတစ်နိုင်လေးမပေတ်လည်၊ အလုံးဖြောင့်ဖြောင့်၊ အရှည်ဆယ်တောင်လောက်လိုချင်တာ။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမပေါ်မှာလည်း အရင်လိုမတုတ်တော့ဘူး၊ သစ်တွေကလည်း ရှားသွားပြီ ငါ့တူရ၊

ကျွန်း၊ ပျဉ်းကတိုးဆိုတာ ပေါင်လုံးလောက်မြင်ရဖို့တောင် ခက်သွားပြီ။

တောသစ်တို့ ငါးကောင်းကောင်းတို့ လိုချင်ရင်လည်း သူများမရောက်နိုင်တဲ့ နေရာထိ ခက်ခက်ခဲခဲသွားမှ ရတော့တယ်။

ငါတို့လည်း လိုချင်တဲ့သစ်ရအောင် တော်တော်ရှာယူရတယ်။

နောက်တော့ လယ်စပင်တစ်ပင်တွေ့တယ်။

လိုချင်တဲ့အရွယ်အစားပဲ။ သစ်လုံးကလည်းဖြောင့်နေတာပဲ။

ညီအစ်ကိုနှစ်ယောက် ချက်ချင်းပဲ သစ်ပင်ခုတ်ဖို့ စီစဉ်ရတာပေါ့။

ချက်ချင်းခုတ်မှ ညတွင်းချင်း သစ်ပင်လဲမယ်။

လိုချင်တဲ့သစ်လုံးအရှည်ဖြတ်ပြီး လှည်းစခန်းရောက်အောင် နွားနှင့်ဆွဲသွားရမယ်။

လှည်းပေါ်တင်ပြီးမှ တစ်ရေးတစ်မောမှေးခွင့်ရမယ်။

အုန်းမောင်းခေါက်ချိန်မှာ အိမ်ပြန်နိုင်မယ်လေ။

ညီအစ်ကိုနှစ်ယောက်တစ်ယောက်တစ်လှည့်စီ လယ်စပင်ကို ခုတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ အပုပ်နံ့လိုလို အနံ့တစ်ခုရလိုက်သေးတယ်။

ဒါပေမယ့်၊ ဂရုမစိုက်နိုင်ဘူးလေ။

အချိန်ကလည်း မရှိတော့ "ကဲ၊ ဒီအပင်မှာနေတဲ့ ပုဂ္ဂိုလ်တွေ သင့်တော်ရာကိုသာ ပြောင်းနေကြ၊ ကျုပ်တို့ကတော့ ခုတ်မှကိုဖြစ်မှာမို့ ခုတ်ရတော့မယ်" လို့ပဲ ပြောလိုက်တယ်။

ပြောပြီးတာနဲ့ခုတ်ကြတာပဲ။

သန်းခေါင်လောက်ကျတော့ သစ်ပင်ကြီး ဖျစ်ဖျစ်၊ ဖျစ်ဖျစ်နှင့်မြည်လာတယ်။

အဲဒီအချိန်မှာ ညှီပုပ်နံ့ကြီးဆိုတာ ထောင်းထောင်းထနေတာပဲ။

လူသေကောင်ပုပ်နံ့လိုတော့ မဟုတ်ဘူး။ ညှီပုပ်နံ့ကြီး၊ မမြင်အပ်တဲ့သတ္တဝါရဲ့ ခန္ဓာကိုယ်ကထွက်လာတဲ့ ညှီနံ့ပုပ်နံ့လို့ပဲထင်တယ်။

ဒါပေမယ့်၊ မတတ်နိုင်တော့ဘူးလေ၊

သစ်ပင်တောင်လဲတော့မယ်၊ ဆက်ခုတ်ကြတာပေါ့။

ခဏနေတော့ လယ်စပင်ကြီး လဲသွားတယ်။

အော်လိုက်တာမှတော့၊ အသံနက်ကြီးနှင့်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သူ့နေတဲ့အိမ်ပြိုပြီးပိတဲ့အခါ အော်လိုက်တဲ့ အသံမျိုး။

ကြောက်လန့်တကြား အော်သံကြီး ထွက်လာတယ်။

ပြီးတော့ လဲကျသွားတဲ့ သစ်ပင်ကြီးဆီကနေ မီးလုံးကြီး နှစ်လုံးအပေါ်ကို ပျံတက်သွားတယ်။

ငါတို့ ညီအစ်ကိုနှစ်ယောက်စလုံး ဘာလုပ်လို့ လုပ်ရမှန်း မသိအောင်ကို တအံ့တသြ ဖြစ်သွားတယ်။

မင်တက်မိသလိုလဲ ကြောင်သွားတယ်။

တော်တော်ကြာမှ သတိပြန်ဝင်လာပြီး လှည်းစခန်း ပြန်လာ ခဲ့ရတယ်။

သစ်တုံးကိုတော့ နောက်နေ့မနက်လင်းမှ သွားဖြတ်ပြီး သယ်ကြရတယ်။

ခုချိန်ထိအောင် အဲဒီအော်သံကြီးကို ကြားယောင်တိုင်း ကြက်သီးမွေးညှင်းတွေ ထမိသေးတယ်။ ငါ့တူရေ ...



www.burmeseclassic.com

www.burmeseclassic.com


တောင်ပေါ်လမ်းတကျော်တုန်းမြေ

"နာနာဘာဝ တစ္ဆေသရဲတွေ အလင်းရောင်ကိုကြောက်ပြီး လူစည်ကားတဲ့နေရာကို ရှောင်ကြတယ်"ဆိုတဲ့ အဝတ်မှာ ရေးသား ခဲ့သလိုပါပဲ။

မြို့ပြရဲ့ ထိန်ထိန်ညီးနေတဲ့ မီးအလင်းရောင်တွေအောက် မှာ ...

နေ့နေ့ညည များပြန်းခတ်၊ ပွက်လောရိုက်နေတဲ့ ဆူညံ သံတွေကြားမှာ တော်ရုံတန်ရုံ နာနာဘာဝ တစ္ဆေသရဲတွေ မနေ နိုင်ကြပါဘူး။

တန်ခိုးအသင့်အတင့်ရှိတဲ့ နာနာဘာဝတွေသာ နေနိုင်ကြ တာပါ။

ဒါကြောင့်လည်း မြို့ကြီးပြကြီးမှာနေထိုင်သူ အများစုဟာ တစ္ဆေသရဲ၊ နာနာဘာဝတွေနှင့် မဆုံ၊ မတွေ့ကြရဘူး။

တစ္ဆေသရဲ ခြောက်လှန့်တာ မခံကြရဘူး။

ဒီတော့ တစ္ဆေသရဲ ခြောက်တယ်ဆိုတာကို ရယ်စရာ လုပ်နေကြတယ်။

ဒီလိုမယုံကြည်တဲ့သူတွေကို


www.burmeseclassic.com

www.burmeseclassic.com


ဖြူးမြို့နယ်၊ အနောက်ဘက်၊ ပဲခူးရိုးမထဲမှာရှိတဲ့ သစ်ချောင်း သစ်ထုတ်စခန်းအနီးက ကျွတ်ကုန်းကို ခေါ်သွားချင်တယ်လို့ အဘ တင်ခေါင်က ကြုံးဝါးပြောဆိုပါတယ်။

ကျွန်တော်ကတော့ ရေနွေးကြမ်းသောက်၊ အမြည်းစားရင်း အသာနားစွင့်နေလိုက်တယ်။

မကြာခင်မှာ ကျွတ်ကုန်းနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတစ်ပုဒ် ကြားရတော့မယ်ဆိုတာ ကျွန်တော်သိတာပေါ့ …။

ထင်တဲ့အတိုင်းပါပဲ။

ခဏအကြာမှာ အဘတင်ခေါင်ဟာ သူ့စတိုင်အတိုင်း ကွမ်းယာကို ပါးစောင်ထဲထည့်ငုံလိုက်တယ်။ ပြီးမှ ကျွတ်ကုန်းမှာ ကြုံခဲ့ရတဲ့သူ့အဖြစ်ကို စပြီး နိဒါန်းပျိုးတော့တာပါပဲ။

“ဒီလိုကွ ငါ့သား ကိုနိုင်က သစ်ကားတစ်စီးမှာ စပယ်ယာ လိုက်တယ်။

သူတို့ကားက တောင်ပေါ်သစ်ထုတ်စခန်းက သစ်တွေကို သယ်ပြီး ညောင်ပင်သာက သစ်ကွင်းထဲချပေးရတာ။

တစ်နေ့တော့ တောင်ပေါ်မှာ သူတို့ကားပျက်တဲ့သတင်း ကြားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကပြို့ပေါ်ပြန်လာတာကိုး ...။

ကိုနိုင်ကိုတော့ ကားစောင့်ရင်းတောင်ပေါ်မှာပဲ ထားခဲ့တယ်တဲ့။

ကားပျက်တဲ့နေရာမေးကြည့်လိုက်တော့ ကျတ်ကုန်းမှာတဲ့။ ငါတော်တော်လန့်သွားတယ်။

ရိုးမပေါ်ကို ငယ်ငယ်လေးထဲက သစ်ဆွဲဝါး ဆွဲတက်နေတာ။

ဘယ်နေရာဘာဆိုတာ ငါသိတာပေါ့ကွာ။

ဒီကျတ်ကုန်းမှာ နာနာဘာဝတွေ တကယ်ရှိတာ။

စိတ်မခိုင်ရင် ကြောက်တတ်ရင် ညအိပ်ညနေ နေဖို့တော့ စိတ်မကူးနှင့်။

သွေးပျက်ပြီး ရူးချင်ရူး၊ သေချင်သေ တစ်ခုခုပဲ။

ကျတ်ကုန်းမှာဆိုတော့ ငါလည်း ကိုနိုင့်အတွက် စိတ်ပူသွားတာပေါ့။

ခက်တာက ဒီနေ့လိုက်ဖို့ အချိန်နှောင်းသွားပြီ၊ ဘယ်လိုမှ လိုက်လို့မရတော့ဘူး။

စိတ်ပူနေလျက်ကပဲ တစ်ညသည်ခံအိပ်လိုက်ရတာပေါ့ကွာ။

နောက်နေ့ မနက်ကျ အစောကြီး ထသွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ ဦးဘား ကိုနိုင်ကို တွေ့ရမှ စိတ်အေးသွားတယ်။

ညက ဘာတွေ တွေ့သေးလဲလို့မေးတော့ ...

"မပြောပါနဲ့တော့ အဖေရာ၊ တစ်ညလုံးကို မအိပ်ရဘူး"

ဆိုပြီး အကျိုးအကြောင်းပြောပြတယ်။

ည(၈)နာရီခွဲ (၉)နာရီလောက်မှာ ကားအနီးကို မိန်းမ

တစ်ယောက် ရောက်လာတယ်တဲ့။

တစ်ကိုယ်လုံးအစိမ်းရောင်ဝတ်ထားပြီး ဆံပင်ကို နောက်

ကျောက်မှာ ဖားလျားချထားတယ်။

ဆံပင်တွေ ဖုံးထားလို့ မျက်နှာကို ကောင်းကောင်း

မမြင်ရဘူးတဲ့။

အဲဒီမိန်းမရဲ့ဘေးမှာ အရပ်နှစ်ပေလောက်ပဲရှိတဲ့ လူပုလေး

တစ်ယောက်လည်း ပါလာတယ်။

အဲဒီမိန်းမက ကားကိုကိုင်ပြီး လှုပ်နေတာများ တင်ထားတဲ့

သစ်လုံးတွေတောင် တဒုန်းဒုန်း ကဝုန်းဝုန်း လိမ့်နေတာပဲတဲ့။

နောက်ပြီး ဝါးလုံးရှည်တစ်ချောင်းနှင့်လည်း သစ်လုံးတွေကို

ဘုန်းဘုန်း ရိုက်တယ်တဲ့။

ပါလာတဲ့ လူပုပုနှစ်ကောင်ကလည်း ဘေးကနေ လက်ခုပ်

တက်ဝါးတီးပေးပြီး ပျော်နေကြတယ်တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး အိပ်မရအောင် နှောင့်ယှက်ပြီး မနက်လင်းကာနီးမှ တော်ထဲပြန်ဝင်သွားကြတာတဲ့ ...။

တော်သေးတာပေါ့ ကိုနိုင်ကလည်း ကြောက်စိတ်လန့်စိတ်မရှိလို့ပေါ့ ...။

ဖြစ်ချင်တော့ ကိုနိုင်ဆီမှာ ရိက္ခာပြတ်နေတယ်။

ဖိုးကလည်း သားအတွက် စိတ်ပူနေတာနှင့် မုန့်ထုပ်လေးသဲ ဝယ်လာခဲ့တာ။ ရိက္ခာပါမလာဘူး။

ကားမျက်တာက ကြာဦးမှာမို့ ရိက္ခာသွားဝယ်ဖို့ ကိုနိုင့်ကို လွှတ်လိုက်တယ်။

ရိက္ခာဝယ်ရမယ့် ရွာယ်တော်ရွာကလည်း တော်တော်ဝေးတယ်။

နောက်နေ့မှ ပြန်ရောက်မယ်။

ဒီတော့ ကားကို စောင့်အိပ်ဖို့ ဖိုးတာဝန်ဖြစ်သွားတာပေါ့။

အဲဒီညက ကားဘေးမှာ မီးပုံဖိုပြီး ဖိုးကတော့ ကားခေါင်းခန်းထဲမှာအိပ်တယ်။

ညတော်တော်နက်တော့ပေါ့၊ ကားကို အတင်းလာလှုပ်ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အသာကြည့်လိုက်တော့ မည်းမည်းအကောင်ကြီးကွ၊
ပထမတော့ ဆင်ကြီးတောင် ထင်လိုက်တယ်။
သေသေချာချာကြည့်မှ ဆင်မဟုတ်မှန်းသိတယ်။
လူလိုလို၊ ဝက်ဝံလိုလိုနှင့် မည်းမည်းတစ္ဆေကောင်ကြီး။
ကားခေါင်းကိုလည်း တဒုန်းဒုန်းနှင့်ထုတယ်။
ငါကတော့ ကားထဲမှာပဲ ငြိမ်နေရတာပေါ့ကွာ။
တစ္ဆေ့ သရဲတွေရဲ့ သဘာဝက ဒီလိုပဲကွ။
ရောက်လာတဲ့လူကို သူတို့ရှိတဲ့အကြောင်းပြကြတာ။
တစ်ခါတစ်ရံကြတော့လည်း ချစ်လို့၊ ကျီစယ်ချင်လို့၊
နှုတ်ဆက်ချင်လို့၊ သားမယားဆွေမျိုးတွေကို စွဲလန်းလို့ပေါ့။
တစ်ချို့တစ္ဆေသရဲတွေက စားချင်သောက်[illegible]လို့။
သူတို့ကိုရည်စူးပြီး ကောင်းမှုကုသိုလ်[illegible] အမျှဝေတာ
ခံချင်လို့၊
တစ်ချို့ကျတော့လည်း ဥစ္စာရွှေငွေပေးချင်လို့ပေါ့ကွာ။
အိပ်မက်ထဲမှာ လာပြောတယ်။
အနံ့တို့ အသံတို့ပေးတယ်။
သူတို့ရဲ့ ရုပ်ခန္ဓာကိုပြကြတယ်။
အဲဒါကိုပဲ လူတွေက တစ္ဆေခြောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သရဲခြောက်တယ်လို့ ပြောကြတာ။

ငါတို့ကို ခြောက်တယ်ဆိုတာလည်း ကျိုစယ်ချင်လို့၊ သူတို့ ရှိတယ်ဆိုတာ ပြောချင်လို့ လာပြီး စနေ၊ နှောက်နေကြတဲ့ သဘောပါ။

အဲဒီ မဲမဲအကောင်ကြီးလည်း သန်းခေါင်ကျော်တော့ တောထဲဝင်ပြီး ပျောက်သွားတယ်။

ငါ့စ်ညလုံး ပြန်မလာတော့ဘူး ...”

“နောက်ညတွေကျတော့လည်း တစ္ဆေသရဲတွေလာသေးလားအဘ”

“လာတော့လာတယ်ကွ၊ ဒါပေမယ့် ကိုနိုင်ပြန်ရောက်လာတဲ့အတွက် ငါတို့က နှစ်ယောက်ဖြစ်သွားပြီ။

ဒါကြောင့် ထင်ပါရဲ့၊ ရုပ်အကောင်အထည်တော့ မပြတော့ဘူး။

အသံပေးလိုက်၊ အနံ့ပေးလိုက်နှင့် တစ်နေ့တစ်မျိုး မရိုးအောင်ကို ခြောက်နေတော့တာပဲ။

ကားပြင်ပြီးလို့ အဲဒီ ကျတ်ကုန်းက ထွက်မှပဲ တစ္ဆေခြောက် မခံရတော့တာ ငါ့တူရေ ...”



www.burmeseclassic.com

www.burmeseclassic.com



အဘတင်ဆောင်က ကျွတ်ကုန်းမြေမှာ သူကြုံခဲ့ရတဲ့ တစ္ဆေကိုယ်တွေ့ကို နိဂုံးချုပ်လိုက်ပါတယ်။

ဒါပေမယ့် သူ့မှာ နာနာဘာဝနှင့်ပတ်သက်တဲ့ အတွေ့အကြုံတွေ အများကြီး ကျန်နေပါသေးတယ်။

ဘာကြောင့်လဲဆိုတော့ ...

"ငါ့တူသာ နားထောင်နိုင်မယ်ဆိုရင် နောက်ထပ် တစ်လလောက် ပြောလို့ရသေးတယ်"လို့ ပြောလိုက်တာကြောင့်ပါ။

စာရေးသူကတော့ သိပ်ကြိုက်ပေါ့။

ရန်ကုန်မပြန်မချင်း အဘတင်ဆောင်ဆီ ညတိုင်း ညတိုင်း သွားလည်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# သူ့သိမ်ပြောင်းကာတာစွဲ

တကယ်ပဲလို့ …

လေတွေ တဝေါဝေါ တိုက်နေသလို အသံကြီးမြည်ပြီး ဝါးရုံကြီး တစ်ရုံလုံး ယိမ်းထိုးလှုပ်ရှားနေပုံများ တကယ့်ကို ချောက်ချားစရာကြီး …

ပြီးတော့ ဝါးရုံကြီးတစ်ရုံထဲ ကွက်ဖြစ်ငြိနေတာနော်။

ဒီမြင်အသင်တွေ ဘာမှမဖြစ်ဘူး။

သစ်ရွက်လေးတစ်ရွက်တောင် လှုပ်တာမဟုတ်ဘူး။

ဘယ်လောက် ကြောက်ဖို့ကောင်းလဲ။

အသည်းအသန်ဖြစ်နေတဲ့ လူမမာ ညည်းသလို အသံကျယ်ကြီးနှင့် "တအင်းအင်း" "တဟင်းဟင်း" ညည်းသံကြီးကလည်း တော်ရုံလူ သွေးပျက်သွားနိုင်တယ်။

ဒီကြားထဲ ဝါးရုံတောထဲ ဆင်ဝင်သလိုမျိုး

တံဂုန်းဂုန်း။ တဝျောဝျော အူညံနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သုသာန်တောင်းထဲမှာ

တိုက်ုန်းက ကွင်းနောက်သုသာန်တာ ကညွတ်ကွင်းမြို့ မြောက်ဘက်၊ ရန်ကုန်–မန္တလေး ကားလမ်းနှင့်ရထားလမ်းအကြား မှာရှိတယ် ...၊

နောက်တော့ တစ်နေ့တစ်ခြား များပြားလာတဲ့ လူနေ အိမ်ခြေတွေကြောင့် ယခုလက်ရှိနေရာ သုဇိတာရုံစသင်တိုက် မြောက်ဘက်ကို ရွှေ့လိုက်ရတာပါ။

မြို့ရဲ့တာဝန်ရှိသူတွေက သုသာန်ရွှေ့ပြောင်းတဲ့ကိစ္စကို ဓလေ့ထုံးစံအတိုင်း ဆောင်ရွက်ခဲ့ကြတယ်။

သုသာန်မှာ မှီခိုနေထိုင်တဲ့ မကျွတ်မလွတ်သေးတဲ့ ပုဂ္ဂိုလ် ဝိညာဉ်သမျှ သုသာန်အသစ်ကို ရွှေ့ဖို့ မင်းရဲ့အမိန့်အာဏာကို သုံးခဲ့ တယ်။

မင်းအမိန့်၊ မင်းအာဏာကြောင့် နာနာဘာဝအများအပြား သုသာန်သစ်ကို ရွှေ့ခဲ့ကြရတယ်။

(သုသာန်ရွှေ့ပြောင်းတာကို မျက်မြင်တွေ့ခဲ့သူတစ်ဦးက– နာနာဘာဝတွေကို မမြင်ရပေမယ့် ကားတွေက လူတွေ မနိုင်မနင်း အပြည့်အသိပ် တင်ထားရသလို ခံစားနေရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကားမထွက်နိုင်လို့ ပြန်သင်းခိုင်းပြီး အခေါက်ခေါက် ဝို့ဆေ
ရတယ်လို့ ပြောပြခဲ့ပါတယ်)

ဒီပေမယ့် တစ္ဆေကောင်တစ်ချို့ကတော့ မင်းရဲ့အမိန့်
အာဏာကို မကြောက်ဘူးထင်ရဲ့။

အခြားနာနာဘာဝတွေလို လိုက်မပြောင်းဘူး။

သုသာန်တောင်းက သူတို့ရဲ့ ဇီးရုံကြီးမှာပဲ နေမြဲအတိုင်
နေခဲ့သတဲ့ …။

ဒီလိုနှင့် နှစ်အနည်းငယ်ကြာလာတဲ့ နေ့တစ်နေ့မှာ ကိုညို
မောင်ဆိုတဲ့လူဟာ လူတွေ မနေရဲသေးတဲ့ သုသာန်တောင်းထဲက
မိသားစုလိုက် ရောက်လာတယ်။ သူတို့မိသားစုဟာ ဇီးရုံကြီးနှ
ခပ်လှမ်းလှမ်းမှာ တဲတစ်လုံးထိုးပြီးနေတယ် …၊

သူတို့စနေတဲ့ညမှာပဲ ဇီးရုံတောကြီးထဲက အသံသည်းအသ
ခံစားနေရတဲ့ လူမမာ ညည်းသလို "တအင်းအင်း" "တတင်းတင်း
နှင့် ကြောက်စရာညည်းညူသံကြီးကို ကြားကြရတယ်။ ပြီးတော့
ဇီးရုံတောထဲကို ဆင်ဝင်ပြီးတိုးနေသလို တင်း…
တဖျောဖျောအသံတွေလည်း ညလုံးပေါက် ဆူညံနေတယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုညိုမောင်က ကိုယ်တွေ့နာနာဘာဝ ဖြစ်ရပ်မှန်သမျှတွေ ရှာဖွေနေတဲ့စာရေးသူကို အဲဒီညက အဖြစ်အပျက်တွေအကြောင်း ပြောပြခဲ့ပါတယ်။

## တစ္ဆေခြောက်ခံရတဲ့ည

"လေတွေတအားတိုက်နေတယ်၊ ခဏနေရင် မိုးတွေလည်း ရွာလိမ့်မယ်၊ အိပ်ကြ အိပ်ကြ"

ဝါးရုံပင်တွေဆီက ညည်းသံတွေရော၊ လေတိုက်သံတွေရော၊ တဝုန်းဝုန်း၊ တဖျောဖျောနှင့် ပြောင်းဆန်နေပြီ ...၊

သူ့တလေးတွေကြောက်မှာစိုးလို့ လေတွေတိုက်နေတယ်လို့ ကိုညိုမောင် လိမ်ပြောလိုက်ရတယ်။

သူ့မိန်းမ မယ်ခကလည်း တလေးတွေကို ဖောင်ဖြူပေးပြီး အတင်းသိပ်နေတယ်။

သူ့စိတ်တွေထဲမှာ ကြောက်စိတ်ကြောင့် လေးလံတင်းကြပ်နေတယ်။

"သုဿန်ဟောင်းထဲသွားနေကြမယ်"လို့ ကိုညိုမောင် ပြောကတည်းက သူသဘောမတူခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ရပ်ကွက်ထဲမှာ နေစရာအိမ်တစ်လုံးလောက် ရှာကြည့်ဦးမယ်"လို့ ပြောခဲ့တယ်။

ရှာလည်း ရှာခဲ့တယ်။

ဒါပေမယ့် တကယ်ရှာတော့ မရခဲ့ဘူး။

ဆွေမျိုးသားချင်းတစ်ချို့ရဲ့ ခြံလွတ်ထဲမှာ "တဲလေးထိုးပြီး နေပါရစေ"ခွင့်တောင်းတာတောင် မရဘူး။

ပုစုခရုကလေး လေးယောက်ပါတာကို မပြောကြဘူး။

ဆွေမျိုးတွေက ကိုညိုမောင့်ကိုပဲ ကြောက်နေကြတာ။

ကိုညိုမောင်က တပ်ထွက်လူကြမ်း။

စိတ်ရင်းကောင်းတယ်၊ သနားကြင်နာတတ်တယ်၊ ကူညီတတ်တယ်။

ဒါပေမယ့် အပြောမတတ်ဘူး။ သူမှန်တယ်ထင်လို့ကတော့ စွတ်လုပ်၊ စွတ်ပြောပဲ။

လူဆိုတာကလည်း အကြိုက်သာလိုက်ပြော၊ လိမ်မှန်းသိတာတောင် ငြိမ်နေတတ်တာဆိုတော့–

"မှန်တာပဲပြောမယ်၊ ရှာပြင်ထွက်နေချင်နေရပါစေ"ဆိုတဲ့ ကိုညိုမောင်ကို သဘောမတွေ့ကြဘူး။

ဝွစာ၊ ဘုကန့်လန့်လူဟားလို့မြင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မယ်ခတို့သားအမိကို ထားချင်တာတောင် ကိုညိုမောင်ပါနေတဲ့အတွက် လက်မခံကြဘူး။

အဲဒီတော့ ဘာဖြစ်လည်း၊ ဘာမှမဖြစ်ဘူး။

"ညိုမောင်တဲ့ဟော့ နေစရာမရှိရင် ရွာဖြင့်ထွက်နေမယ်" ဆိုပြီး သချိုင်းဟောင်းထဲကို မိသားစုမခေါ်လာခဲ့တာ။ ကိုညိုမောင်ကလည်း ဒီလိုလူစားမျိုး။

ခုတော့ ရောက်ရောက်ခြင်း ဆောက်နှင့်ထွင်းဆိုသလို–

စရောက်တဲ့ညမှာပဲ သူတို့အပိုင် နယ်မြေထဲ ကျူးကျော် ဝင်ရောက်လာတဲ့ ကိုညိုမောင်တို့မိသားစုကို မနေရဲအောင် ခြောက်ကြ လှန့်ကြတော့တာပဲ။

"တကာယ်ပဲဗျို့၊ လေတွေက တဝေါဝေါတိုက်နေသလို အသံကြီးမြည်ပြီး ဝါးရုံကြီးတစ်ရုံလုံး ယိမ်းထိုးလှုပ်ယမ်းနေပုံများ တကယ့်ကို ချောက်ချားစရာကြီး"

ပြီးတော့ ဝါးရုံကြီးတစ်ရုံထဲ ကွက်ဖြစ်နေတာနော်၊ ဒီမြင့် အပင်တွေ ဘာမှမဖြစ်ဘူး။ သစ်ရွက်လေးတစ်ရွက်တောင် လှုပ်တာ မတုတ်ဘူး။

ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန်ဖြစ်နေတဲ့ လူမမာညည်းသလို အသံကျယ်ကြီးနှင့် "တအင်းအင်း၊ တဟင်းဟင်း"ညည်းသံကြီးကလည်း တော်ရုံလူ သွေးပျက်သွားနိုင်တယ်။

ဒီကြားထဲ ဝါးရုံတောထဲ ဆင်ဝင်သလိုမျိုး တဝုန်းဝုန်း တဖျောဖျော ဆူညံနေတယ်။

ကျုပ်လည်း မိန်းမနှင့်ကလေးတွေ လန့်မှာစိုးလို့ သူတို့ အနီးမှာပဲ နေနေရတယ်။

အပြင်ထွက်ပြီး မကြည့်ရဘူး။

ညတော်တော်ကြီးနက်မှ အသံဗလံတွေအားလုံး တိတ်ပြီး ငြိမ်သက်သွားတယ်။

အဲဒီအချိန်မှာ ကလေးတွေလည်း အိပ်ပျော်နေကြပြီ။ မယ်ခကတော့ မအိပ်သေးဘူး။

ကြောက်လန့်ပြီး ချွေးတွေပြန်နေတယ်။

ငါးတစ်ယောက်လုံးရှိတယ်။ ဘာမှ မစိုးရိမ်နဲ့လို့ သူ့ကို အားပေးရတယ်။

သရဲသစ္စေရှိတယ်ဆိုတာ ကျုပ်သိပါတယ်။

ဘုရားဟောထဲမှာလည်း သရဲတစ္ဆေတွေကြောင်း ဟောကြားထားတဲ့ ပေတဝတ္ထုတွေ ရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး၊ ရှေ့တန်းစစ်မြေပြင်မှာ တိုက်ပွဲကြီးတွေ နွှဲတိုင်း အလောင်းတွေကြားမှာ ပုပ်စော်နံနေတဲ့ကြားမှာ စားရ အိပ်ရ နေလာရတာ။

ကိုယ့်တက်က အလောင်းလည်း မကောက်နိုင်ဘူး။ ရန်သူ့ အလောင်းတွေကလည်း တုံးလုံးပက်လက်ဆိုတော့ သရဲကလည်း ခြောက်သလား မမေးနှင့်။

ဒီလိုတွေ ခဏခဏ ကြုံရလွန်းတော့ တစ္ဆေသရဲကို မကြောက်တတ်တော့ဘူး။

သရဲဆိုတာမျိုးက ကိုယ်ကနိုင်ရင်နိုင်မှ၊ မနိုင်ရင်လည်း မိတ်ဆွေဖြစ်အောင် ကျွေးမွေးထား၊ ဒါမှ အတူနေလို့ရတာ။

အဲဒီလိုမတုတ်လို့ကတော့ နေလို့မရအောင်ကို လုပ်တတ်တာ။ အဲဒါ သရဲတစ္ဆေတွေရဲ့ အကျင့်ပဲ။

ကျုပ်ကတော့ ဒီကောင်တွေကို မကျွေးမွေးဘူး။

နှိမ်ထား၊ နင်းထားဖို့ပဲ စိတ်ကူးတယ်။

နောက်တစ်နေ့မနက်ကျ လောက်လေးကောင်းကောင်း တစ်လက် လုပ်ထားလိုက်တယ်။

လောက်စာလုံးကတော့ စက်ဘီးကုန်းသီးတွေပေါ့။

ထင်တဲ့အတိုင်းပဲဗျို့၊



www.burmeseclassic.com

www.burmeseclassic.com



ညကျတော့ ဝါးရုံတောထဲက တဝေါဝေါ၊ တဖျောဖျော လုပ်မြန်ပါရော ...

"လေတွေတိုက်လာပြန်ပြီဟေ့၊ သားတို့သမီးတို့ အိပ်ကြ၊ အိပ်ကြ" လို့ပြောပြီး အိပ်ရာထဲ ဝင်နိုင်းရတယ်။

မယ်ခကို ကလေးတွေနှင့်အတူ ထားခဲ့ပြီး ကျုပ်က တဲ အပြင်ထွက်ခဲ့တယ်။

ဝါးရုံတောဘက် ကြည့်လိုက်တယ်။

တဝေါဝေါဆူညံနေတဲ့အသံကြီးနှင့် ဝါးရုံကြီးတစ်ရုံလုံး ယိမ်းထိုးနေတယ်။

ခဏနေတော့ ဝါးရုံကြီးထဲက မည်းမည်းအကောင်ကြီး တစ်ကောင် ထွက်လာတယ်။

ထူးခြားတာတစ်ခု ပြောရဦးမယ်။

တစ္ဆေသရဲတွေအကြောင်း ရေးကြပြောကြရင် ခန္ဓာကိုယ်ကြီးက အိမ်လုံးလောက်၊ မျက်လုံးကြီးက ဆန်ကောလောက်နှင့် လျှာကြီးက မြေကြီးထိအောင် တွဲလောင်းကျနေတယ်လို့ပဲ ခဏခဏ ကြားဖူးတယ်။

ကျုပ်တွေ့တဲ့ မည်းမည်းတစ္ဆေကောင်ကြီးက အမြီးကြီး နှင့်ဗျ။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီအကောင်ကြီး ဝါးရုံတောထဲက ထွက်လာတယ်။

ကျုပ်တောင် မကြောက်ပေမယ့် နည်းနည်းတော့ တုန်လှုပ်မိတယ်ဗျ။

ဒါပေမယ့် စိတ်တင်းပြီး လောက်လေးကို အားကုန်ဆွဲပြီး ပစ်ချလိုက်တယ်။

လောက်လေးလည်းမှန်ရော အဲဒီတစ္ဆေကောင်ကြီး ပျောက်သွားတယ်ဗျ။

တစ်ညလုံး ပေါ်မလာတော့ဘူး။

တစ္ဆေတွေ လောက်လေးကြောက်တယ်ဆိုတဲ့စကား မှန်တယ်လို့ ကျုပ်တွေးမိလိုက်တယ်။

ဒါပေမယ့်၊ ဒီသုသာန်ဟောင်းထဲမှာက သူတို့က အိမ်ရှင်၊ ကျုပ်တို့က ဧည့်သည်လေ။

ဒါကြောင့် ထင်ပါရဲ့၊

ကျုပ်တို့ ထွက်မပြေး၊ ပြေးအောင် တစ်နေ့တစ်မျိုး မရိုးနိုင်အောင်ကို ခြောက်တော့တာပဲဗျို့။



www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝဆိုတာ

အမြီးပါတဲ့ မည်းမည်းတစ္ဆေကောင်ကြီးပဲလား၊ ဒီ့ပြင်တခြား တစ္ဆေတစ်ကောင်လားဆိုတာတော့ မသိဘူး။

ခြောက်ပုံခြောက်နည်းကတော့ တစ်မျိုးပြောင်းသွားတယ်ဗျ။

အရင်ညတွေတုန်းကလို လေတွေတိုက်သလို၊ ဝါးရုံတောတိုးသလို တဝုန်းဝုန်း၊ တဖျောဖျော ဆူညံသံတွေ၊ ညည်းညူသံတွေ မပေးတော့ဘူး။

ပုံမှန်အတိုင်းပဲ ငြိမ်သက်နေကြတယ်။

ည(၈)နာရီလောက်ကျတော့ သုသာန်ဇရပ်တောင်းနေရာမှာ အလေ့ကျပေါက်နေတဲ့ တောင်ငှက်ပျောရုံး ◌က်မှာ လူတစ်ယောက်ထိုင်နေတာ တွေ့ရတယ်။

သာမန်လူတစ်ယောက်ပုံစံမျိုးမို့တော့ စိတ်မနှံ့သူများလားလို့ ထင်မိသေးတယ်။

အသင့်ဆောင်ထားတဲ့ ဝါးရင်းတုတ်ကို ယူလိုက်တယ်။

ဓာတ်မီးနှင့်အနီး သွားကြည့်လိုက်တော့ ယောကျ်ားတစ်ယောက်၊ ကိုယ်လုံးတီးနှင့်ထိုင်နေတယ်။ ဆံပင်တွေကလည်း ဒုတ်သိုက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"တော့ကောင်၊ မင်းဘယ်ကလဲ ..."

ကျုပ်မေးတော့လည်း ပြန်မဖြေဘူးဗျ ...

ဒီနှင့် နောက်တစ်ခါ ထပ်မေးတယ်။

သူကတော့ မလှုပ်မယှက်ဘဲ။

ဒေါသထွက်ထွက်နှင့် ဓါးရှင်းတုတ်နှင့် ရိုက်မယ့်ဟန် ပြင်လိုက်တယ်။

ချက်ချင်းပဲဗျို့၊ ဖြတ်ခနဲဆို အဲဒီ အဝတ်ဗလာနှင့်လူ ပျောက်သွားတယ်။

သူ့နေရာမှာ ငှက်ပျောတုံးတစ်တုံး ကျန်နေခဲ့တယ်။

အဲဒီတော့မှပဲ ဒါသရဲခြောက်တာပါလားလို့ ကျုပ်သိလိုက်တယ်။

ဒီလောက်ခြောက်တဲ့သရဲ ကျောင်းမှန်းကန်မှန်းသိအောင် ပြရသေးတာပေါ့လို့တွေးပြီး ငှက်ပျောတုံးကို ဓါးရှင်းတုတ်နှင့် စိစိညက်ညက်ကြေအောင် ရိုက်ပစ်လိုက်တယ်။

အဲဒီနောက် ကျုပ်တော်တော်နှင့် အိပ်လို့မရဘူး။

အဝတ်ဗလာနှင့်သရဲကောင်ကိုပဲ မြင်ယောင်နေမိတယ်။

မနက်လင်းတော့ အဲဒီနေရာကို ကျုပ်သွားကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညက ကြွေမွစုတ်ပြတ်သွားအောင် ကျုပ်ရိုက်ပစ်ခဲ့တဲ့ ငှက်ပျောတုံးက အကောင်းပကတိ ပြန်ဖြစ်နေတာ တွေ့ရတယ်။

တစ္ဆေကနေ လူယောင်ဖန်ဆင်းတယ်။

ပြီးတော့ လူကနေ ငှက်ပျောတုံး ဖြစ်သွားတယ်။

တစ်ခါ ကြေမွနေတဲ့ ငှက်ပျောတုံးကလည်း အကောင်း ပကတိ ပြန်ဖြစ်သွားတယ်။

ဒီ နာနာဘာဝ တစ္ဆေသရဲတွေဟာ ဆိုးဝါးတဲ့ဘုံ၊ မကောင်းတဲ့ဘဝမှာ ရောက်နေပေမယ့် ...

သူတို့ပြုခဲ့တဲ့ ကံအလိုက်၊ အထူးအဆန်းတွေ လုပ်နိုင်တဲ့ တန်ခိုးရှိတယ်ဆိုတော့ ကျုပ်လက်တွေ့ပဲဗျို့ ...

*

တစ္ဆေမှာလည်း မိသားစုရှိတယ်

"ဟို သရက်ပင်မှာ သရဲမိသားစု ခုနစ်ယောက်နေတယ် ဗျ"

ကိုညိုမောင်ပြတဲ့ သရက်ပင်လေးကို စာရေးသူ ကြည့် လိုက်တယ်။

ပေါင်လုံးလောက်ပဲ ရှိသေးတဲ့ သရက်ပင်ပါ။

"သေချာရဲ့လား ကိုညိုမောင်ရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူက မယုံတစ်ဝက်၊ ယုံတစ်ဝက် လေသံနှင့် မေးလိုက်တယ်။

"သေချာပါတယ် စာရေးဆရာရယ်။ ကျုပ်ကို အိပ်မက် ပေး၊ ခွင့်တောင်းပြီးမှ လာနေကြတာပါ ..."

အိပ်မက်ထဲမှာ တွေ့တာကော့ လူတစ်ယောက်ပဲဗျ ...

ဒီသရက်ပင်လေးမှာ သူတို့မိသားစု ခုနစ်ယောက် နေပါရစေလို့ ခွင့်လာတောင်းတာ။

ပထမတော့ နေခွင့်မပေးဘူးလို့ စဉ်းစားမိသေးတယ်။

ဘာကြောင့်လည်းဆိုတော့ ကျုပ်မှာ ကလေးငယ်လေး တွေနှင့်လေ။

သူတို့ဖြူစားများ ပူးကပ်အနှောင့်အယှက်ပေးမှာ စိုးတယ်။ ဒါကြောင့်၊ မနေနှင့်လို့ ပြောမိတယ်။

ဒါပေမယ့် အိပ်မက်ထဲက ပုဂ္ဂိုလ်က

"နေခွင့်ပေးပါ၊ ကျေးဇူးဆပ်ပါမယ့်"လို့ ပြောတယ်။

ကျုပ်လည်း သနားတာနှင့် "နေချင်နေပါ၊ ကလေးတွေ ကိုတော့ ကြောက်အောင်လန့်အောင် မလုပ်ပါနှင့်"လို့ ပြောလိုက် ဘယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လလောက်ကြာတော့ အဲဒီလူပဲဗျ၊ အိပ်မက်ထဲမှာ ထပ်လာတယ်။

"ကျုပ်အိမ်ထဲကို မြွေတစ်ကောင်ဝင်လာလိမ့်မယ်၊ ရိုက်လိုက်ပါ၊ ရွှေချောင်းရမယ်"လို့ ပြောသွားတယ်။

အိပ်မက်ထဲက လူပြောတဲ့အတိုင်းပဲဗျ။

နောက်နေ့မနက်ခင်းမှာ အိမ်ထဲကို မြွေတစ်ကောင် ဝင်လာတယ်။

မြွေက မြွေဖြူလေးဗျ။ ကျုပ်တို့နိုင်ငံမှာ မြင်ခဲ့ တွေ့ခဲ့တဲ့ အဖြူရောင်မြွေလေး။

လက်မအလုံးလောက်ပဲတုတ်ပြီး တစ်ပေကျော်ကျော်လောက်ရှည်မယ်။

မြွေဖြူလေးဆိုတော့ အံ့လည်းအံ့ဩ၊ လှလည်း လှတာနဲ့ မရိုက်မိလိုက်ဘူး။

မင်တက်မိနေတုန်းမှာ မြွေက အိမ်ထဲကနေ ထွက်ပြီး ပျောက်သွားတယ်။

ကျုပ်နောင်တရလို့ မဆုံးဘူးဗျာ။

အဲဒီမြွေကိုသာ ရိုက်မိလိုက်ရင် ကျုပ်တို့ဒီလို ဆင်းရဲ ယာမဲ့ဘဝနဲ့ မနေရတော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ တစ္ဆေမိသားစုနှင့် ကိုညိုမောင် တွေ့ရသေးလား"

"ကျုပ်တော့ မတွေ့ဘူးဗျ။ ဒါပေမယ့် ကျုပ်ရဲ့ကလေး တွေနှင့်တစ္ဆေကလေးလေးတွေနှင့်ကျ ကစားဖော် ကစားဖက်တွေဗျ။

အဲဒီအကြောင်း ပြောပြဦးမယ်။

ကျုပ်က မနက်လင်းတာနှင့် အလုပ်သွားရတယ်၊ မိုးချုပ်မှ ပြန်လာရတယ်။

မယ်ခကလည်း ကုန်စိမ်းလေးတွေ လည်ရောင်းတယ်။

ဒီတော့၊ မယ်ခပြန်မလာမချင်း အိမ်မှာ ကလေးတွေချည်း ကျန်ခဲ့တယ်။

အဲဒီအချိန်မှာ တစ္ဆေကလေးလေးတွေက လာကစား ကြတယ်။

"တစ္ဆေကလေးလေးတွေ လာကစားတာကို ဘယ်လို သိရတာလဲ ..."

ဒီလိုဗျ၊ ညနေအလုပ်သိမ်းလို့ ကျုပ်တို့ပြန်လာရင်၊ နက်က ချန်ထားခဲ့တဲ့ ဟင်းတွေ မရှိတော့ဘူး၊

ဟင်းတွေကို ကလေးတွေ ယူမစားနိုင်အောင် အမြင့်မှာ င်ထားခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေ မျောက်လို့မေးကြည့်တော့-

သားတို့နှင့်အတူ လာကစားတဲ့ကလေးတွေထဲက တစ်ယောက်က ယူစားတာလို့ ပြောတယ်။

အဲဒီကလေးက ဗိုက်ဆာလို့ ထမင်းကျွေးပါလို့ တောင်းတယ်တဲ့၊

ကလေးတွေက သူတို့ထမင်းစားပြီးလို့ ကုန်သွားပြီလို့ ပြောတော့ ...

တစ္ဆေကလေးက 'ဖိုဗ္ဘာက ဘာတွေလဲ'လို့ အမြင့်မှာ သိမ်းထားတဲ့ဟင်းတွေကိုပြပြီး မေးတယ်။

ကလေးတွေက "အမေ အမေတို့သိမ်းထားတဲ့ဟင်းတွေ" လို့ပြောတော့ ...

"ဗိုက်ဆာလို့ နည်းနည်းစားဦးမယ်" လို့ ပြောပြီး ဟင်းခွက်ကို လှမ်းနှိုက်တာတဲ့။

အမြင့်မှာ တင်ထားတဲ့ဟင်းခွက်ကို လှမ်းနှိုက်တော့ လက်က အရှည်ကြီး ထွက်လာတာတဲ့။

ကျုပ်က အဲဒီကလေးတွေက ဘယ်မှာ နေတာလဲလို့ မေးကြည့်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်မှာ နေတယ်လို့ ပြောတယ်တဲ့လေ။

ကျုပ်သိလိုက်တာပေါ့၊ ဒီကလေးတွေဟာ အိပ်မက်ထဲမှာ လာပြီး နေဖို့ခွင့်တောင်းတဲ့ တစ္ဆေမိသားစုဆိုတာ။

ကျုပ်လည်း သရက်ပင်ကိုသွားပြီး၊ ဟင်းခိုးစားတဲ့ အကြောင်း ပြောတာပေါ့။

ညကျတော့ အိပ်မက်ပြန်ပေးတယ်ဗျ။

"နောင် ဒီလို မဖြစ်စေရပါဘူး"တဲ့။

ဒီလိုနှင့်ကြာလာတော့ ကျုပ်တို့လည်း သုသာန်ဟောင်း နေသားကျလာတယ်ဗျ ...။

တကယ်တော့ နာနာဘာဝဆိုတဲ့ ပြိတ္တာဘုံသားတွေရဲ့ ဘဝဟာ သနားစိုဖို့ကောင်းပါတယ်။

ထိတ်လန့်ရွံရှာစရာ ရုပ်ပျက်ဆင်းပျက် ခန္ဓာကိုယ်ကြီး တွေကြောင့်လည်း မမြင်အပ်တဲ့သတ္တဝါအဖြစ်နှင့် နေကြရတယ်။

"ကိုညိုမောင်ရေ၊ အဲဒီတစ္ဆေမိသားစု အခုရော ရှိသေး သလားဗျ ..."

စာရေးသူက သရက်ပင်ကိုကြည့်ရင်း မေးလိုက်ပါတယ်။

"မရှိတော့ဘူးဗျ" ပြောင်းသွားကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကျောင်းက ကိုရင်လေးတွေက အဲဒီ သရက်ပင်ပေါ် ဟက်ခဲ့ထောကြတယ်။

အကိုင်းတွေကို ဓားနှင့်ခုတ်ကြတယ်။

တစ်ခါမှာ သူ့ကလေးတစ်ယောက်ကို ထိမိကိမိသွားတယ်တဲ့။

အဲဒါကြောင့် သူတို့မိသားစု ပြောင်းသွားတော့မယ်လို့ အိပ်မက်လာပေးတယ်။

BURMESE CLASSIC

နောက်နေ့မနက် ဝေလီဝေလင်းကျ တောင်ပေါ်ဝါးခုတ်သွားမယ့် လှည်းတန်းကြီး ကားလမ်းဘေးမှာ ဆုံနေတယ်။

ကျုပ်သွားပြီး မေးကြည့်တော့ နွားတွေ ဘယ်လိုမှ မောင်းလို့မရလို့တဲ့။

ညက အိပ်မက်ကို ကျုပ်သတိရလိုက်တယ်။

နွားတွေသွားလို့မရအောင် တစ္ဆေမိသားစုက လုပ်ထားတာဖြစ်မယ်။

သူတို့မိသားစု ပြောင်းရွှေ့ရာမှာ ဒီလှည်းတွေနှင့် လိုက်သွားမှာမို့ လှည်းတွေကို တားထားတာ။

လှည်းသမားတွေကို ကျုပ်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"နွားတွေကို ရိုက်ပြီး မောင်းမနေနှင့်၊

သူတို့မိသားစုတက်ပြီးရင် နွားတွေသူ့အလိုလို သွားလိမ့်မယ်။

ကျုပ်ပြောတာကို လှည်းသမားတွေက နားမလည်ကြဘူး။ အူကြောင်ကြောင်နှင့် ကြည့်နေကြတယ်။

ခဏနေတော့ ဘယ်လို ရိုက်မောင်း၊ ရိုက်မောင်း မသွားတဲ့ နွားတွေက သူ့အလိုလို ထွက်သွားတာ တွေ့လိုက်ရတယ်ဗျ"

"ကိုညိုမောင်ရေ၊ ဝါးရုံတောကြီးထဲမှာ အမြီးပါတဲ့ တစ္ဆေကြီးရော ရှိသေးလား ..."

BURMESE CLASSIC

"သူကတော့ ရှိသေးတယ်ဗျ၊

ဒါပေမယ့် ကျုပ်တို့နှင့် နစ်ဦးသဘောတူ နားလည်မှုယူပြီး စဉ်ပြေငြိမ်းလိုက်ပြီ။

ကျုပ်တို့ မိသားစုကို ကြောက်အောင်၊ လန့်အောင် ဘာမှ မလုပ်တော့ပါဘူး။

ကျုပ်တို့ကလည်း ဝါးအသုံးလိုရင်တောင် တစ်ခြားက ဝယ်သုံးတယ်။ သူနေတဲ့ ဝါးရုံကို မခုတ်ဘူး။

ထမင်းတင်း ပိုရင်၊ ကျန်ရင်လည်း ဝါးရုံမှာ သွားပုံပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သုံးဆယ့်တစ်ဘုံသား အချင်းချင်းတွေဗျ။

လူ့ရယ်၊ နတ်ရယ်၊ တိရစ္ဆာန်ရယ်၊ နာနာဘာဝရယ်ဆိုပြီး ကွဲပြားနေပေမယ့် မေတ္တာတရားကတော့ ဘုံတိုင်းမှာ ရှိတဲ့အရာပဲ။

မေတ္တာထားရင် အတူယှဉ်တွဲနေလို့ ရပါတယ်။

သူနှင့်ကျုပ်လည်း မိတ်ဆွေဖြစ်သွားခဲ့တယ်ဆိုပါတော့ဗျာ။

ထိုနေ့က ကိုညိုမောင်အလုပ်နားရက်ဖြစ်လို့ တရေးသူနှင့် တစ်နေကုန် စကားပြောဖြစ်ခဲ့ပါတယ်။

ညနေစောင်းမှ သူ့အိမ်က ပြန်လာခဲ့ပါတယ်။

ဒီစာကို ရေးနေတဲ့အချိန်မှာတော့ -

ကိုညိုမောင်ရော၊ သူ့မိတ်ဆွေ နာနာဘာဝတစ္ဆေကြီးရော သုသာန်တောင်းထဲမှာ မရှိကြတော့ပါဘူး။

တာဝန်ရှိသူတွေက သုသာန်တောင်းမြေကို အကွက်ရိုက်ပြီး လူနေခြံမြေ ချထားပေးခဲ့တယ်။

ခြိုပိုင်ရှင်တစ်ဦးရဲ့ လက်ချက်နှင့်ထိုးရုံတာကြီးလည်း အမြစ်ပါ မကျန် မြေလှန်ခံလိုက်ရပါတယ်။

ကိုညိုမောင်ကတော့ လုပ်ငန်းကိုင်ငန်းလေး အဆင်မပြေတာ နှင့်၊ အိမ်ခြံဝယ်ပြီး ရပ်ကွက်ထဲပြောင်းရွှေ့သွားတယ်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူ့မိတ်ဆွေ နာနာဘာဝတာရှော်ကြီးကတော့ ဘယ်ဆီသွား လို့၊ ဘယ်ဆီမှာ ခိုနားနေတယ်ဆိုတာ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။

* * *

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ၄

# အရက်သမားစံမြင့်

"နှင် အခု ဘယ်မှာနေတာလဲ ..."

"ဟိုတုန်းက သုသာန်ဟောင်းထဲမှာနေတယ်၊ သုသာန် ပြောင်းတော့ လိုက်သွားရတယ်။

အခု မီးသင်္ဂြိုဟ်တဲ့နေရာအနီးက ညောင်ကြပ်ပင်ကြီးမှာ နေတယ်"

"လူထွန်းကို ဘာကြောင့် ဝင်ပူးရတာလဲ ..."

"ကျုပ် - အရက်သောက်ချင်လို့ဗျ ..."

"ဒီဘဝရောက်တဲ့အထိ အရက်သောက်နေတုန်းပဲလား"

"ဘယ်ဘဝရောက်ရောက် အရက်သမားဘဝက ကျွတ်မှာ မဟုတ်တော့ပါဘူးဗျာ ..."

"ဒါဆိုရင်၊ နှင်ဘယ်လိုလုပ်ပြီး ကောင်းတဲ့၊ မွန်တဲ့ဘဝကို ရောက်တော့မလဲဟဲ့၊ စံမြင့်ရဲ့ ..."

"မတတ်နိုင်ဘူးဗျာ ... ကျုပ်မှ အရက်ကို မဖြတ်နိုင်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



## တစ်

သူ့ကို တစ်ရပ်ကွက်လုံးက မေ့နေပြီ။

ရှင်းရှင်းပြောရရင် လူ့လောကမှာ တစ်ဦးတည်း ကျန်တော့တဲ့ သူ့ရဲ့ညီမလေးကတောင် သတိရတော့မှာ မဟုတ်ဘူး။

ဘာကြောင့်လည်းဆိုတော့–

မိသားစုကိုရော၊ ရပ်ကွက်ကိုပါ သူကျေးဇူးပြုခဲ့တာ ဘာတစ်ခုမှ မရှိလို့ပါ။

ဒီတော့ တမ်းတစရာ၊ သတိရစရာ၊ လွမ်းစရာလည်း ဘာတစ်ခုမှ မရှိဘူးပေါ့။

သူ့နာမည်က စံမြင့်တဲ့။

ဘဝတစ်ခုလုံးကို အရက်ခွက်ထဲမှာပဲ နှစ်မြှုပ်ထားတဲ့သူ။

သောက်ပြီးရင် မိသားစုကို ရန်ရှာဖို့၊ ပတ်ဝန်းကျင်ကို "ရစ်"ဖို့လောက်ပဲ စဉ်းစားနေတဲ့လူစား၊

သူသေတော့ အသက်သုံးဆယ်ကျော်ပဲ ရှိသေးတယ်။ လေးဆယ်တောင် မပြည့်လိုက်ဘူး။

မသေခင် လအနည်းငယ်ကတည်းက သူ့ဦးနှောက်ဟာ အခန်းအချို့ ပျက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန် အလုပ် မလုပ်တော့ဘူး။

အဝတ်အစားမပါဘဲ လျှောက်သွားနေလို့ ခြံထဲမှာပဲ ခွေး တစ်ကောင်လို လှောင်ထားရသေးတယ်။

အဲဒီနောက် မကြာဘူး၊ သူသေသွားတယ်။

သူအရှင်သေသွားတာကြောင့် သူ့အမေနှစ်ပေါင်းနှစ်ဆယ် လောက် လူ့လောကမှာ ဆက်နေသွားရတာတဲ့။

ရပ်ကွက်ထဲက ပြောကြတယ်။

သူ့ကို မြေချပြီးကတည်းက ဘယ်သူကမှ သူ့အကြောင်း မပြောကြတော့ဘူး။

မှတ်ဉာဏ်တွေထဲကနေ စံမြင့်ဆိုတဲ့အမည်ကို ဖျောက်ပစ် လိုက်ကြတယ်။ မေ့ပစ်လိုက်ကြတယ်။

ခုဆိုရင် နှစ်အစိတ်လောက် ရှိတော့မယ်။

ဒီအချိန်ကျမှ သူက ရုတ်တရက် ပြန်ပေါ်လာတယ်။

သူ့ကို လူတွေ သတိပြန်ရအောင် လုပ်လိုက်တယ်။

တစ္ဆေစံမြင့်ဘဝနှင့်၊

ဒီတော့မှပဲ ...

အရက်သမားစံမြင့် တစ္ဆေဖြစ်နေတယ်ဆိုတာ လူတွေသိကြ တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## နှစ်

နေညိုချိန်ရောက်တိုင်း လှထွန်းခြေထောက်တွေက အလိုလို နေရင်း ဖြောက်ဘက်ကိုပဲ ဦးတည်နေတယ်။

မြောက်ဘက်ကိုမှ မသွားရရင် လေက တအေ့အေ့ တက် လာတယ်။

ပူသလို၊ ချမ်းသလိုနှင့် နေမထိ ထိုင်မသာလည်း ဖြစ်လာ တယ်၊ ...။

ခုလည်း သူ့ခြေထောက်တွေဒါရာနောက်ကို လှထွန်း လိုက်လာခဲ့တယ် ...

သူ့ခြေလှမ်းတွေက သုသာန်ဟောင်းမြေကို တိုးချဲ့ထားတဲ့ ကွက်သစ်ထဲက အရက်ဆိုင်မှာ အဆုံးသတ်သွားတယ်။

လှထွန်းက ဆိုင်ထဲကို မသိမသာ ကဲကြည့်လိုက်တယ်။ တောတို့အုပ်စု ထိုင်နေတာ တွေ့ရတယ်။

တောတို့အုပ်စုဆိုတာက တော၊ သောင်းကြည်နှင့်ထွန်းကြိုင် ဒီအုပ်စုက၊ ကပ်သောက်မူးလဲ၊ ဂျိုငနဲ၊ အုပ်စု၊

လှထွန်းအပြင်မှာပဲ ထိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်လုံးနှင့်အမြည်းမှာပြီး အပြင်ဘက်စားပွဲခုံမှာ အေးအေးဆေးဆေး ထိုင်သောက်နေလိုက်တယ် ...။

တစ်လုံးမကုန်ခင်ကတည်းက လှထွန်းရေချိန်ကိုက်နေပြီ။

နောက်ဆုံးလက်ကျန်ရှင်းအပြီးမှာတော့ ခေါင်းစိုက်သွားပြီ။

အဲဒီအချိန်မှာပဲ သူ့ရှေ့ကို လူတစ်ယောက်လာရပ်တာ တွေ့လိုက်ရတယ်။

အဲဒီလူက အရပ်အမြင့်ကြီးနှင့် ဆံပင်ရှည်ရှည်တွေကလည်း ဖရိုဖရဲနှင့်။

"ဘယ်သူလဲ ..."

မှုံဝါးနေတဲ့ မျက်လုံးတွေကို အတင်းဖွင့်ပြီး လှထွန်း ကြည့်တယ်။

ဒါပေမယ့် သူ့ခေါင်းတွေထူလို့ မရတော့ဘူး။

စားပွဲပေါ်ကို မျက်နှာမှောက်ကျသွားတယ်။

အဲဒီအချိန်မှာ ရှေ့မှာ လာရပ်သူက လှထွန်းဆီကို တဖြေးဖြေး တိုးကပ်သွားတယ်။

ခဏနေတော့ လှထွန်းသတိပြန်ရလာတယ်။

လဲနေတဲ့ပုလင်းကို မြှောက်ကြည့်ပြီး အော်ပြောလိုက်တယ်။

"ဒါကို တစ်လုံးပေးအုံးဟေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာက ထွက်လာတဲ့ အသံပဲ၊ ညည့ကြီးနဲ့။
လှထွန်း အသံမတုတ်ဘူးလေ။

သုံး

အရက်ရောင်းတဲ့ ကိုဂျိုး၊ လှထွန်းကိုကြည့်ပြီး အံ့အား
ာသွားတယ်။

ကိုဂျိုးအံ့အားသင့်မယ်ဆိုလည်း သင့်လောက်တယ်။

လှထွန်းက အရက်ကို ရေသောက်သလို တဂွတ်ဂွတ်
ာက်နေတယ်။

ပုလင်းကို ကိုင်မြှောက်ပြီး ပါးစပ်ထဲကို အရက်တွေ
ာင်းထည့်နေတယ်။

အရက်ကုန်သွားတော့ ပုလင်းကို ပစ်ချလိုက်ပြီး နောက်
်လုံးထပ်တောင်းလိုက်တယ်။

ကိုဂျိုးက အရက်တစ်လုံးထပ်ပေးရင်း လှထွန်းကိုပဲ သတိ
ကြည့်နေတယ်။

လှထွန်းက ကိုဂျိုးရဲ့ဖောက်သည်ကောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဖောက်သည်ကောင်းဆိုတာက ပုံမှန်လာသောက်တယ်၊ လက်ငင်းရှင်းတယ်၊ ကြွေးမကျဘူး။

ပြီးတော့ လှထွန်းသောက်တဲ့နှုန်းက ပုံမှန်တစ်လုံးပဲ။ အဲ့ထက် ပိုမသောက်နိုင်ဘူး။

ခု၊ လှထွန်းသောက်နေတာ သုံးလုံးရှိသွားပြီ။

သောက်နေတဲ့ ပုံကလည်း နွားတော်ရေကျ၊ ပါးစပ်ထဲ လောင်းထည့်နေတာ။

ပြီးတော့ မူးပုံလည်း မရဘူး။

"အဲ့တာ လှထွန်းရဲ့စတိုင် မဟုတ်ဘူး"လို့ ကိုဂျိုးတွေး လိုက်တယ်။

"လှထွန်းမှ ဟုတ်ရဲ့လား"လို့ စဉ်းစားမိပေမယ့်၊ ရှေ့မှာ ရပ်နေတာကလည်း လှထွန်းအစစ်ဆိုတော့ ကိုဂျိုးဘယ်လို နားလည် ရမှန်းမသိဘူး။

လှထွန်းက ပုလင်းခွံကို ဖစ်ချလိုက်ပြီး "နောက်တစ်လုံး ပေးဦး"လို့ အသံကြီးနှင့် တောင်းလိုက်ပြန်တယ်။

"ညီလေး မင်းသောက်တာ သိပ်များနေပြီ၊ တော်တော့ နော် ..."

ကိုဂျိုးက လှထွန်းကို လေပျော့နှင့်ချော့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လှထွန်းဘာမှ ပြန်မပြောဘူး၊ ဒါပေမယ့် ... ကိုရိုးကို ချက်ထောင့်နီကြီးနှင့် ကြည့်လိုက်တယ်။

ကြည့်နေပုံက စိမ်းစိမ်းဝါးဝါးကြီး။

ကိုရိုး ကြက်သီးမွေးညှင်းတွေထောင် ထသွားတယ်။

လှထွန်းဆိုင်ထဲ ဝင်သွားတယ်။

တောတို့ ရိုင်နဲ့အုပ်စု ထိုင်နေတဲ့ဆီသွားပြီး စားပွဲပေါ်က ဗုလင်းကို ကောက်မော့လိုက်တယ်။

တောတို့ လူစု ရှုးရှုးရှဲရှဲ ဖြစ်သွားတယ်။

ရုတ်ချည်း တင်းမာသွားတဲ့ အခြေအနေကို ကိုရိုးက ဝင်ထိန်းလိုက်တယ်။

"ပြဿနာ မဖြစ်နှင့်တော့၊ အဲဒီ တစ်လုံးကို ငါ့အစား ပြန်ပေးမယ် ..."

ဒီတော့မှ တောတို့အုပ်စု ငြိမ်သွားတယ်။

ကိုရိုးက လှထွန်းပခုံးကိုဖက်ပြီး အပြင်ဘက်ကို ထုတ်တယ်။

ပြီးတော့ ကိုတိုးဆိုက်ကားပေါ်တင်ပြီး အိမ်ပြန်ပို့ခိုင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးက ဆိုက်ကားကို ကတ္တရာလမ်းပေါ် တွန်းတင်လိုက်တယ်။

"တ၊ ဘယ်လိုကြီးလဲ၊ လေးလိုက်တာ ..."

တုတ်တယ်၊ ဆိုက်ကားပေါ်မှာ ထိုင်နေတာ လူထွန်းတစ်ယောက်ထဲပဲ။

ဒါပေမယ့် ကိုတိုးကတော့ လူကြီးနှစ်ယောက်တင်ပြီး နင်းနေရသလို လေးလံနေတယ်။

ဆိုက်ကားက ကုလားတံတားကိုကျော်ပြီး မိုလ်ရပ်ကွက်ထဲ ဝင်လာပြီ ...၊

လူထွန်းအိမ်ရောက်ဖို့တော့ လိုသေးတယ်။

အဲဒီအချိန်မှာ အံ့သြစရာအဖြစ်ကို ဆိုက်ကားဆရာ ကိုတိုးကြုံလိုက်ရတယ် ...။

အရှိန်နှင့်သွားနေတဲ့ ဆိုက်ကားပေါ်က လူထွန်း ခုန်ချလိုက်တာပဲ။

ကားပေါ်က ခုန်ချရတာ လွယ်တယ်။

ကားက ရှေ့ကို သွားနေတာ၊ လူက နောက်ပေါက်ပြီး ခုန်ချရတာ။ ကျွမ်းကျင်ရင် ဘာမှ မဖြစ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားပေါ်က ခုန်ချဖို့က မလွယ်ဘူး။

ဆိုက်ကားက ရွှေ့ကိုသွားနေတာ။ ရွှေ့မှာ ထိုင်နေတဲ့ လူက ခုန်ချရင်၊

အဲဒီလူကို ဆိုက်ကားက ပြန်တိုက်မိမှာ အသေအချာပဲ။

ဒါပေမယ့် အခု လှထွန်းခုန်ချလိုက်တာက လဲမှို့တစ်ပွင့် လို လေထဲဝဲပြီး မတိုက်မိအောင် ခုန်ချလိုက်တာ။

ဆိုက်ကားနံဘေးမှာ အသာလေးကျသွားတယ်။

ကိုတိုးပါးစပ် အဟောင်းသားဖြစ်သွားတယ်။

အိပ်မက်မက်နေတာလား အမှန်တကယ် ဖြစ်နေတာလား၊ မယုံနိုင်အောင် ဖြစ်မိတယ်။

"ဟေ့ကောင်လှထွန်း၊ မင်းဘာလို့ ခုန်ချရတာလဲ၊ မင်း အိမ်မရောက်သေးဘူးလေ ..."

ကိုတိုးက ဆိုက်ကား ဘရိတ်အုပ်ပြီး လှထွန်းကို ပြော လိုက်တယ်။

လမ်းဘေးက လူတွေကလည်း လှထွန်းကို အံ့အားတသင့် ကြည့်လို့၊

"ငါ လှထွန်းမဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



စံမြင့်ကွ စံမြင့် ...”

လှထွန်းနုတ်က ပြောတဲ့အသံကြောင့် အားလုံး မင်တက်မိကုန်ကြတယ် ...

“စံမြင့်တဲ့ ... စံမြင့်တဲ့”

ကိုတိုးက အခြေအနေကို သဘောပေါက်လိုက်တယ်။ ဆိုက်ကားလမ်းဘေးရပ်ထားခဲ့ပြီး လှထွန်းကို ခြေးတွဲတယ်။

ပြီးတော့ အနီးမှာရှိတဲ့ နတ်ကတော် ဒေါ်တင်ရွှေအိမ်ထဲခေါ်ခဲ့တယ်။

“ငါ့ စံမြင့်ကွ၊ စံမြင့် ...”

လှထွန်းပါးစပ်က တတွတ်တွတ် ပြောနေတုန်း၊ စံမြင့်သေတာကြာပြီ၊ အသက်အစိတ် သုံးဆယ်၊ လှထွန်းလို လူငယ်တွေတောင် စံမြင့်ကို သိမှာမဟုတ်ဘူး။ ဒါဆိုရင် စံမြင့်က

ဒေါ်တင်ရွှေကမေးတယ်။

“ဟုတ်တယ်၊ ကျုပ် ဒေါ်မလေး သား၊ စံမြင့်ပဲ

“နင် အခု ဘယ်မှာ နေတာလဲ ...”

“တိုတုန်းက သုသာန်တောင်းထဲမှာ နေတယ်။ သုသာန်ပြောင်းတော့ လိုက်သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု၊ မီးသဂြိုဟ်တဲ့နေရာအနီးက ညောင်ကြပ်ပင်ကြီးမှာ နေတယ်”

“လူ့ထွန်းကို ဘာကြောင့် ဝင်ပူးရတာလဲ …”

“ကျုပ် အရက်သောက်ချင်လို့ဗျ …”

“ဒီဘဝရောက်တဲ့အထိ အရက်သောက်နေတုန်းပဲလား”

“ဘယ်ဘဝရောက်ရောက် အရက်သမားဘဝက ကျွတ်မှာ မဟုတ်တော့ပါဘူးဗျာ …”

“ဒါဆိုရင်၊ နင်ဘယ်လိုလုပ်ပြီး ကောင်းတဲ့၊ မွန်တဲ့ဘဝကို ရောက်တော့မလဲတဲ့ စံမြင့်ရဲ့ …”

“မတတ်နိုင်ဘူးဗျာ၊ ကျုပ်မှ အရက်ကို မဖြတ်နိုင်ပဲ”

“စံမြင့်၊ နင့်အမေ ဒေါ်မလေးသေသွားတာ နင်သိလား၊ နင့်အမေနှင့်ရော တွေ့သေးလား …”

“အမေ့အလောင်းကို လာသဂြိုဟ်တုန်းက သိလိုက်တယ်။ ဒါပေမယ့် အမေ့ကိုတော့ ခုထိ မတွေ့ဘူးဗျ …”

“အေးပေါ့၊ ဘယ်တွေ့ပါ့မလဲ၊ နင့်အမေက ဘုရား၊ တရားသမားဆိုတော့ နတ်ပြည်ရောက်သွားမှာပေါ့, …”

“ကျုပ် ပြန်တော့မယ်ဗျို့၊ ခြံဝက ဟိုမိန်းမကြီး ခေါ်နေပြီ”

www.burmeseclassic.com

www.burmeseclassic.com



စံမြင့်ပူးကပ်ခံထားရတဲ့ လှထွန်းက မြပေါက်ဝကို ကြ...
ပြီး ပြောလိုက်တယ်။

"ဘယ်မိန်းမကြီးလဲ၊ နင့်တို့ကို အုပ်ချုပ်တဲ့ မဖဲ...
လား ..."

မေးနေတုန်းမှာပဲ လှထွန်း ထိုင်ရာကနေ ခွေခွေ...
လဲကျသွားတယ်။

ခဏအကြာမှာ သတိပြန်ရလာတယ်။

"ကျုပ် ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ" ...
နားမလည်နိုင်သလို မေးတယ်။

ကိုတိုးက အကျိုးအကြောင်း ရှင်းပြရတယ်။

အမဲသားစားချင်လို့၊ ကြက်သား၊ ဝက်သား စားချ...
တချွေကပ်တာ၊ သရဲပူးတာပဲ ကြားဖူးတယ်။

အရက်သောက်ချင်လို့ ပူးတဲ့သရဲတော့ အရက်...
စံမြင့် သေမှပဲ ကြားဖူးတော့တယ်။

ဘာပဲဖြစ်ဖြစ်၊ ဒီအဖြစ်အပျက်က

နှစ်ပေါင်းများစွာ အမေ့ခံနေရတဲ့ စံမြင့်ကို ပြ...
ဖြစ်လာတာတော့ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## လေး

တကယ်တော့ သေရည်အရက် သောက်စားခြင်းဟာ အပြစ်များလွန်းပါတယ်။

- ဒီဘဝမှာ ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်ပြားတတ်တယ်။
- ခိုက်ရန်ဒေါသတွေ ဖြစ်ပွားတတ်တယ်။
- ရောဂါဝေဒနာ အမျိုးမျိုး တပ်ရောက်တတ်တယ်။
- ကောင်းတဲ့ဂုဏ်သတင်းမဲ့ပြီး နာမည်ဆိုးနဲ့ ကျော်ကြား တတ်တယ်။
- အရှက်၊ အကြောက်တရားမရှိသူ၊
- သူတော်ကောင်းတရားတွေကို မေ့လျော့တတ်သူ ဖြစ် တတ်ပါတယ်။

ဒီလို အပြစ်တရားတွေများလွန်းပြီး သူတော်ကောင်းတရား ကို မေ့တတ်မှတော့ အရက်သမားသေရင် ပြိတ္တာဘုံရောက်၊ တစ္ဆေ သရဲဖြစ်တာ မဆန်းလှပါဘူး။

အသက်ရှင်စဉ်က ကောင်းမှုကုသိုလ်တွေ ပြုခဲ့ရင်တောင်မှ ပြိတ္တာ၊ တစ္ဆေသရဲဘဝကလွတ်မှ ကောင်းမှုအကျိုးကို ခံစားရမယ် ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ သေကာနီး အာသန္နကံဇော ထင်တဲ့အခါ ကောင်းမှုကုသိုလ် တရားတွေကို မေ့လျော့နေတတ်တာကြောင့်ပါပဲ။

အရက်သမားစံမြင့်လည်း အရက်သမားတို့ ထုံးစံအတိုင်း ပြိတ္တာဘုံရောက်၊ တစ္ဆေသရဲ ဖြစ်သွားပုံရပါတယ်။

အံ့ဩစရာက ပြိတ္တာဘဝမှာလည်း သေရည်အရက်ကို စွဲလန်းနေခြင်းပါ။

လူတွန်းကို ပူးကပ်ပြီး အရက်သောက်တဲ့ သရဲစံမြင့် အဖြစ်က သံဝေဂ ယူစရာကောင်းလှပါတယ်။

ဒီအဖြစ်အပျက်ကြောင့် လူ့ပြည်မှာ ကျန်ခဲ့တဲ့ တစ်ဦးတည်းသော ညီမလေးက စံမြင့်အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပေးခဲ့ပါတယ် ...။

အစ်ကိုကြီးအတွက် အမျှပေးဝေခဲ့ပါတယ်။

အဲဒီကောင်းမှုကုသိုလ်တွေရဲ့ အဖိုဘာဝကို စံမြင့် ရ မရ ဆိုတာတော့ ...

စံမြင့်ကိုယ်တိုင်သာပဲ သိပါလိမ့်မယ် ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

# စွဲလန်းလို့ နာနာဘာဝဖြစ်ရသူ

လောကမှာတာအတိုင်းပါပဲ။

ပျက်စီးချိန်တန်တော့ အလွန်ဆိုးသွမ်းတဲ့ နာနာဘာဝကောင်ကြီးတစ်ကောင် ကျောင်းကိုရောက်လာတယ်။

အရပ်အခေါ်အရတော့ "လူစားတယ်"လို့ ပြောတာပေါ့။

ကိုရင်သာမဏေရော၊ ရဟန်းသံဃာရော၊ တစ်ပါးပြီးတစ်ပါး ပျံတော်မူကုန်ကြတယ်။

ကျောင်းအခန်းတံခါးတွေ ဘယ်လိုပဲ လုံခြုံအောင် ပိတ်ပိတ် နာနာဘာဝကောင်ကြီး ဝင်လာတယ်လို့ ပြောကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝဖြစ်သွားတဲ့ ဦးဇင်းနန္ဒိယ

"ဦးဇင်းကြီး ... ဦးဇင်းကြီး ..."

"ဟော ... ဘယ်သူတုန်းဟ ..."

ဆွမ်းစားကျောင်းဘုံခါးပေါက်ကခေါ်သံကြောင့် ဦးဇ
ဦးအောင်သိန်း တရားစာအုပ်ကိုချပြီး လှမ်းမေးလိုက်တယ်။

နေ့ခင်းဘက်ပေမယ့် ကျောင်းခွေးတွေဝင်တက်လို့ ဆွမ်း
ကျောင်းတံခါးကို ပိတ်ထားရတယ်။

"တပည့်တော်အသံတောင် မမှတ်မိတော့ဘူးလားဘုရာ

ဒီတော့မှ ဦးဇင်းဦးအောင်သိန်း ဖျာဖျာသလဲ ဖြစ်သွာ
တယ်။ ဦးဇင်းနန္ဒိယရဲ့အသံပဲလို့လည်း တွေးမိလိုက်တယ်။

ဦးဇင်းနန္ဒိယက လွန်ခဲ့တဲ့ လအနည်းငယ်ကတည်း
ပျံလွန်တော်မူသွားပြီ။

ရဟန်းဘဝနှင့် ရှိတုန်းကတော့ ဒီကျောင်းရဲ့ခန်း
အိုးခွက်ပန်းကန်၊ စားပင်သီးပင်နှင့်ကျောင်းပိုင်ပစ္စည်းမှန်သမျှ
ထိန်းသိမ်းစောင့်ရှောက်ရသူ၊ စီမံခန့်ခွဲရသူ ဖြစ်ပါတယ်။

"ဦးဇင်းနန္ဒိယ လား ..."

www.burmeseclassic.com

www.burmeseclassic.com


"တုတ်တယ်ဘုရား၊ တပည့်တော် အကူအညီတောင်းစရာ
လို့ပါ"

"ပြောပါ၊ ပြောပါ၊ တပည့်တော် ကူညီပါ့မယ် ..."

"တပည့်တော်ငှားထားတဲ့ ဆေးထောင်းတဲ့ သံဆုံလေး
နဲ့မပို့ရသေးလို့ပါ။

ရှမ်းနေဆန်း ဘုန်းကြီးကျောင်းကို ပို့ပေးပါဘုရား"

"ရတယ် ဦးဇင်း၊ တပည့်တော် ဆက်ဆက် ပို့ပေးပါ့မယ်"

နောက်နေ့မှာ သံဆုံကို ရှမ်းနေဆန်းဘုန်းကြီးကျောင်းကို
သွားပို့ပေးခဲ့ရပါတယ်။

ဒီဇာတ်လမ်းကို ပြောပြနေသူက ကညွှတ်ကွင်းမြို့၊ ကျွန်း
တာကျောင်းက ဦးဇင်းဦးအောင်သိန်း ဖြစ်ပါတယ်။

စာရေးသူ ကညွှတ်ကွင်းရောက်ခိုက်မှာ အကြောင်းတိုက်
ဆိုင်ပြီး ကြားသိရခြင်းပါ။

တစ်ခါတုန်းကလည်း ကျောင်းဝန်းသန့်ရှင်းရေးလုပ်ရင်း
ဘီးတစ်ချောင်း ပျောက်သွားခဲ့တယ်။

ဘယ်လိုရှာရှာ မတွေ့တာနဲ့ ဒီအတိုင်းပဲ နေလိုက်ကြ
တယ်တဲ့။

ညကျတော့ ဦးဇင်းနန္ဒိယက အိပ်မက်လာပေးတယ်။


www.burmeseclassic.com

www.burmeseclassic.com



"ဓားကျန်ခဲ့တာတွေ့လို့ ပျောက်မှာစိုးတဲ့အတွက် ဆွမ်းစားကျောင်းတံခါးရွက်ရဲ့ အတွင်းဘက်ထောင့်မှာ ထားခဲ့တယ် ..."

ဦးဇင်းကြီးလည်း အိပ်ရာကနိုးတော့ တံခါးရွက်ထောင့်ထဲကို သွားကြည့်တယ်။

ပျောက်တဲ့ဓားကို ပြန်တွေ့ခဲ့ရတယ်။

ဦးဇင်းကြီးဦးနန္ဒိယဟာ တမလွန်ဘဝ ပြောင်းရွှေ့သွားရပေမယ့် စွဲလန်းတဲ့စိတ်နှင့် ကျောင်းမှာပဲ တည်မြဲနေထိုင်ပုံရပါတယ်။

နောက်တစ်ခါကျတော့လည်း ကျွန်းတောကျောင်းနှင့် ချောင်းတစ်ဖက်ကမ်းမှာနေတဲ့သမီးဖြစ်သူကို အိပ်မက်ပေးပါတယ်။

အိပ်မက်ထဲမှာ ပြောတာက

"ငါ့ကျောင်းကပိန္နဲသီးတွေကို ရေထားတာ၊ အခု တစ်လုံးလျော့နေတယ် ..."တဲ့။

အမှန်တကယ်တော့ ဦးဇင်းဦးနန္ဒိယဟာ ကျွန်းတောကျောင်းဆရာတော်ဘုရားကြီး ဦးသူရိယရဲ့ ဆုံးမဩဝါဒကိုခံယူပြီး တရားဘာဝနာကျင့်ကြံ အားထုတ်ခဲ့ပါတယ်။

ဝိပဿနာရှုမှတ်၊ တရားထိုင်တာတွေလည်း ကြိုးစားပွားများခဲ့တဲ့ ရဟန်းတစ်ပါးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဆရာတော်ပြီးရင် ကျောင်းမှာ တာဝန်အရှိဆုံး ဖြစ်ပြီး ကျောင်းပိုင်ပစ္စည်းမှန်သမျှ မပျက်မစီး၊ မပျောက်မရှအောင် ထိန်းသိမ်းစောင့်ရှောက်ရသူဆိုတဲ့ တာဝန်ကြီးက ဦးဇင်းနန္ဒိယကို တရားသတိချွတ်ယွင်းစေခဲ့ဟန် တူပါတယ်။

ဒါကြောင့်လည်း ပြုခဲ့တဲ့ ကုသိုလ်ကံရဲ့ အကျိုးတရား တွေကို မခံစားရဘဲ နာနာဘာဝဘဝကို ဦးစွာ ခံစားနေရတယ် ထင်ပါတယ်။

ဒီအဖြစ်အပျက်တွေကြောင့် သမီးဖြစ်သူက ဖခင်ကြီးအတွက် ရည်စူးပြီး ကျောင်းမှာပဲ ကုသိုလ်ကောင်းမှုတွေပြုလုပ် အမျှအတမ်း ပေးဝေခဲ့ပါတယ်။

အဲဒီ ကောင်းမှုတွေရဲ့ ကုသိုလ်အဖို့ဘာဂကို ဦးဇင်းနန္ဒိယ ရရှိပုံရပါတယ်။

ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီးတဲ့နောက်ပိုင်းမှာ ဦးဇင်း နန္ဒိယနှင့်သက်သက်တဲ့ ထူးထူးဆန်းဆန်း အဖြစ်အပျက်တစ်စုံတစ်ရာ မှ မကြားရ၊ မကြုံရတော့ဘူးလို့ ဦးဇင်းဦးအောင်သိန်းက ပြောပြ ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းပျက်ကြီးနှင့်နာနာဘာဝများ

ကညွတ်ကွင်းမြို့ မြောက်ဘက်မှာရှိတဲ့ ကျွန်းတောကျောင်းဟာ ဆရာတော်ဦးသုရိယ ရောက်ရှိမလာမီက ကျောင်းပျက်ကြီးသာ ဖြစ်ပါတယ်။

သစ်ပင်ကြီးတွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်ထားတဲ့ သစ်သားကျောင်းပျက်အချို့နှင့် ဆင်းတုတော်ကြီးတစ်ဆူကို ရေဝ်တော် ညှိုးညှိုးမှိန်မှိန် ဖူးတွေ့နေရပါတယ်။

ဒီကြားထဲ မကြာခဏ တွေ့ရတယ်ဆိုတဲ့ နာနာဘာဝနှင့် ဥစ္စာစောင့်သတင်းတွေကြောင့်လည်း လူအများကြောက်ရွံ့ကြတယ်လို့ ယခင်စာအုပ်တွေမှာ စာရေးသူ ရေးသားခဲ့ဖူးပါတယ်။

ဦးဇင်းဦးအောင်သိန်းနှင့်စကားပြောဆိုမိမှ ဦးဇင်းဟာ ပထမ ကျွန်းတောကျောင်း စာသင်တိုက်ကို သိမီသူဖြစ်ကြောင်း သိရ ပါတယ်။

ဒီကျွန်းတောကျောင်းတိုက်ဟာ ဦးဇင်းငယ်ငယ်တုန်းက ဆယ့်နှစ်ခန်းတွဲ တိုက်ကျောင်းကြီးနှင့် အလွန်စည်ကားသိုက်မြိုက် တဲ့ စာသင်တိုက်ကြီးကွယ် ...

လောကဓမ္မတာအတိုင်းပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးချိန်တန်တော့ အလွန်ဆိုးသွမ်းတဲ့ နာနာဘာဝ ာင်ကြီးတစ်ကောင် ကျောင်းကိုရောက်လာတယ်။

အရပ်အခေါ်အရတော့ "လူစားတယ်" လို့ ပြောတာပေါ့။

ကိုရင်သာမဏေရော၊ ရဟန်းသံဃာရော တစ်ပါးပြီးတစ်ပါး လွန်တော်မူကုန်ကြတယ်။

ကျောင်းအခန်းတံခါးပေါက်တွေ ဘယ်လိုပဲ လုံခြုံအောင် တ်ပိတ်၊ နာနာဘာဝကောင်ကြီးဝင်လာတယ်လို့ ပြောကြတယ်။

တစ်ချို့ရဟန်းသံဃာတွေလည်း ကျောင်းက ပြောင်းရွှေ့ ာကြတာပေါ့။

နောက်ဆုံးမှာ ဆရာတော်တစ်ပါးပဲ ကျန်တော့တယ်။

အဲဒီဆရာတော်လည်း သူ့အလှည့်ကျတော့မယ်ဆိုပြီး တွင်းချင်း ကညွတ်ကွင်းမြို့ထဲက ကျောင်းကို ပြောင်းသွား ယ်။

ဦးဇင်းကိုယ်တိုင် ငယ်ငယ်က လိုက်ပို့ခဲ့ရတာပါ။ အဲဒီ ာက်မှာ ကျောင်းထိုင်မယ့် ကိုယ်တော်မရှိ။

မြို့ရှစောင့်ရှောက်မယ့်သူမရှိနှင့် ကျောင်းတိုက်ကြီး ပျက်စီး ားတယ်။

ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောကျွဲအင်းမြို့က ကြွလာတဲ့ ပဒို့ဝ် ဆရာတော် ဦးသုရိယရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြောင့် အခုလို ဒုတိယအကြိမ် ပြန်လည်ထွန်းလင်းပြီး စည်ကားသိုက်မြိုက် လာခဲ့တာဖြစ်တယ်။

ဆရာတော်ဦးသုရိယ ပျံလွန်တော်မူပြီးနောက်မှာ ဆရာတော် ဦးဇဝနနှင့် ကျောင်းရှိသံဃာတွေက ကျောင်းတိုက်ကြီးကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်နေကြပါတယ်။

"ဦးဇင်းဘုရား၊ အခုအချိန်မှာရော ဒီကျောင်းတိုက်မှာ နာနာဘာဝပုဂ္ဂိုလ်တွေ နေထိုင်ကြတုန်းပါလားဘုရား"

စာရေးသူက ဦးဇင်းဦးဒေအာင်သိန်းကို မေးလျှောက်လိုက် ပါတယ်။

"သိတဲ့မြင်တဲ့အတိုင်း ပြောရရင် ရှိနေတုန်းပဲလို့ ပြောရ ပါပဲ ..."

"အရှင်ဘုရားသိတဲ့အထဲက တပည့်တော်ကို အနည်း လောက် ပြောပြပေးပါဘုရား ..."

"နှစ်ပေါင်းများစွာ သစ်ပင်ချုံနွယ်တွေ ဖုံးအုပ်ပြီး ပျက်ကြီးဖြစ်တဲ့အတွက် နာနာဘာဝ၊ တစ္ဆေသရဲတွေ သောင်း လာရောက်နေထိုင်ကြတာ မဆန်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးသူရိယရောက်လာပြီး နောက်နှစ်အနည်းငယ် ကြာတဲ့အထိ ဆိုးသွမ်းတဲ့ နာနာဘာဝတွေ ရှိခဲ့တယ်။

သူတို့က ရဟန်းသံဃာတွေ ရောက်လာရင် သူတို့ကို နှင်ထုတ်ပစ်ကြမယ်လို့ ထင်မြင်ယူဆပုံ ရပါတယ်။

ဒါပေမယ့်၊ ဆရာတော်ဦးသူရိယရဲ့ မေတ္တာရိပ်ကို နှစ်ရှည်လများ ခိုလှုံပြီးတဲ့နောက်မှာတော့ နာနာဘာဝတွေဟာ ယဉ်ကျေးသိမ်မွေ့သွားကြတယ်။

ကြမ်းတမ်းတဲ့ ပြုမူပုံတွေ၊ လှုပ်ရှားပုံတွေ မတွေ့ရတော့ဘူး။

ရဟန်းသံဃာတွေ၊ လူတွေနှင့် နာနာဘာဝတွေဟာ ဒီကျောင်းတိုက်ကြီးထဲမှာ အေးအေးချမ်းချမ်း အတူတကွ နေထိုင်နိုင်ကြပါတယ်။

ဦးစက္ကိန္ဒ(ဦးဇင်းဉာဏ်)ပျံလွန်တော်မမူခင်က ပြောပြဘူးတယ်။

ဆရာတော်ဦးသူရိယ ရောက်လာကာစက သူက ရဟန်းဝင်းဘဝမှာပဲ ရှိသေးတယ်။

ဆရာတော်ကို ဝတ်ကြီးဝတ်ငယ် ပြုစုရင်း ဘုရားကြီးရှေ့မှာ ချုံတွေရှင်း တစ်ကိုယ်တည်း တရားထိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ သူ့ရဲ့ပုခုံးကို လက်ကြီးနှစ်ဖက်က လာဖိသတဲ့။

ကြည့်လိုက်တော့ တစ္ဆေကောင်အကြီးကြီးတဲ့။ အစွယ်တောင် ထွက်နေတယ်လို့ ပြောတယ်။

ဘယ်လိုမှ ရုန်းလို့ မရတာနှင့် တရားကိုပဲ အာရုံပြုမှတ်နေလိုက်တာ။

ခဏနေတော့ သူ့ဘာသာသူ ထွက်သွားတယ်တဲ့။

နောက်တစ်ခါကျတော့လည်း ...

ဦးဇင်းညဏ် တရားထိုင်နေတုန်း တစ္ဆေနှစ်ကောင်က တစ်ဖက်တစ်ကောင်စီ၊ ချိုင်းကနေ မြှောက်ပြီး ခေါ်သွားကြတယ်။ ဦးဇင်းလည်း တရားမှတ်ပြီး လိုက်သွားတယ်။

ရထားလမ်းအတက်၊ ကျောင်းပေါက်ဝရောက်မှ ချထားခဲ့ကြတယ်တဲ့။

ခုတော့ ဆိုးသွမ်းတဲ့ နာနာဘာဝတွေ မရှိတော့ပါဘူး။

ကျောင်းတိုက်မှာ ကုသိုလ်ကောင်းမှု၊ အလှူအတန်းတွေ အမြဲလိုလို ရှိတဲ့အတွက် သူတို့လဲ အမျှရတန် တူပါတယ်။

အချို့လည်း ကောင်းရာမွန်ရာ ရောက်သွားကြ၊

အချို့လည်း လိမ္မာယဉ်ကျေးသွားကြပုံ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ ကြောက်အောင်၊ လန့်အောင်၊ ခြောက်တာ၊ လှန့်တာ မလုပ်ကြတော့ဘူး။

တစ္ဆေမိသားစုရှိတဲ့ ညောင်ပင်

တစ်ခါတုန်းက ကျောင်းထဲကို နေရောင်ခြည်ကျအောင် ကျောင်းတောင်ဘက်က ညောင်ပင်ကြီးကို ခုတ်ဖို့ ဦးဇင်းစီစဉ်ထားတယ်။

ညကျတော့ အိပ်မက်လာပေးတာပဲ။

သူတို့မိသားစုနေတဲ့ ညောင်ပင်ကို မခုတ်ဖို့တောင်းပန်တယ်။

ဆရာတော်ကြီးကို အိပ်မက်အကြောင်း ပြောပြတော့...

"အေး၊ ဟုတ်တယ်ကွ။ အဲဒီညောင်ပင်မှာ မုဆိုးမတစ်ယောက် သားတွေ၊ သမီးတွေနဲ့ နေတယ်ကွ။

သူတို့ အသိုက်အမြုံ ပျက်သွားမယ်။ ဘယ်တော့မှ အဲဒီညောင်ပင်ကို မခုတ်ကြနဲ့" လို့ ပြောတယ်။

တစ်ခါကျတော့လည်း အဲဒီညောင်ပင်မှာနေတဲ့ တစ္ဆေကလေးငယ်တွေက ညအခါမှာ ဆရာတော်ကြီးဆီကို လာပြီး မုန့်တောင်းဖို့ ပူဆာကြတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးက ဦးဇင်းဖိုးဆယ်ကို

"ဖိုးဆယ်ရေ ကလေးတွေကို စားပွဲပေါ်က မုန့်တွေ ယူကျွေးလိုက်ပါအုံး။ ဒီမှာ လာပြီး ပူဆာနေကြတယ်" ဆိုလို့ မုန့်တွေယူပြီး ညောင်ပင်အောက်ကို ချကျွေးရတဲ့အကြောင်း ဦးဇင်း ဖိုးဆယ် ပြောပူးတယ်။

ပြီးတော့ သိုက်နန်းဆောက်ပေးထားရတဲ့ နန်းစောမွန်တို့ ညီအစ်မနှစ်ယောက် ...

တကယ်ရှိတယ်၊ ကျောင်းမှာ အလှူအတန်းရှိရင် အလှူ လာထည့်ကြတယ်။

သံဃာတစ်ချို့ကို အရဏ်ဆွမ်းခံသွားဖို့ အပြင်က အသံပေးပြီး နှိုးတတ်တယ်။

စကားတွေ အများကြီးပြောလိုက်ရလို့ ဦးဇင်းကြီးလည်း တော်တော်ပင်ပန်းသွားပုံရပါတယ်။

အဲကြောင့် စာရေးသူကပဲ အလိုက်တသိနဲ့ စကားဖိုင် ရပ်နားလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူကြုံခဲ့တဲ့ နာနာဘာဝ

အမှန်တကယ်တော့ စာရေးသူကိုယ်တိုင်လည်း ကျွန်းတော ကျောင်းနှင့် မစိမ်းပါ။

ကျောင်းပျက်ကြီးကို ဦးသူရိယရောက်လာ ဆယ်နှစ်၊ ဆယ်မိုး ကျော်အောင် ကညွတ်ကွင်းရဲစခန်းက ကိုးကွယ်ခဲ့ကြ ပါတယ်။

နှစ်စဉ် ကထိန်ခင်းခဲ့ကြပါတယ်။

ရဲဝန်ထမ်းဖြစ်တဲ့ စာရေးသူလည်း ကုသိုလ်၊ ကောင်းမှု ပွဲတွေမှာ ပါဝင်ဆင်နွှဲခဲ့ပါတယ်။

ကျွန်းတောကျောင်းမှာ ပထမဆုံးအကြိမ် ကထိန်ခင်း တုန်းက ...

ကထိန်အဝင်နေ့ညမှာ စာရေးသူအပါအဝင် ဝေယျာဝစ္စ လုပ်မည့်သူအချို့ ကျွန်းတောကျောင်းသို့ ကြိုတင်ရောက်ရှိနေခဲ့ ပါတယ်။

ပဒေသာပင်က နောက်နေ့မနက်မှ အတီးအမှုတ်၊ အက အခုန်တွေနဲ့ ရောက်လာမှာပါ။

ပဒေသာပင်ရောက်မှ ညှိပရိသတ်ကို ညှိခံကျွေးမွေး ကထိန်တရားနာပြီး ရေစက်ချ အမျှပေးဝေရမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့အဖွဲ့က ညော့်ပရိသတ်တွေအတွက် အခ
အသောက်တွေ ချက်ပြုတ်ထားဖို့ ကြိုတင်ရောက်နေခြင်းပါ။

နာနာဘာဝတွေနဲ့ပတ်သက်ပြီး နာမည်ကြီးတဲ့ ကျော
ဆိုတော့ နည်းနည်းမှောင်တာနဲ့ စာရေးသူတို့အားလုံး ကျောင်း
ရောက်နေကြပြီ။

ဘာကောင် မြင်ရမလဲ၊ ဘာကောင်တွေ့ရမလဲ။

ဘာသံကြားရအုံးမလဲလို့ ...

ရင်တထိတ်ထိတ်နဲ့ ကြောက်စိတ်ပိုနေကြပါတယ်။

တော်တော်လေး ညနက်လာတော့ မျှော်လင့်ထားသ
အသံတွေကြားရပါတော့တယ်။

ကျောင်းအောက်မှာ ချက်ပြုတ်ရာမှာ အသုံးပြုဖို့ ထ
ခြမ်းတွေကို တခွမ်းခွမ်း ပစ်ချနေတဲ့အသံပါ။

စာရေးသူအပါအဝင် အားလုံးကြောက်လန့်ပြီး ဖျ
ခဲ့ကြရပါတယ်။

"ဘာမှ မစိုးရိမ်ကြနဲ့၊

ဘယ်သူ့ကိုမှ အန္တရာယ်ပေးမှာ မဟုတ်ဘူး"

သူတို့ရှိတဲ့အကြောင်း ပြတဲ့သဘောလောက်ပါ" ဆရာ
ကြီးအမိန့်ရှိမှ နည်းနည်း ကြောက်စိတ်လျော့သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညသန်းခေါင်ကျော်ပြီးချိန်မှ ထင်းပစ်ချတဲ့အသံတွေ ပျောက်သွားပါတယ်။

ဂျွန်းတောကျောင်းမှာ ကြုံခဲ့ရတဲ့ ဒီအဖြစ်အပျက်လေးကိုတော့ စာရေးသူ အမြဲတမ်းသတိရနေမှာ ဖြစ်ပါတယ်။

* * *

ပေါ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# သာရုကန်က သိုက်စောင့်တစ္ဆေ

မေရှာသောမတ်ဟာ ရတနာသေတ္တာတွေ တင်ထားတဲ့ လော်ရီကားတွေကို သာရုကန်ဆီ မောင်းစေခဲ့တယ်။

သာရုကန်ရောက်တော့ လှေရှစ်စီးနှင့် ဖွဲ့ထားတဲ့ ဖောင်တစ်ခု အသင့်ရှိနေတယ်။

မေရှာသောမတ်က ရတနာသေတ္တာကို ကူလီကုလားတွေနှင့်မပြီး ဖောင်ပေါ်တင်တယ်။

ပြီးတော့ ကန်ကြီးထဲက ရေလယ်ကျွန်းတွေဆီ သယ်ယူသွားတယ်။

သံသေတ္တာကြီးတွေက ကြီးမားလေးလံလွန်းလို့ တစ်ခေါက်မှာ သေတ္တာတစ်လုံးပဲ သယ်နိုင်တဲ့အတွက် နှစ်ခေါက်သယ်ရတယ်။

အင်္ဂလိပ်စစ်ဗိုလ် မေရှာသောမတ်ဟာ အဲဒီရတနာသေတ္တာကြီးတွေကို သာရုကန်အရှေ့မြောက်ဘက် အတွင်းကျကျထိ သယ်သွားပြီး လျှို့ဝှက်မြှုပ်နှံလိုက်တယ် …

ခေါ်သွားတဲ့ ကူလီကုလားတွေကိုလည်း တစ်ယောက်မကျန် ကျွန်းပေါ်မှာပဲ သေနတ်နဲ့ပစ်သတ်လိုက်တယ် …



www.burmeseclassic.com

www.burmeseclassic.com



ငါးခိုးဖမ်းသူများ

အရုဏ်အလင်းရောင်လာတော့မယ်၊

ကိုမြအေးက ခုထိ အိမ်ပြန်ရောက်မလာသေးဘူး။

သူ့အတွက် မိသားတစ်စုလုံး စိတ်ပူနေကြတယ်။

ကိုမြအေးတစ်ယောက် အဖမ်းခံသွားရလို့လား၊ ဒါမှမဟုတ်၊ သာစုကန်ထဲမှာများ တစ်ခုခုဖြစ်ပြီး ...

မိသားစုတွေ ဆက်မတွေးရဲကြဘူး။

"ဖွတ်၊ လွဲပါစေ ... ဖယ်ပါစေ ..."လို့ပဲ စိတ်ပင်ပန်းကြီးစွာနှင့် စောင့်မျှော်နေကြရတယ်။

တကယ်တော့ ကိုမြအေးရဲ့အလုပ်က ပါဏာတိပါတာ သူ့အသက်သတ်ခြင်းနှင့် အဒိန္နာဒါန်နဲ့ ခိုးခြင်းဆိုတဲ့ ကံနှစ်ပါးကို တစ်ပြိုင်တည်း ကျူးလွန်ရတဲ့အလုပ်။

ကျယ်ပြန့်လှတဲ့ သာစုကန်ကြီးထဲမှာ ပိုက်တန်းချ ငါးခိုးဖမ်းရတဲ့ အလုပ်ပါ။

သူတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။

သာစုကန် ကန်ပေါင်အောက သူတို့ရွာမှာနေသူ ငွေတော်များများ ဒီလိုပဲ လုပ်စားနေကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုမပေမယ့် လုပ်နေကျအလုပ်ဆိုတော့ မကောင်းမှု ဆိုတာတောင် မတွေးမိကြတော့ဘူး။

ပုံမှန်လုပ်နေကျ အလုပ်တစ်ခုလိုပါပဲ။

ပုံမှန်ဆိုရင် သန်းခေါင်ကျော်ပြီး မနက်နှစ်နာရီလောက်ဆို ကိုမြအေး ပြန်ရောက်နေကျ။

ရတဲ့ငါးကို ရောင်းတာ။

မနက်ကျ လှော်ကားနီလာဈေးထဲက ဖောက်သည်ဆီ ပို့ရတယ်။

အခုတော့ အရုဏ်အလင်းရောင်လာတော့မယ်။

ကိုမြအေး တစ်ခုခုဖြစ်နေပြီဆိုတာတော့ သေချာတယ်။ မိသားစုတွေ တွေးပူနေတုန်းမှာပဲ ဓာတ်မီးရောင်တွေ လှမ်း တွေ့လိုက်တယ်။

ဓာတ်မီးရောင်တွေက ရွာလည်လမ်းအတိုင်း လာနေကြ တာ ...

စိုးရိမ်စိတ်တွေနှင့် စောင့်ကြည့်နေတုန်းမှာပဲ ဓာတ်မီးတွေ ခြံထဲဝင်လာတယ်။

စောင်ကို ပုခက်လုပ်၊ ဝါးတစ်လုံးလျှိုပြီး လူတွေထမ်း ထမ်းလာတာ ဓာတ်မီးရောင်နှင့်တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြအေး ... ကိုမြအေး ...

ဘာဖြစ်တာလဲ ... အမလေး ..."

ကိုမြအေး မိန်းမ ထိတ်လန့်တကြား ပြေးဆင်းတယ်။

အောက်ကြီးတစ်ကျယ်ငိုရင်း မေးတယ်။

"တဲ့၊ ငိုမနေနှင့် နင့်ယောက်ျား ဘာမှမဖြစ်သေးဘူး၊ သတိမေ့နေတာ၊ ဆရာအမြန်သွားခေါ်"

သားအကြီးကောင်က ရွာလယ်က ဆရာဦးစောလှဝင်းကို ပြေးပင့်တယ် ...

ဆရာဦးစောလှဝင်းက မြန်မာဆေးဆရာ၊ အကြမ်းတွေ ဝေယောဂတွေလည်းနိုင်တယ်။

ဆရာစောင့်နေကြတုန်း ဦးနီက ကိုမြအေးကို စတွေ့တဲ့ အကြောင်း ပြောပြတယ်။

ဦးနီလည်း ကိုမြအေးလိုပဲ သာရကန်ထဲမှာ ငါးရှာတယ်။

ဒါပေမယ့် သူက "မျှားတန်းချ"တာ။

နိုင်လွန်ကြိုးအရှည်ကြီးမှာ ငါးမျှားချိတ်တပ်ထားတဲ့ ကြိုး အတိုလေးတွေ လိုက်ချည်ထားတယ်။

ငါးမျှားချိတ်မှာ ငါးစာတပ်ပြီး ရေပြင်ထဲ တန်းထားရုံပဲ မိတဲ့ငါးကို တစ်ကောင်ချင်းလိုက်ဖြုတ်ရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူတွေ မသိအောင် ခိုးလုပ်ရတာမို့ ငါးရှာတဲ့အခါ လှေကိုအသုံးမပြုကြဘူး။

ကားဘီးကျွတ်ကြီးတွေကို လေတင်းအောင်ထိုးပြီး လှေအစားသုံးကြတာ။

တက်နင့်လှော်ပြီး လိုရာကိုသွားလို့ရတယ်၊ လှေလိုပဲ မြန်လည်းမြန်တယ်။

ဦးနီပြန်ဖို့အတွက် မျှားတန်းကို သိမ်းနေတုန်း ...

တဲလှုပ်လှုပ် မျောလာတဲ့ ဘောကွင်းတစ်ခုကို တွေ့တယ်။

ဘောကွင်းအပေါ်က ထိုင်စရာလုပ်ထားတဲ့ ပျဉ်ပြားပေါ်မှာ လူတစ်ယောက် ခွေခွေလေး လဲနေတယ်။

ဦးနီမျှားတန်းကို ကမန်းကတန်းသိမ်းပြီး ဘောကွင်းဆီ သွားကြည့်လိုက်တော့ ကိုမြအေးကို တွေ့တယ်။

ခေါ်ကြည့်တယ်၊ လှုပ်နှိုးတယ်၊ ဘယ်လိုမှ မရလို့ ဘောကွင်းကို ကမ်းစပ်ထိ ဆွဲလာပြီး လူခေါ်ပြီး ထမ်းလာကြတာ။

"ဘာဖြစ်တယ်ဆိုတာတော့ သူသတိရမှပဲ မေးကြည့်ရမယ် ..."လို့ ပြောလိုက်တယ်။

အဲဒီတုန်းမှာပဲ ဆရာဦးစောလှဝင်းရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝနှင့်တွေ့ခြင်း

ဆရာဦးစောလှဝင်းရဲ့ပညာစွမ်းကြောင့် ကိုမြအေးသတိပြန်ရလာတယ်။

ခဏနေတော့ ထထိုင်နိုင်လာတယ်။

သူက အိမ်နဲ့မိသားစုကိုကြည့်ပြီး ...

"ငါ အိမ်ပြန်ရောက်ခဲ့တာကိုး ..."လို့ တီးတိုးညည်းတွားတယ်။

ကိုမြအေးပြောပုံက သူ့ကိုယ်သူ သေလူလို့ သတ်မှတ်ထားတဲ့ပုံမျိုး။

"ရှင်ဘယ်လိုဖြစ်တာလည်း၊ ပြောစမ်းပါဦး ..."

ကိုမြအေးက သူ့မိန်းမကိုကြည့်ရင်း အားနည်းနွမ်းလျတဲ့အသံနှင့် ဖြေးဖြေးချင်း ပြောပြတယ်။

"ငါ ... ကန်ကြီးရဲ့ အရှေ့မြောက်ဘက်က ကျွန်းတွေဆီကို ရောက်သွားတယ်ဟ ..."

"ဟာ ... အဲဒီ တံကောင်းလို့ပေါ့ ..."

"မသေကောင်း မပျောက်ကောင်းတွာ ..."

ကိုမြအေးစကားကြားတာနှင့် လူတွေဆီက အာမေဍိတ်သံအမျိုးမျိုး ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလျားလေးမိုင်၊ အနံသုံးမိုင် ကျယ်ဝန်းတဲ့ သဲသောင်ကန်ကြီးထဲမှာ ရေလယ်ကျွန်းတွေ အများအပြားရှိတယ်။

ဒါပေမယ့် ငါးရှာသူတိုင်းဟာ အရှေ့မြောက်ဘက်က ကျွန်းတွေဆီကိုတော့ ရှောင်ကြတယ်။ မသွားကြဘူး။

အဲဒီဘက်ကို သွားတဲ့လူတိုင်း နာနာဘာဝတွေနှင့် ကြုံကြရတယ်။ သေးနုက္ခတစ်ခုမဟုတ် တစ်ခုတွေ့တယ်။

"မင်းက ဘာလို့ အဲဒီဘက်ကို ရောက်သွားရတာလဲ"

"ဒီနေ့ ငါးသိပ်မရဘူးဗျ၊ အဲဒါကြောင့် အသွားအလာနည်းတဲ့ အရှေ့မြောက်ဘက်ကို သွားကြည့်လိုက်တာပါ ..."

"အဲဒီဘက်မှာ ဘာတွေ့လို့ သတိမေ့တဲ့အထိ ဖြစ်သွားရတာလည်း ..."

"ကျုပ် အဲဒီဘက်မှာ ပိုက်တန်းချတယ်၊

ရလိုက်တဲ့ငါးတွေဗျာ၊ ဖြုတ်လို့ကို မနိုင်ဘူး၊

ဒါပေမယ့်၊ ငါးတစ်ကြိမ်လည်း ဖြုတ်ပြီးရော၊ ပြဿနာစတော့တာပါပဲ ...၊

ကျုပ်စီးနေတဲ့ သောင်ကွင်းဟာ တစ်စုံတစ်ယောက်က ကိုင်ပြီး လှည့်နေသလို မြာမြာလည် နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကလည်းမှောင်၊ လူကလည်း တန်ရေပြင်ထဲမှာဆို

တော့ လန့်သွားတာပေါ့။

ဘောက္ကွင်းကို ဘယ်လိုထိန်းထိန်း၊ ထိန်းလို့ကို မရဘူး၊

ကြာတော့ လူက မူးလာရော။

အဲဒီတုန်းမှာ ကျုပ်ဆီကို လူလိုလို အရိပ်အကောင်တွေ

ရောက်လာတယ်။ ဆယ်ယောက်လောက်ရှိတယ်။

သဲသဲကွဲကွဲ မမြင်ရဘူး။ လူတော့လူလိုပဲ။

ထူးဆန်းတာက သူတို့မှာ လှေမပါဘူး။ ရေထဲငုပ်သွား

ပိုက်၊ ရေပေါ်မှာ လမ်းလျှောက်သွားလိုက်နှင့် လုပ်နေကြတယ်။

ကျုပ်လည်း နာနာဘာဝတွေဆိုတာသိပြီး အရမ်းကြောက်

န့်သွားတာပေါ့ ...။

အဲဒီနာနာဘာဝကောင်တွေက ကျုပ်ပိုက်တန်းမှာ မိနေတဲ့

တွေကို ဖြုတ်ပြီး လွှတ်ပစ်တယ်။

ပလိုင်းထဲက ငါးတွေကို တန်ထဲပြန်သွန်တယ်။

ကြောက်တာလန့်တာရော၊ မူးနေတာရောကြောင့် ကျုပ်

ာမှ ပြန်မလုပ်နိုင်ဘူး။

နောက်တော့ ကျုပ်ဘယ်လိုဖြစ်သွားမှန်း မသိတော့ဘူး။

သိရတော့ အိမ်ပြန်ရောက်နေတယ် ...”



www.burmeseclassic.com

www.burmeseclassic.com


"ကံကောင်းလို့ပေါ့ကွာ၊ မင်းကို ကန်ထဲပစ်မချတာ တော်သေးတာပေါ့ ...၊

အဲဒီ သိုက်စောင့်သရဲတစ္ဆေတွေကွ ..."

"ဗျာ ... သိုက်စောင့်သရဲတစ္ဆေတွေဟုတ်လား ..."

ရုတ်တရက် ပြောလိုက်တဲ့ဆရာဦးစောလှဝင်းစကားကြောင့် အားလုံးစိတ်ဝင်စားသွားတယ် ...

"ကျွန်တော်တို့က နာနာဘာဝ တစ္ဆေသရဲရှိတယ်ဆိုတာလောက်ပဲ သိကြတာပါ ...၊

အကြောင်းစုံ သိကြတာ မဟုတ်ပါဘူး၊

ဆရာကြီးသိရင် ရှင်းပြပေးပါဦး ..."

"သာမုကန်ကြီးရဲ့ အရှေ့မြောက်ဘက်က ကျွန်းတစ်နေရာမှာ ရတနာသိုက်ကြီးတစ်ခု အမှန်တကယ် ရှိတယ်ကွယ့်"

ဆရာဦးစောလှဝင်းက ဝါးလက်စကွမ်းတွေကို ထွေးခံထဲ ထွေးလိုက်မှာယ်။

ရေတစ်ခွက်သောက်ပြီး ပလုပ်ကျင်းတယ်။

ပြီးတော့မှ သာမုကန်က ရတနာသိုက်ကြီးအကြောင်းကို စပြီး ပြောပြပါတော့တယ်။


www.burmeseclassic.com

www.burmeseclassic.com



သာရဝကန်က ရတနာသိုက်

"သာရဝကန်ထဲမှာရှိတဲ့ ရတနာသိုက်က ဘုရားသိုက်မဟုတ်ဘူးကွယ့် ...၊

မြန်မာပြည်ကို ဂျပန်တွေစတင်ဝင်လာတော့ အင်္ဂလိပ်တွေ အိန္ဒိယနိုင်ငံဘက် ထွက်ပြေးရတယ်။

အလောသုံးဆယ် ထွက်ပြေးရတဲ့အတွက် သယ်မသွားနိုင်လို့ ကန်ကြီးထဲမှာ မြှုပ်ထားခဲ့တဲ့ ရတနာသိုက်ကွယ့် ...။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမဏီ၊ အီတလီနှင့် ဂျပန်စတဲ့ ဝင်ရိုးတန်းနိုင်ငံတွေက တစ်ဖက်၊

အင်္ဂလိပ်၊ အမေရိကန်၊ ရုရှားစတဲ့ မဟာမိတ်နိုင်ငံတွေက တစ်ဖက် စစ်ကြေညာပြီး တိုက်ခိုက်ကြတာကွယ့် ...။

ဂျပန်ကအင်္ဂလိပ်ကို (၈-၁၂-၁၉၄၁)မှာ စစ်ကြေညာတယ်။

စစ်ကြေညာပြီး နှစ်ပတ်အကြာ(၂၃-၁၂-၁၉၄၁)ကျတော့ ရန်ကုန်ကို ပထမဆုံးအကြိမ် ဗုံးကြဲတယ်ကွယ့်။

စစ်ရဲ့အနိဋ္ဌာရုံကို တစ်ကြိမ်တစ်ခါမှ မကြုံဘူးသေးတော့ ရန်ကုန်တစ်မြို့လုံး တုန်လှုပ်ချောက်ချားသွားတာပေါ့။

ရန်ကုန်မြို့သူမြို့သားတွေဟာ တောကျေးလက်တွေကို ထွက်ပြေးပြီး စစ်ဘေးစစ်ဒဏ်ကလွတ်အောင် ပုန်းရှောင်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ရဲ့အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် အစိုးရယန္တယားတစ်ခုလုံး ရပ်ဆိုင်းသွားတယ်။

လျှပ်စစ်မီးမီးကိန်းနှင့် အမြန်ချီတက်၊ အမြန်တိုက်ခိုက်၊ အမြန်သိမ်းပိုက်တဲ့ ဂျပန်တွေ(၇-၃-၄၂)ရက်နေ့မှာ ရန်ကုန်ကို သိမ်းပိုက်နိုင်လိုက်တယ်ကွယ့် ...။

အဲဒီလို ဂျပန်တွေ ရန်ကုန်ကို မသိမ်းမီ သုံးရက်အလို ဖြစ်တဲ့ (၄-၃-၄၂)နေ့မှာ

မင်္ဂလာဒုံ ခဲယမ်းမီးကျောက်တစ်က အင်္ဂလိပ်စစ်ဗိုလ် မေဂျာသောမတ်တာ အထက်အမိန့်အရ ရန်ကုန်ဗတိုဘဏ်တိုက်ကြီးထဲက အဘိုးတန်ကျောက်မျက်ရတနာ ရွှေထည်ပစ္စည်း အများအပြားကို ထုတ်ယူသိမ်းဆည်းလိုက်တယ်။

ရတနာပစ္စည်းတွေရဲ့ တန်ဘိုးဟာ အဲဒီခေတ်ကာတည်းက သိန်းပေါင်းကုဋေနှင့်ချီပြီး တန်တယ်တဲ့။

မေဂျာသောမတ်တာ အဲဒီကျောက်မျက်ရတနာရွှေထည်ပစ္စည်းတွေကို နှစ်ပုံပုံပြီး သံသေတ္တာကြီးတစ်လုံးစီမှာထည့်တယ်။

ပြီးတော့ ကုန်တင်လော်ရီကားကြီးနှစ်စင်းနှင့်တင်ပြီး ရန်ကုန်မြို့ထဲက ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သံသေတ္တာကြီးတွေကို မယူသယ်ပို့ဖို့အတွက် ကူလီကုလားငါးဆယ်လည်း ခေါ်လာခဲ့တယ်။

မေဂျာသောမတ်တာ လော်ရီကားတွေကို သာရကန်ကြီးဆီကို မောင်းစေခဲ့တယ်။

သာရကန်ရောက်တော့ လှေရှစ်စီးနှင့် ဖွဲ့ထားတဲ့ဖောင်တစ်ခု အဆင်သင့်ရှိနေတယ်။

မေဂျာသောမတ်က ရတနာသေတ္တာကို ကူလီကုလားတွေနှင့် မပြီး ဖောင်ပေါ်တင်တယ်။

ပြီးတော့ ကန်ကြီးထဲက ရေလယ်ကျွန်းတွေဆီ သယ်ယူသွားတယ် ...။

သံသေတ္တာကြီးတွေက ကြီးမားလေးလံလွန်းလို့ တစ်ခေါက်မှာ သေတ္တာတစ်လုံးပဲ သယ်နိုင်တဲ့အတွက် နှစ်ခေါက်သယ်ကြရတယ်။

အင်္ဂလိပ်စစ်ဗိုလ်မေဂျာသောမတ်တာ အဲဒီရတနာသေတ္တာကြီးတွေကို သာရကန်အရှေ့မြောက်ဘက် အတွင်းကျကျထိ သယ်သွားပြီး လျှို့ဝှက်မြှုပ်နှံလိုက်တယ်။

ခေါ်သွားတဲ့ကူလီကုလားတွေကိုလည်း တစ်ယောက်ကျန်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်မှာပဲ သေနတ်နှင့်ပစ်သတ်ပြီး တစ်ယောက်ထဲ ပြန်လာခဲ့တယ်တဲ့။

အဲဒီရတနာသိုက်ကြီးကတော့ ခုချိန်ထိ သာမုကန်ထဲမှာ ရှိနေတုန်းပဲကွယ့် ...''

''ဒါဆိုရင် အသတ်ခံရတဲ့ ကူလီကုလားတွေဟာ တစ္ဆေ သရဲဖြစ်ပြီး သိုက်ကို စောင့်နေကြရတာပေါ့ ...''

''ဘာပဲဖြစ်ဖြစ် ကူလီကုလားတွေဟာ သူတို့သယ်လာတဲ့ ပစ္စည်းတွေဟာ ရတနာတွေဆိုတာတော့ ရိပ်မိကြမှာပဲ။

လူပီပီ လောဘစိတ်လည်း ဝင်မိကြမှာပဲ။

အဲဒီအစွဲဝင်နေတုန်းမှာ အသတ်ခံကြရတာမို့ သိုက်စောင့် ဘစ္ဆေသရဲ ဖြစ်ဖို့များပါတယ်။

ကိုမြအေးတွေ့ခဲ့ အရိပ်လိုအကောင်တွေဟာ အဲဒီ ကူလီ ကုလားတစ္ဆေတွေ ဖြစ်လိမ့်မယ်။

ဒါကြောင့်လည်း အဲဒီရတနာပစ္စည်းတွေရှိတဲ့နေရာ ဘယ်သူမှ မလာရဲအောင် ခြောက်လှန့်နေကြတာပေါ့ကွယ်''

''ဒီ သာမုကန်ရတနာသိုက်ကို ဘယ်သူမှ မရှာကြဘူးလား ဆရာကြီး ...''

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစားနားထောင်နေတဲ့ ဦးနီက ဆရာဦးစောလှဝင်းကို မေးခွန်းထုတ်လိုက်တယ် ...။

"ရှာပြီးလား ဦးနီရယ်၊ ဘယ်နေကြမှာလည်း ... ရှာကြတာမှ ခေတ်အဆက်ဆက်ကို ရှာနေကြတာပေါ့ ...၊

ဂျပန်ခေတ်တစ်လျှောက်လုံး ကန်မိုလ်မစွတာစမင်နှင့် အင်းစိန်က စူးစမ်းရှာဖွေချင်စိတ် ပြင်းထန်တဲ့ကရင် အမျိုးသားတွေ စုပေါင်းပြီး ရှာခဲ့ကြတယ် ...။

ရှာတာမှ ရေပေါ်ရေအောက် မကျန်ဘူးဆိုဘဲ။

ပါလီမန်အစိုးရခေတ်ကလည်း သန့်ရှင်းဖဆပလ ဝန်ကြီးချုပ် ဦးနုရဲ့ ကိုယ်ရံတော်တပ်က ဗိုလ်ကြီးအေးသိန်း(ပြည်ထောင်စုစစ်ရဲတပ်ရင်း ၂၂)နှင့် ခရိုင်ရဲဝန်ဦးမျိုးသိန်းတို့ခေါင်းဆောင်တဲ့ အဖွဲ့ကလည်း ရတနာတွေရှိမယ်လို့ ထင်မြင်ယူဆတဲ့ နေရာဟော်တော်များများကို တူးဖော်ရှာဖွေခဲ့သေးတယ်။

အဲဒီအကြောင်းကို အဲဒီအချိန်က ထုတ်ဝေတဲ့ အဓောက်တော်သတင်းစာမှာ ဝန်ကြီးချုပ်ဦးနု၊ သိုက်တူးခြင်းဆိုတဲ့ ခေါင်းစဉ်အမည်းကြီးနှင့်တောင် ဖော်ပြခဲ့သေးတယ်ကွယ့် ...၊

ဒီကြားထဲမှာလည်း ဖွဲမလျှော့တဲ့ လူတွေက သူ့နည်းသူ့ဟန်နှင့် တိတ်တဆိတ်ရှာဖွေနေကြတုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘယ်သူဘယ်ဝါရသွားပြီဆိုတဲ့ သတင်းတော့ ခုချိန်ထိ မကြားသိရသေးဘူး။

ရဖို့လည်းမလွယ်ဘူးနဲ့တူပါတယ်ကွာ။

သိုက်စောင့်တစ္ဆေတွေက ခြောက်လှန့်ရုံတင်မကဘူး ရတနာသေတ္တာတွေကိုလည်း မတွေ့နိုင်အောင် နေရာရွှေ့ထားတ တယ်နဲ့တူတယ် ...”

“ရတနာတွေ မြှုပ်ထားတဲ့နေရာ အတိအကျကို သိတာ လည်း မေဂျာသောမတ်တစ်ယောက်ပဲ ရှိတယ်။ သူကရော ပြ မလာဘူးလား ဆရာကြီး ...”

“ဒုတိယကမ္ဘာစစ်အတွင်းက တိုက်ပွဲတစ်ခုမှာ ကျသွား လို့တော့ ကြားရတာပဲ ...၊

ဒုတိယကမ္ဘာစစ်ပြီးတော့ သူများပြန်လာမလားလို့ တိ တဆိတ် စောင့်ကြည့်လေ့လာတဲ့သူတွေ ရှိတယ်ကွယ့်။

သူတို့ဟာ သာဓုကန်ကြီးရဲ့ အနီးပတ်ဝန်းကျင်မှ တောင်ယာစိုက်ရင်း၊ ဥယျာဉ်စိုက်ရင်း စောင့်ကြည့်နေခဲ့ကြတယ်

အဲဒီထဲမှာ စောလှဝင်းဆိုတဲ့ လူတစ်ယောက်ကတော့ သူတတ်ကျွမ်းတဲ့ ဆေးပညာနဲ့လူတွေကို ကုသရင်း အ အင်္ဂလိပ်စစ်ဗိုလ်ကို စောင့်ကြည့်နေခဲ့တာပေါ့ကွယ် ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ... ဆရာ ... ဆရာ ... ဆရာကြီးက"

ဆရာဦးစောလှဝင်း ဘာမှ ပြန်မပြောတော့။

ဆေးလွှယ်အိတ်ကိုလွှယ်ကာ မြံမြင်သို့ ထွက်ခွာနေပါပြီ။

ပါးစပ်အပေါက်ဆိုးသွားဖြစ်သွားရတဲ့ သူတို့အားလုံးကတော့။

သာစုကန်ထဲက ရတနာသိုက်ကြီး ...

သိုက်စောင့်တစ္ဆေသရဲများနှင့် ...

အင်္ဂလိပ်စစ်ဗိုလ်မေဂျာသောမတ်အလာကို စောင့်ကြည့်ခဲ့တဲ့

ဆေးဆရာကြီးဦးစောလှဝင်း ...

စသည်စသည့် အကြောင်းအရာများဖြင့် တအံ့တသြဖြစ်ကာ

ကျန်ရစ်ခဲ့ကြပါတော့တယ် ...။

www.burmeseclassic.com

www.burmeseclassic.com

# သရဲစီးတဲ့ ကျွဲနှစ်ကောင်

ဘာကြောင့်လည်း မသိဘူး။

ဒီနေ့ရာ မရောက်ခင်ကတည်းက ကျွဲတွေဂနာမငြိမ် ဖြစ်နေတယ်။

နှာတရှုးရှုးမှုတ်ပြီး ရှေ့မတိုးချင်သလိုလို ပေကပ်ကပ် လုပ်နေကြတယ်။

လှည်းနားနီးလာလေလေ ပိုပြီး ဂနာမငြိမ်လေလေနဲ့။

လှည့်ထိပ်လည်းရောက်ရော ထိန်းမရတော့ဘူး။

အတင်းဆိုက်၊ အတင်းထိန်းပြီး သစ်စွပ်ကို သံကြိုးနဲ့ မနည်းချည်ရတယ်။

ကျွဲတွေကတော့လန့်ပြီး တဝုန်းဝုန်း ရုန်းနေတုန်းပဲ …

www.burmeseclassic.com

www.burmeseclassic.com



ရိုးမထဲက လွှစင်ပျက်

"တာ ... သစ်ခွဲသားတွေကွ ပွတာပဲ ..."

ပဲခူး ရိုးမရဲ့ တောနက်တစ်နေရာမှာ ဖြစ်ပါတယ်။

ကိုနိုင်နှင့်ထွန်းထွန်းဝင်းတို့ဟာ လျှိုချောက်တစ်ခုထဲမှာ ပြိုကျနေတဲ့ လွှစင်ဟောင်းတစ်ခုနှင့် ခွဲစိတ်ထားတဲ့ဆိုက်စုံသစ်ခွဲ သားပုံကို သွားတွေ့လိုက်တယ်။

ပြိုနေတဲ့ လွှစင်ပေါ်မှာလည်း ကြီးမားဖြောင့်တန်းတဲ့ သစ်လုံးကြီးရှိနေတယ် ...

လွှစင်နေရာတစ်ဝိုက်မှာရှိတဲ့ သစ်ပင်ချုံနွယ်အနေအထား ကိုကြည့်တာနှင့် စွန့်ပစ်ခဲ့တာကြာပြီဆိုတာ သိသာလှတယ်။

ခွဲသားတွေပုံထားတဲ့ သစ်ပုံမှာလည်း ချုံနွယ်တွေဖုံးအုပ် နေတယ်။ ဖုံးအုပ်ထားတဲ့အထဲကမှ သစ်ခွဲသားတွေကို မြင်နေရ ခြင်းပါ ...

ကိုနိုင်နှင့်ထွန်းထွန်းဝင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတယ် ...

ပဲခူးရိုးမ တောနက်ကြီးထဲကိုလာ၊ ပင်ပင်ပန်းပန်း သစ်တွေခွဲစိတ်ပြီးကာမှ ဘာလို့သယ်ယူမသွားကြတာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ စွန့်ပစ်ထားခဲ့ကြတာလည်း ...

နှစ်ယောက်စလုံး စဉ်းစားလို့မရဘူး၊ နားမလည်ဘူး ဖြစ်နေတယ်။

တကယ်တော့ သူတို့လာရှာတာက သင်္ဂဒူသစ်အမျိုးအစား ပါ။

ဘယ်နိုင်ငံ၊ ဘယ်ဈေးကွက်နှင့် ဘယ်လို အကြံအဖန်မိ ထားကြလဲမသိဘူး ...

သစ်ဂဒူသစ်ကို သစ်ပွဲစားတွေ အသည်းအသန်လိုချင်နေ ကြတယ် ...

သစ်သမားလွှသမားတွေကို ကြိုတင်ငွေတွေ၊ ရိက္ခာတွေ ပေးပြီး ရိုးမပေါ်အတင်းတက်ခိုင်းနေကြတယ်။

တောသစ်ချင်းအတူတူတောင် သင်္ဂဒူက တစ်သိန်းမို တယ်...

သင်္ဂဒူခေတ်လို့တောင်တင်စားလောက်ရဲ့ ...

တက်လိုက်တဲ့ သစ်သမားလွှသမားတွေ၊ တင်လိုက်တဲ့ ကျွဲဆိုင်းတွေ ပဲခူးရိုးမကြီးထဲမှာ ပွဲတော်ကြီးကျနေတာ။

ဆူလို့ညံလို့၊ မဲမဲလှုပ်လို့။

www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်နှင့် ထွန်းထွန်းဝင်တို့နှစ်ယောက်လည်း သင်္ဂဟရဲ့ သားကောင်တွေပါပဲ။

ဓားတစ်ချောင်းစီခါးထိုး၊ လေးပေဇီးမန်းလွှကိုယ်စီထမ်း၊ စားအိုးစားခွက်၊ အပြည့်အစုံနှင့် ကျွဲတစ်ရှည်းမောင်းပြီး ရိုးမထဲ ဝင်ခဲ့ကြတယ် ...

ကျွဲကို လှည်းစခန်းမှာ ထားခဲ့ပြီး တစ်တောင်ဆင်း၊ တစ်တောင်တက် သင်္ဂဟရှာကြတယ်။

သင်္ဂဟရောဂါထနေတဲ့ခေတ်မို့ထင်ပါရဲ့။ သင်္ဂဟတစ်ပင် တွေ့ဖို့တောင် ခက်နေတယ်။

ဒီအခြေအနေမှာ သူတို့နှစ်ယောက် သစ်ခွဲသားပုံကို တွေ့လိုက်ကြရတာပါ။

"ဒီ ပန့်သကူပစ္စည်းကွ၊ ဘယ်သူ ယူယူရတယ် ..."

ထွန်းထွန်းဝင်းက လောဘစိတ်နှင့် ပြောလိုက်တယ်။

တကယ်တော့၊ တောထဲမှာလည်း ရပ်ရွာဓလေ့နားလည်မှုနှင့် စည်းကမ်းတွေရှိတယ်။

သစ်ပင်တစ်ပင်ကိုတွေ့ပေမယ့် မခုတ်နိုင်သေးရင် ဓားနှင့် ထစ်ပြီးအမှတ်အသားလုပ်ပေးထားရတယ်။

အဲဒီသစ်ပင်ကို အခြားဘယ်သူမှ မခုတ်ကြတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မှိုတွေပေါက်နေတဲ့ မှိုကျင်းတွေ့တယ်။ မှိုတွေကမပွင့်သေးဘူး။ အငုံပဲရှိသေးရင် စည်းဝိုင်းပြီး အမှတ်အသားလုပ်ထားခဲ့၊ နောက်လာတဲ့လူက မှိုကျင်းကိုတွေ့ပေမယ့် နှုတ်ယူမသွားတော့ဘူး။

အမှတ်အသားလုပ်မထားရင်တော့ ပိုင်သူမရှိဘူး။ ခုတ်လို့ရတယ်။ နှုတ်လို့ရတယ် ဆိုတဲ့အဓိပ္ပါယ်ရှိတယ်။

အခုသူတို့တွေ့တာက ခွဲသားတွေ၊ မြို့ပေါ်ရောက်ရင်အနည်းဆုံး တစ်သိန်းဖိုးတော့ရှိမယ်။ လေ့စည်းကမ်းအရဆိုရင်တော့မယူရဘူး။ ဆွေးမြည့်ပြီး ပျက်စီးချင်ပျက်စီးသွားပါစေ၊ ယူလို့မရဘူး။

ဒါပေမယ့် သူတို့နှစ်ယောက်က လူငယ်တွေ။

သည်လွှစင်နှင့်ခွဲသားတွေက စွန့်ပစ်ထားတာကြာနေပြီ။

ပြီးတော့ သူတို့လိုချင်တဲ့ သင်္ဂဒူကလည်း လုံးဝမတွေ့ဘူး။

ဒီတော့ နှစ်ယောက်စလုံး စဉ်းစားကြတယ်။

သစ်ခွဲသားတွေကို ယူသင့်၊ မယူသင့်တိုင်ပင်ကြတယ်။

စားရမှာလည်းသဲနှင့်ရှုပ်ရှုပ်၊ ပစ်ရမှာလည်းအဆီနှင့်ဝင်းဝင်းဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ ကိုနိုင်ရော၊ ထွန်းထွန်းဝင်းရော နှစ်ဦး သဘောတူဆုံးဖြတ်လိုက်ကြတယ်။

"ငါးမရတဲ့အတူတူ၊ ရေချိုးပြန်ကြမယ်" တဲ့။

## သရဲစီးတဲ့ ကျွဲနစ်ကောင်

လှိုက ပေနှစ်သယ်လောက်နက်တယ်။

အတက်အဆင်းကလည်း ကြမ်းသလားမမေးနဲ့။ လှေကား ထောင်ထားသလို မတ်နေတယ်။

ကိုနိုင်နှင့် ထွန်းထွန်းဝင်းတို့နှစ်ယောက်စလုံး သစ်ခွဲသား တွေကို ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းသယ်ပြီး အပေါ်ကို တင်ကြ ရတယ် ...

လှိုပေါ်ရောက်မှ စွပ်စွဲလို့ရအောင် အသင့်ပြင်ထားကြ တယ်။

ပြီးတာနှင့်လှည်းစခန်းမှာ ,အပ်ထားခဲ့တဲ့ ကျွဲတစ်ရှည်းကို သွားယူရင်း စွပ်ဆွဲဖို့လမ်းကြောင်းရှာရတယ်။

သစ်ခွဲသားတွေတွေ့တဲ့နေရာကနေ လှည်းစခန်းအထိ လမ်းမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်အဆင်ပြေမယ့် လမ်းတစ်ခုတော့ သူတို့ရှာတွေ့တယ်။

အဆင်ပြေမယ်ဆိုတာကောင်း လမ်းမှာဆယ်ပေလောက်နက်တဲ့ချောက်တစ်ခုခံနေတယ်။

စွပ်ဆွဲလာလို့ အဲဒီနေရာကို ရောက်ရင်၊ သစ်စွပ်ကိုဖြုတ်ပြီး ကျွဲတွေချည်းချောက်ရဲ့အောက်ဘက်ကို အရင်ပို့ရမယ်။

ကျွဲတွေအောက်ရောက်မှ ခွဲသားစွပ်ကို ချောက်ပေါ်ကနေတွန်းချရမယ်။

ပြီးမှ သစ်စွပ်ကို ကျွဲနှင့်ပြန်ဆွဲသွားရမယ်။

သစ်ဆွဲလမ်းပေါ်က ချောက်ကိုဒီလိုနည်းနှင့် ကျော်ဖြတ်ပြီးရင်ရပြီ။

သူတို့နှစ်ယောက်လှည်းစခန်းမှာ ထမင်းစား၊ တစ်ရေးအိပ်ပြီးမှ ကျွဲတွေကိုယူလာကြတယ်။

သစ်ခွဲသားစွပ်ကိုဆွဲဖို့ ကျွဲနှစ်ကောင်ရဲ့ ပုခုံးပေါ်မှာထမ်းပိုးတုံးတင်ပြီးသား။

ထမ်းပိုးတုံးမှာလည်း သစ်စွပ်ကိုဆွဲဖို့သံကြိုးပတ်ထားပြီးသားအဆင်သင့်ပဲ။

လူတွေလည်းမမြင်၊ မသိအောင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲတွေလည်းအေးအောင်၊ ညဘက်မောင်းဖို့စီစဉ်ထား ကြတယ်။

ညရှစ်နာရီလောက်မှာ သစ်ခွဲသားတွေထားတဲ့ လှိုဏ်ထိပ်ကို ရောက်တယ်။

ဘာကြောင့်လဲမသိဘူး။

ဒီနေရာမရောက်ခင်ကတည်းက ကျွဲတွေဂနာမငြိမ်ဖြစ်နေ တယ်။

နှာတရှူးရှူးမှုတ်ပြီး ရှေ့မတိုးချင်သလို ပေကပ်ကပ်လုပ် နေကြတယ်။

လှိုဏ်နားနီးလာလေပိုပြီးဂနာမငြိမ်ဖြစ်လေနှင့် လှိုဏ်ထိပ်လည်း ရောက်ရော ထိန်းမရတော့ဘူး။

အတင်းရိုက်၊ အတင်းထိန်းပြီး သစ်စုပ်ကိုသံကြိုးနှင့် မနည်း ချည်ရတယ်။

ကျွဲတွေကတော့ လန့်ပြီးတဝုန်းဝုန်းရုန်းနေတုန်းပဲ။

ကိုနိုင်က ကျွဲနှစ်ကောင်ရှေ့ကနေ ထမ်းပိုးဒုန်းကို ထိန်းထားရတယ်။

ထွန်းထွန်းဝင်းက နောက်ကနေကျွဲတွေရဲ့ နှဖားကြိုး တွေကို အတင်းဆွဲနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲတွေကလည်း ဘာကိုလန့်တာလဲမသိဘူး။

ပြောင်းဆန်အောင်ကို တဝုန်းဝုန်းရုန်းလို့ပဲ။

နောက်ဆုံးမှာ ကျွဲကြီးနှစ်ကောင်ရဲ့အားကို သူတို့နှစ်ယောက်မထိန်းနိုင်တော့ဘူး ...

ကိုနိုင်က ရှေ့မှာ ထိန်းနေရာကနေ မနိုင်တော့လို့ ဘေးကိုခုန်ထွက်လိုက်ရတယ်။

ရှေ့ကထိန်းတဲ့သူမရှိတော့ ကျွဲနှစ်ကောင်ကြောက်အားလန့်အားခုန်းစိုင်းပြေးတယ်။

ထွန်းထွန်းဝင်းက နဖားကြိုးတွေကို လွှတ်လိုက်ရတယ်။

ကျွဲနှစ်ကောင်သစ်စွပ်တန်းလန်းနှင့် ခုန်းစိုင်းသွားတဲ့နောက်ကိုသူတို့နှစ်ယောက် ခွေးပြေးဝက်ပြေးပြေးပြီး လိုက်ကြရတယ်...

"ကိုနိုင်၊ အမြန်လိုက်၊ အမြန်လိုက် ...

နဖားကြိုးကို ဆွဲထားမှ ဖြစ်မယ်။ ရှေ့မှာ ချောက်ရှိတယ်ဟုတ်တယ်ရှေ့မှာ ၁၀ ပေလောက်နက်တဲ့ ချောက်ရှိတယ်"

နဖားကြိုးကိုအချိန်မီဆွဲထားနိုင်မှ

ကြောက်အားလန့်အားပြေးသွားလို့ ကျွဲတွေချောက်ထဲကျရင်သွားပြီ။

www.burmeseclassic.com


ဒီတောင်ပေါ်မှာ မြေကျွဲလက်ကျွဲဖြစ်ရင် ဘယ်လိုမှ မသယ်နိုင်ဘူး။

ကျွဲဖြစ်ဖြစ်၊ နွားဖြစ်ဖြစ်၊ အမဲပေါ်ပြီး ထမ်းသွားမှပဲရမယ်။

ကိုနိုင်ကျွဲစွပ်နောက်ကိုမီအောင် အတင်းပြေးလိုက်တယ်။

အဲဒီအချိန်မှာ ရုတ်တရက် သူ့ရှေ့ကို ဖြူဖြူအကောင်ကြီး တစ်ကောင် ခုန်ကျလာတယ်။

ဖြူဖြူအကောင်ကြီးက အရပ်ခြောက်ပေနီးပါးရှိတဲ့ ကိုနိုင်ကတောင် မော့ကြည့်ရတယ်။

ကိုယ်လုံးကိုယ်ထည်ကလည်း ကိုနိုင့်ထက် နှစ်ဆလောက်ကြီးတယ်။

ထူးခြားတာက လူပုံသဏ္ဍာန်ဖြူဖြူအကောင်ကြီးဆိုတာပဲ သိရတယ်။

မျက်နှာကို သေသေချာချာ မမြင်ရဘူး။

ပြေးရင်း၊ လွှားရင်းမှာ ရှေ့ကို ရုတ်တရက် ကျလာတာဆိုတော့ ကိုနိုင်လန့်သွားတယ်။

ဒါပေမယ့် လက်ကလည်း အလိုလို တုန့်ပြန်လိုက်တယ်။

အပြေးသွားရင်းကပဲ လက်ထဲမှာ ကိုင်ထားတဲ့ ဓားတုတ်နဲ့ ရိုက်ချလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


ဖြူဖြူအကောင်ကြီး ဖျတ်ခနဲ ပျောက်သွားတယ်။

အဲဒီအချိန်မှာ ကျွဲစွပ်က တဝုန်းဝုန်း ပြေးနေတုန်းပဲ။

"ချောက် ... ချောက် ... ချောက်ထဲကျတော့မယ် ... ကျတော့မယ် ..."

ကိုနိုင်အလန့်တကြား အော်နေတုန်းမှာပဲ ကျွဲတွေက ချောက်ထဲ ခုန်ချသွားတယ်။

သစ်စွပ်ကလည်း ဝေါခနဲ၊ ဝေါခနဲ ကျွဲတွေဆွဲရာနောက်ကို ပါသွားတယ်။

လွှစင်စောင့်သရဲ

ချောက်ထဲကို ကျွဲတွေကျသွားတဲ့အသံ၊ သစ်စွပ်တွေ ကျသွားတဲ့အသံကို ကြားရတယ်။

နည်းတဲ့အသံကြီးမဟုတ်ဘူး။ ဖုန်းခနဲ၊ အုန်းခနဲပဲ။

ချောက်ထဲကို ကျလို့ ကျွဲတွေလဲသွား၊ ရပ်သွားတာနဲ့ နောက်ကအရှိန်နှင့်ပါလာတဲ့ သစ်စွပ်က ကျွဲတွေကို ပြေးဆောင့်မှာ-

သေရင်သေ၊ မသေရင်ခြေကျိုး တစ်ခုခုပဲ။

ကျွဲတွေပေါ့ တာ၊ မြောင်းဆန်အောင် ထိန်းမရတော့ ခဏ ခဏ ကြုံဖူးပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



သရဲသရွှေတွေ့လို့ လန့်ပြီးပြေးတာလား ...

တစ္ဆေသရဲကပဲ ကျွဲတွေကို မောင်းနေတာလား ...

ဒီ့မှမဟုတ် ကျွဲတွေကို သရဲဝင်ပူးနေလို့ ထိန်းသိမ်းမရအောင် ပြောင်းဆန်နေတာလား ...။

ပြီးတော့၊ နာနာဘာဝ မြေမြူအကောင်ကြီးကလည်း ဘာလဲ၊ ထူးခြားတယ်ဆိုတာ သိပေမယ့် ဘာဆိုတာ စဉ်းစားလို့ကို မရဘူး။

ချောက်ထဲခုန်ချတဲ့ ကျွဲတွေကလည်း ကံကောင်းလို့ အစ်ကိုရေ ...

ဒီလောက် အမြင့်ကြီးက ကျွဲအရှည်းလိုက်၊ သစ်ငုတ်နှင့် ကျတာတောင် ဘာမှမဖြစ်ဘူး။

ချောက်ထဲကျပြီးတာနှင့် ဆက်ပြေးသွားလိုက်တာလည်း စခန်းရောက်မှပဲ ရပ်တော့တယ်။

အဲဒီတော့မှ ကျွဲတွေလည်း ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်။

ကျွန်တော်တို့လည်း ကျွဲတွေကို ခဏအနားပေးပြီးမှ တည္ထက်ကွင်းကို ညတွင်းချင်းရောက်အောင် ပြန်ခဲ့ကြတယ်။

နောက်နေ့ကျ အဘဆီသွားပြီး ညက အဖြစ်အပျက်ကို ပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကယ်တော့ ကျွန်တော်တို့ကသာ ဘာမှမသိတာ။

အဘက အကုန်သိနေတာပဲ။

အဘပြောပြလို့ ကျွန်တော်တို့လည်း အကျိုးအကြောင်း စုံစုံလင်လင် သိရတာ။

တောင်ခြေရွာက သားအဖသုံးယောက် သက်န်းပင်ကြီး တစ်ပင်လှဲပြီး ကျွန်တော်တို့တွေ့တဲ့ လျိုကြီးထဲမှာ လွှစင်ထောင်ပြီး ခွဲနေကြတာတဲ့။

ပထမတစ်တုံးကို ခွဲသားတွေ ခွဲပြီးပြီ။

ဒုတိယသစ်တုံး ခွဲနေတုန်းမှာ လွှစင်ပြိုကျသွားတယ်။

သစ်တုံးအောက်က လွှဆွဲနေတဲ့ သားအကြီးကောင် သစ်တုံး ပိပြီး ဆုံးသွားရှာတယ်။

သူ့အလောင်းကို အဲဒီ လျိုထဲမှာပဲ မြှုပ်ထားပြီး မြေပုံ ပေါ်မှာ သစ်ခွဲသားတွေ ပုံထားခဲ့တာတဲ့။

သေသူဟာလည်း သစ်သားတွေနှင့် လွှစင်ကို စွဲလန်း သွားတော့ အဲဒီနေရာမှာပဲ သစ်ပုံကိုစောင့်တဲ့ နာနာဘာဝဖြစ်သွား ရရှာတယ်။

အဲဒီနားရောက်တိုင်း တစ္ဆေခြောက်ခံရလွန်းလို့ ဘယ်သူမှ မသွားကြဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကသာ ဘာမှန်းမသိ၊ ညာမှန်းမသိ ယူလာခဲ့ကြတာ။

သေတော့မလို့၊ ကံကောင်းလို့သာပေါ့။

ကျွန်တော်တို့နှစ်ယောက်လည်း အဲဒီသစ်တွေကို မရောင်းလိုက်ဘူး။

သေသူတွေကုသိုလ်ရအောင်ဆိုပြီး ဘုန်းကြီးကျောင်းကို လှူပစ်လိုက်ကြတယ် ...”

ကိုနိုင်က လွှစင်စောင့်သရဲနှင့် သူတို့နှစ်ယောက်ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို အဆုံးသတ်လိုက်ပါတယ်။

စာရေးသူနှင့် ကိုနိုင်တာ ပြီးတော့ဘုံသား တစ္ဆေသရဲ၊ နာနာဘာဝတွေအကြောင်းဆက်ပြီး ပြောနေကြတယ်။

စကားပြောနေကြရင်း သူတာ တစ်ခုတစ်ရာကို သတိရသွားတန်တူပါတယ် ...

ပြီးခဲ့တဲ့ တစ်လလောက်ကလည်း သရဲခြောက်တယ်လို့ နာမည်ကြီးတဲ့နေရာကို ကျွန်တော်ရောက်သွားခဲ့သေးတယ် ...

အဲဒီနေရာကလည်း တောင်ပေါ်မှာ တကယ့်ကို နာမည်ကြီးပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်၊ ကျွန်တော်ကတော့ ဘယ်သိမှာတုန်း၊ မသိလို့ လုပ်မိတာကြောင့်လည်း၊ ကျွန်တော့်ကို ခွင့်လွှတ်လိုက်တာနှင့်တူပါတယ်။

ကိုနိုင်က နောက်ထပ် ဖြစ်ရပ်မှန် နာနာဘာဝဇာတ်လမ်းတစ်ပုဒ်ပြောဖို့ စပြီး နိဒါန်းပျိုးပြန်ပါတော့တယ်။

တောင်ယာစောင့်နာနာဘာဝ

ကိုနိုင့်မှာ ကားဘော်ဒီအိမ်ဆင်ထားတဲ့ ထော်လာဂျီလေးတစ်စီးရှိတယ်။

အဲဒီထော်လာဂျီလေးနဲ့ ဝပ်းတိုက်၊ သဲတိုက်၊ အုတ်သယ်ဖွဲ့သယ် လုပ်ရတယ်။

တစ်နေ့မှာ သူ့ရဲ့ထော်လာဂျီကို အင်ဂျင်အသစ် လဲလိုက်တယ်။

အင်ဂျင်လဲပြီးကာစ အလုပ်လည်းမရှိတာနှင့် တောင်ပေါ်တက်ပြီး ဝါးခုတ်ဖို့ ကိုနိုင်စီစဉ်တယ်။

ထော်လာဂျီကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တဲ့ အရေးအကြောင်းရှိရင် အားကိုးရတဲ့ ကိုဇော်[illegible] မောင်ရွှေမြင့်ကိုခေါ်ပြီး ပဲခူးရိုးမပေါ် တက်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လှည်းစခန်းရောက်တော့ တွေလာကျိုတို အခ်တယ်၊ မြီးတာနှင့် ဝါးခုတ်ဖို့ တောတိုးကြတယ်။

"တောတိုး"တယ်သာပြောရတာ ဟိုတုန်းက စိမ့်ကြီး၊ မြိုင်ကြီး၊ ရိပ်ချည်းတောတောင် ပဲခူးရိုးမဟာ ခုတော့ ကတုံးရိုးမ ဖြစ်နေပြီ ...။

သစ်ကြီးဝါးကြီးဆိုတာ ရှားပါးပစ္စည်းဖြစ်သွားပြီ။

ခဲရာခဲဆစ် ဝေးဝေးလံလံသွားပြီး ရှာနိုင်မှရတော့တယ်။

ဒီပေမယ့်၊ ကိုနိုင်တို့အဖွဲ့ ကံကောင်းသွားတယ်။

လှည်းစခန်းနှင့် တောင်နှစ်လုံးအကျော် စမ်းမြောင်ထဲမှာ ကြသောင်းဝါးရုံကြီးတွေ တွေ့တယ်။

စမ်းမြောင်းရဲ့အထက် ဆင်ခြေလျှောတစ်လျှောက်မှာ မြတ်၊ ဇရုံ့သွားစတဲ့ တင်းသီးတင်းရွက်တွေနှင့် သီးမွှေးငှက်ပျောတွေ စိုက်ထားတယ်။

ဆင်ခြေလျှောရဲ့ အထက်တောင်ပေါ်မှာက ခြေတံရှည် တောင်ယာတဲလေးတစ်လုံးရှိတယ်။

ကိုနိုင်တို့အဖွဲ့တောင်ယာတဲပေါ်တက်ကြည့်တယ်။

ဘာမှမတွေ့ရဘူး။ တဲအခွံပဲရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လူမနေတာကြာပြီကွ ..."

ကိုနိုင်ကဘဲကို ကြည့်ပြီးပြောလိုက်တယ်။

အမိုး၊ အကာ၊ အခင်း၊ အားလုံးပျက်စီးယိုယွင်းနေတယ်...

တောင်ယာထဲမှာခဏတစ်ဖြုတ်နားပြီးတာနှင့် အောက်ဘက်စမ်းချောင်းထဲဆင်းပြီး ငါးရှာကြတယ်။

ငါးကြီးတွေကလည်း လုံးပတ်နှစ်ထွာလောက်ရှိတဲ့ ငါးကြီးတွေပတ်လည်မှာအပွေးတွေနှင့် သက်ရှင်ငါးကောင်းငါးသန့်တွေချည်းပဲ။

သုံးယောက်ခုတ်လိုက်တာ ကားတစ်စီးတိုက်ခဏပဲ။

ကျွဲဆိုင်းတွေငှား၊ ငါးစွပ်ခွဲပြီး လှည်းစခန်းပို့ကြ၊ ကားပေါ်တင်ကြတယ်။

သူတို့အဖွဲ့ငါးတွေ ကားပေါ်တင်နေတာကို ဦးတင်အုန်းက လာကြည့်ရင်း ...

"ဟ ငါးကြီးတွေက ကောင်းလှ သန့်လှချည်လားကွ၊ ဘယ်နေရာကရလာတာလည်း ..."

ဦးတင်အုန်းက မင်းလယ်ကျေးရွာက ဒါပေမယ့် လှည်းစခန်းမှာပဲ အမြဲနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မီးသွေးဖိုတွေဆီက မီးသွေးအိတ်တွေဝယ်ပြီး မြို့ကလာတဲ့ကုန်သည်ကို တစ်ဆင့်ပြန်ရောင်းတယ်။

ပြီးတော့၊ တောင်ပေါ်က ပစ္စည်းတွေမြို့ကိုသယ်ချင်ရင်လည်း အငှားထမ်းတယ်။

ပြောရရင် တောင်ပေါ်ရော၊ တောင်အောက်ရော လုပ်ကိုင်စားတဲ့သူ၊ နှံ့နှံ့စပ်စပ်သိတဲ့သူ။

ဦးတင်အုန်းရဲ့အမေးကို ကိုနိုင်က ပြန်ဖြေတယ်။

"တောင်နှစ်လုံးအကြော်မှာရှိတဲ့ စမ်းချောင်လေးထဲကလေ ဦးလေးရဲ့ ..."

နောက်ထပ်ကားတစ်စီးတိုက်လောက် ကျန်သေးတယ်"

"ဟော ခြေတံရှည်တောင်ယာတဲလေးရဲ့အောက်ဘက်က စမ်းချောင်လား ..."

ဦးတင်အုန်းက အလေန့တကြား၊ မျက်လုံးပြူးမျက်ဆံပြူး နှင့်မေးတယ်။

"ဟုတ်တယ်ဗျ၊ ဘာဖြစ်လို့တုန်း ..."

"ဟာ၊ မင်းတို့ဝါးတွေခုတ်နေတုန်းဘာမှ မဖြစ်ကြဘူးလား..."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့သုံးယောက်လုံး ဘာမှမဖြစ်ဘူးဗျ ပြောပါဦး ဦးလေးရဲ့ အကြောင်းကိစ္စရှိလို့လား"

"တာ၊ ကိုနိုင်ရ၊ အကြောင်းကိစ္စမှ သေးသေးလေးမဟုတ်ဘူးကွ အကြီးကြီး၊ အကြီးကြီး"

အဲဒီဝါးတွေက ပိုင်ရှင်ရှိတယ်ကွ

တောင်ယာထဲမှာ သူတို့ရှိတယ် ..."

"ဦးလေးကတော့ နောက်နေပြန်ပြီ၊ တောင်ယာတဲကို ကျွန်တော်တို့ တက်ကြည့်ခဲ့ပါတယ်။ ဘယ်သူမှမရှိဘူး"

"မင်းတို့တယ်ခက်တဲ့ကောင်တွေပဲ၊ ဒုက္ခတော့များတော့မှာပဲ ..."

အဲဒီတောင်ယာထဲမှာ ကရင်ဖထီးကြီးနှင့် အမိုးကြီးတို့ နှစ်ယောက်နေတယ်ကွ။

မင်းတို့က ဘယ်မြင်ရမလဲ။

ဖထီးကြီးတို့က နာနာဘာဝတွေဥစ္စ"

"ဗျာ နာနာဘာဝတွေဟုတ်လား"

"ဟုတ်တယ်ကွ၊ တောင်ယာထဲမှာနေပြီး ယာစိုက်စားတဲ့ ကရင်ဖထီးကြီးနှင့် အမိုးကြီးတို့နှစ်ယောက်စလုံး လွန်ခဲ့တဲ့နှစ် နှစ်လောက်က ဆုံးသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမိုးကြီးဆုံးပြီးတစ်လပဲကြာတယ်။ ဖထီးကြီးလည်း လိုက်ဆုံးတာပဲ။

ဒါပေမယ့် သူတို့နှစ်ယောက်စလုံး တောင်ယာတဲထဲမှာပဲ နေနေကြတယ်။

ညအခါ တောင်ယာထဲမှာ သီးနှံတွေခူးဆွတ်နေတဲ့သူတို့ နှစ်ယောက်ကိုတွေ့ကြရတယ်။

အေးတဲ့ညတွေကျတော့ ဖထီးကြီးနှင့်အမိုးကြီးတာ မီးပုံ လေးဖိုပြီး မီးလှုံနေတာ မြင်ကြရတယ်တဲ့။

ပြီးတော့ သူတို့ရဲ့ယာတဲနှင့် သီးနှံတွေ၊ စမ်းချောင်းထဲက ငါးတွေကို ဘယ်သူမှခုတ်လို့မရဘူး။

ခြောက်လှန့်လို့ထွက်ပြေးရတဲ့သူတွေချည်းပဲ။

တချို့ဆို သေတောင်သေသတဲ့။

မင်းတို့ကျမှ ဘာမှမဖြစ်တာ ငါတော့အံ့သြလို့မဆုံးဘူး...”

“ကျွန်တော်တို့ကတော့ မသိလို့ခုတ်မိသွားပြီဗျာ ဘာလုပ် ရင်ကောင်းမလဲဦးလေး”

“ငါ့စိတ်ထင်တော့ မင်းတို့မြို့ကို ပြန်အတက်လမ်းမှာ တစ်ခုခုလုပ်တော့မယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမဖြစ်အောင် အရင်သွားပြီးတောင်းပန်ထားကြ၊ ပြီးတော့မှ နောက်တစ်ခေါက်လာပြီး ကျွေးမွေးလိုက်။

တောင်းပန်ရင်ကျေအေးရမှာပေါ့ ...”

ကိုနိုင်တို့သုံးယောက်စလုံးဓောင်ယာထဲကို ပြန်သွားကြတယ်။

တောင်ယာတဲ ရှေ့မှာထိုင်ပြီး တောင်းပန်ကန်တော့ကြတယ်။

အဲဒီနောက်မှာတော့ တွေ့လာကျိုကို သတိကြီးကြီးထားမောင်းပြီးပြန်ခဲ့ကြတယ်။

ဏံတောင်းထောက်မစွာပဲ အိမ်ကိုချောချောမောမောပြန်ရောက်ကြတယ်။

ကိုနိုင်က နောက်တစ်နေ့မှာ တတ်ကျွမ်းနားလည်တဲ့သူကိုလွှတ်ပြီး ထမင်း၊ အရက်၊ ကြက်ဖိုကြက်မတွေနှင့် တောင်းပန်ကျွေးမွေးလိုက်တယ်။

လှည်းစခန်းနှင့် တောင်နှစ်လုံးအကြား၊ စမ်းမြောင်အထက်ကတောင်ယာထဲဟာ အခ်ပတန်နာမည်ကြီးတဲ့နေရာပါ။

ရံဖန်ရံခါ နေ့လယ်နေ့ခင်းမှာတောင် ဂ႒ရင်ပထီးကြီးတို့ဖနီးမောင်နှံကို တွေ့ရတယ်လို့ ပြောကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ယာသီးနှံလာခိုးသူတွေကို လှူယောင်ပြလိုက်၊ ပျောက်သွားလိုက်၊ အသံပေးလိုက်နှင့် ခြောက်လှန့်လို့ ဘယ်သူမှ မသွားရဲတဲ့နေရာပါ။

တကယ့်အမိကာရ နေရာကြီးကိုမှ ကိုနိုင်တို့အဖွဲ့က ဝါးတွေခုတ်မိလိုက်တယ်။ ဒါပေမယ့် ...

ကံအားလျော်စွာ ကိုနိုင်တို့သုံးယောက်စလုံး ဘယ်လိုဘေးအန္တရာယ်ဆိုးမှ မကျရောက်ခဲ့ကြဘူး။

ကိုနိုင်ကတော့ နာနာဘာဝဖြစ်နေရှာတဲ့ တောင်ယာစောင့်ဇထီးကြီးတို့ကို အချိန်မီတောင်းပန်ကျွေးမွေးလိုက်လို့သာ ဒုက္ခမရောက်ရတဲ့အကြောင်း စာရေးသူကို ကြက်သီးတဖျန်းဖျန်းထရင်း ပြောပြခဲ့ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# တစ္ေဆာ္ေခ်ာက္ခံရသူမ်ား

ကျွန်းပင်စောင့်သရဲ

"တစ်ခါမှဒီလိုမဖြစ်ဖူးဘူး" တဲ့၊ လွှသမားကပြောတယ်။

ကျွန်းပင်ကြီးတစ်ပင်လုံးပြတ်သွားပေမယ့်၊ မလဲဘူးရှား၊ လုံးဝလဲကျ မသွားဘူး။

ဟိုဘက်ယိမ်းမလိုလို၊ သည်ဘက်ယိမ်းမလိုလိုနှင့် ထောင်လျက်ကြီး တည်နေတယ်။

အရိုးအိုးထဲက ဝိဉာဉ်

နင်ကတော့ဟာ ပြောလိုက်ရင်တရားလွန်ပဲ။

သေနှောင်တော့လုပ်မလားဟ၊ သူ့အသိုးအဘွားတွေက ကလေး တွေကို ကျီစားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သရဲခြောက်တဲ့ ဒညင်းပင်ကြီး

ငိုနေတဲ့မိန်းမရဲ့မျက်နှာမှာ မျက်လုံးမျက်ခုံး နှာတံ၊ ပါးစပ်တစ်ခုမှ မရှိဘူး၊ ချပ်ပီတ်ကြီး

ကြောက်စရာမျက်နှာကြီးပေါ်မှာ သွေးတွေက မြင်မကောင်း အောင်ပေကျံနေတယ် ...

တစ္ဆေနှင်ပွဲ

သိတာရှိတဲ့အကြောင်ကို ဘယ်သူမှ လှည့်မကြည့်ကြဘူး။

သူတို့မျက်နှာတွေကလည်း ညှိုးညှိုးငယ်ငယ်တွေနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူရေးတဲ့ ဝတ္ထုဖြစ်ရပ်မှန် "ညောင်မှိုင်းဝင်က သခင်ရဲ" စာအုပ်ဟာ ကညွတ်ကွင်းမှာ လူတော်တော်ဖတ်တဲ့ စာအုပ်တစ် အုပ်ဖြစ်ခဲ့ပါတယ်။

ကညွတ်ကွင်းမှာ နှစ်တော်တော်ကြာနေခဲ့ဖူးတဲ့ စာရေးသူ ကိုသိကြတာရော ...

စာအုပ်ထဲမှာပါတဲ့ ကညွတ်ကွင်းမြို့ပတ်ဝန်းကျင်က ဖတ် လမ်းတွေကြောင့်ရော စိတ်ဝင်တစားဖတ်ကြတာ ဖြစ်ပါလိမ့်မယ်

ဘယ်လိုပဲဖြစ်ဖြစ်၊ စာရေးသူမှာတော့ အကျိုးကျေးဇူး ရှိခဲ့ပါတယ်။

အကျိုးကျေးဇူးကတော့ စာအုပ်ကို ဖတ်မိသူတွေထဲက အချို့တွေ သူတို့ကိုယ်တိုင်ကြုံခဲ့၊ တွေ့ခဲ့ရတဲ့ ဝတ္ထုသရဲ၊ နာနာ ဘာဝဇာတ်လမ်းလေးတွေပြောပြဖို့ စာရေးသူကို ဆက်သွယ်လာကြ ခြင်းပါပဲ။

အထူးသဖြင့် စာရေးသူနေခဲ့ဖူးတဲ့ ကညွတ်ကွင်း ဗိုလ် တဲရပ်က မိတ်ဆွေများပါ။

စာရေးသူဟာ သူတို့နှင့်တွေ့ဆုံဖို့အတွက် ရန်ကုန်က ကညွတ်ကွင်းကို ၂၀၁၄ မတ်လထဲမှာ နှစ်ခေါက်နဲ့ ဧပြီ တပေါင်းပတ်ထဲမှာ တစ်ခေါက်သွားခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောပြတဲ့ ဇာတ်လမ်းတွေကို နားထောင်ရင်းနှင့်ပဲ တနာဘာဖြစ်ရတဲ့အကြောင်းနှင့် တစ္ဆေသရဲတို့ရဲ့ သဘာဝကို သိနားလည်လာခဲ့ပါတယ်။

အဲဒီဇာတ်လမ်းတွေကို စာဖတ်သူကို မျှဝေပေးချင်တဲ့အတွက် တင်ပြလိုက်ရခြင်းဖြစ်ပါတယ်။

သူတို့ရဲ့ခွင့်ပြုချက်နှင့် ဖြစ်စဉ်အမှန်ကို အမည်နေရပ်အမှန်နှင့်ပဲ ရေးသားလိုက်ပါတယ်။

ကျွန်းပင်စောင့်သရဲ

ကျွန်းပင်ကြီးတစ်ပင် ...

ကညွတ်ကွင်းမြို့မြောက်ဘက်၊ တစ်မိုင်ခန့်အကွာ

နေသန်းချောင်းရထားလမ်းတံတားနှင့် ကျွန်းတောကျေးရွာ ရဲ့ကြားက ကျွန်းပင်ကြီးပါ။

ကျွန်းပင်ကြီးအောက်မှာ တစ္ဆေအရမ်းခြောက်လွန်းလို့ တင်းတဲကို ရထားလမ်းရဲ့အနောက်ဘက် ရွှေ့ခဲ့ရတဲ့အကြောင်း။

အရက်မူးနေတဲ့ ရထားလမ်းလုံခြုံရေးကင်းစောင့် ရွာသား တစ်ယောက် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပင်ကြီးက သရဲခြောက်တာကို မကျေမနပ်ဖြစ်ပြီး ကျွန်းပင်ကြီးခြေရင်းမှာ အပေါ့သွားစွန့်တယ် ...

ကျွန်းပင်ကြီးကို မရိုမသေ၊ မခန့်မညားလုပ်လိုက်တဲ့ အပြစ်ဒဏ်က ရထားအကြိတ်ခံရပြီး ခေါင်းပါပြတ်ထွက်သွားခြင်း ပါပဲ။

ဒီအကြောင်းကို စာရေးသူရေးတဲ့ "သွဲ့ကြိုးချကုန်း... တစ္ဆေ" ဆိုတဲ့ တစ္ဆေဖြစ်ရပ်မှန် စာအုပ်မှာ ရေးခဲ့ပါတယ်။

၂၀၁၄ မြို့ခုတိယပတ်၊ ကညွတ်ကွင်းကို ရောက်တော့ ကိုနိုင်က အဲဒီကျွန်းပင်ကြီးနှင့် ပတ်သက်တဲ့သတင်းကို ပြော... ပါတယ်။

အဲဒီကျွန်းပင်ကြီးကို လှဲပစ်လိုက်ပြီတဲ့။

"ဒီလိုအဓိကရ နာမည်ကြီး ကျွန်းပင်ကြီးကို လှဲလိုက်တော့ ထူးထူးခြားခြား ဘာတွေဖြစ်သေးလဲ" လို့ စာရေးသူက ကို... ကိုမေးမိပါတယ် ...

"ထူးခြားသလားတော့ မမေးနှင့် အစ်ကိုရေ၊ လျှပ်စစ်ချိန်းလှကြီးနှင့်ပြတ်တာ၊ ချိန်းသုံးခါတောင်ပြတ်... "တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး" တဲ့ လွှဆရာ...ပြောတ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်းပင်ကြီးတစ်ပင်လုံးပြုတ်သွားပေမယ့် မလဲဘူးဗျာ။ လုံးဝလဲကျမသွားဘူး။ တိုဘက်ယိမ်းမလို သည်ဘက်ယိမ်းမလိုနဲ့ ထောင်ရက်ကြီးတည်နေတယ်။

ကျွန်းပင်ရဲ့ အနောက်ဘက်မှာ ရထားလမ်းရှိလို့ အရှေ့ဘက်ကိုလဲကျအောင် လွှဆရာက သစ်ချန်တယ်။ လွှရာပေးတယ်။

အဲဒါကို ဘယ်ဘက်မှ မလဲပဲ ထောင့်ခံနေတယ်။

အားလုံးမျက်လုံးပြူးကုန်တာပေါ့။

ရထားလမ်းပေါ်လဲကျရင် ပြဿနာတက်ပြီ။

လဲကျတဲ့အရှိန်နှင့် လမ်းတွေပျက်သွားမယ် ရန်ကုန်-မန္တလေးအစုန်လမ်း ရော၊ အဆန်လမ်းရော ပိတ်သွားမယ်။

နောက်ဆုံးမှာ နားလည်တဲ့သူက အကြံပေးလို့ သံဃာတစ်ပါးပင့်ပြီး မေတ္တာရပ်ခံရတယ်။

အဲဒီတော့မှ လွတ်ကင်းတဲ့ဘက်ကို ကျွန်းပင်ကြီးလဲကျသွားတယ်။

ထပ်ပြီး ထူးခြားတာက မြွေဖြူလေးတစ်ကောင်ပါ။

ကျွန်းပင်ကြီးလဲကျသွားတာနှင့် ကျွန်းငုတ်ပေါ်ကို မြွေဖြူလေးတစ်ကောင် ချက်ချင်းတက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားတဲ့ ကျွန်းပင်ကြီးဘက် ခေါင်းလှည့်ပြီး ကြည့်နေ
တယ်။

မြွေဖြူဆိုတာကို တစ်ခါမှ မမြင်ဘူးကြတော့ ထူးလည်း
ထူးဆန်း၊ အံ့လည်းအံ့သြပြီး ကြည့်နေမိကြတယ်။

မြွေဖြူလေးလည်း လဲကျသွားတဲ့ ကျွန်းပင်ကြီးရဲ့ ကိုင်း
တွေထဲဝင်ပြီး ပျောက်သွားတယ်။

ညကျတော့ ကျွန်းတောကျောင်းက သံဃာတစ်ပါးက
အိပ်မက်ပေးတယ်။

ကျွန်းပင်ကြီးကို လှဲလိုက်တဲ့အတွက် နေစရာမရှိတော့လို့
နေစရာပေးပါတဲ့။

အဲဒါနဲ့ပဲ သူတို့နေဖို့ ကျွန်းငုတ်အေးမှာ နတ်စင်လို
စင်လေးတစ်ခုဆောက်ပေးထားရတယ်။

(စာရေးသူအနေဖြင့် ကျွန်းပင်ငုတ်နှင့် နာနာဘာဝတို့
နေထိုင်ရန် ပြုလုပ်ပေးထားတဲ့ စင်လေးကို ဓါတ်ပုံရိုက်ရန် စိတ်ကူး
ရှိသော်လည်း အချိန်မရ၍ ဓါတ်ပုံမရိုက်နိုင်ခဲ့ခြင်းကို သည်းခံပေး
လိုပါတယ်)

www.burmeseclassic.com

www.burmeseclassic.com



## အရိုးအိုးထဲက ဝိညာဉ်

သုဇိတာရုံကျောင်းက အုန်းမောင်းခေါက်တာနှင့် မပိုင်းစိန် အိပ်ရာက ထတယ်။

ဆွမ်းချက်ဖို့ ပြင်ဆင်တယ်။

သူတို့ မိုလ်တဲ ကွက်သစ်လမ်းက လူကြတန်းကြ၊ သဒ္ဓါ တရား ထက်သန်ကြလို့ထင်ရဲ့ ...

မြေသားလမ်း၊ လှည်းလမ်း လမ်းမကောင်းပေမယ့် ဆွမ်းခံ ကိုယ်တော်တွေ အများကြီးကြွတယ်။

မိုလ်တဲ၊ သုဇိတာ၊ ကျွန်းတောကျောင်းက ရဟန်း၊ သာမဏေ တွေအပြင် မွေ့သုခလိုရိပ်သာလို ကျောင်းတိုက်တွေကလည်း သံဃာ တန်းနှင့် ဆွမ်းခံကြွတဲ့လမ်း ...

ဒါကြောင့်လည်း မပိုင်းစိန် စောစောထပြီး ဆွမ်းချက်ဖို့ ပြင်ဆင်နေတာပါ။

မပိုင်းစိန် အိပ်ရာထတာနှင့် သားအငယ်နှစ်ယောက်ဖြစ်တဲ့ ကိုဇော်နှင့်အလှိုင်ကလည်း လိုက်ထတယ်။

မီးဖိုဘေးမှာ ငုတ်တုတ်လေးထိုင်နေကြတယ်။

မပိုင်းစိန်ကလည်း ကလေးနှစ်ယောက်ကို ပဲပေါင်းနဲ့ ထမင်းကျွေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ထမင်းစားပြီးတော့၊

"မေမေ အီအီးပါချင်တယ်" လို့ ပြောပြန်ရော၊

မပိုင်းစိန်လည်း ကလေးနှစ်ယောက်ကို အိမ်နောက်ဖေး ဘက်ပို့ပြီး ပွက်နေတဲ့ ထမင်းအိုးဆီ ပြန်လာခဲ့တယ်။

ခဏနေလို့ ထမင်းအိုးငှဲ့နေတုန်းမှာ ကလေးနှစ်ယောက်ရဲ့ အော်ဟိုင်ကို ကြားလိုက်တယ်။

မပိုင်းစိန်လည်း ထမင်းအိုးပစ်ချပြီး ကလေးတွေဆီ ပြေး သွားတယ်။

ကလေးတွေကတော့ အော်ဟိုနေတုန်းပဲ။

"အမေရေ ... တယ်ပဲပြီး။ လက်ကြီးနှင့်ကုတ်တယ်ဗျ" တဲ့။

မပိုင်းစိန် ကလေးတွေခေါ်ပြီး ရေတုံကင်မှာ ကိုယ်လက် သုတ်သင်ပေးတယ်။

ပြီးတော့မှ အကျိုးအကြောင်း မေးကြည့်ရတယ်

"သားတို့နှစ်ယောက် ဘာလို့အော်ကြတာလဲ ..."

"သားတို့ဖင်ကို လက်ကြီးနဲ့လာကုပ်တယ် အမေ၊ ပြီးတော့ ခေါင်းကိုလဲ ပုတ်တယ်။ ကျောကိုလည်း ပုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံးကို လုပ်တာလား ..."

"တုတ်တယ်၊ အမေသားတို့ နှစ်ယောက်စလုံးကိုလုပ်တာ"

မပိုင်းစိန် စဉ်းစားတယ်။

ဒီခြံမှာ ဘယ်သရဲမှ မရှိဘူး။ ဒီလိုအဖြစ်မျိုးလည်း တစ်ခါမှ မကြုံဖူးဘူး။

ဒီနေ့မှ ဘယ်လိုဖြစ်တာလည်း ...။

စဉ်းစားလို့လည်း မရဘူး။

ဒါနှင့်ပဲ ကလေးတွေကို အိပ်ရာထဲမှာ ပြန်သိပ်ထားလိုက်တယ်။

မနက်လင်းတော့ ကလေးတွေ အခင်းသွားတဲ့နေရာကို မပိုင်းစိန် သွားကြည့်တယ်။

တစ်ယောက်ယောက်လာပြီး စတဲ့နောက်တဲ့ ခြေရာလက်ရာများ တွေ့ရမလားလို့ပါ။

ထူးခြားတဲ့ ခြေရာလက်ရာ ဘာမှ မတွေ့ရဘူး။

ဒါပေမယ့် အဲဒီနေရာအနီးက ပေါက်ပင်မှာ အိုးလေးတစ်လုံး ချိတ်ထားတာ တွေ့ရတယ်။ အဝတ်နှင့်ပုံးပြီး နှီးနှင့်ချည်ထားတယ်။

"အရင်ကမရှိပါဘူး၊ ဘာအိုးပါလိမ့် ..."



www.burmeseclassic.com

www.burmeseclassic.com



မပိုင်းစိန် စဉ်းစားတယ်။

စဉ်းစားလို့မရတဲ့အဆုံးမှာ နီးကိုဖြည်ပြီး အိုးဖွင့်ကြည့်လိုက်တယ်။

အိုးလေးထဲမှာ တွေ့တာက အရိုးအစအနတွေ၊

မပိုင်းစိန်လန့်သွားတယ်။

"လူရိုးတွေများလား၊

ဒီ၊ ကိုတင်ဆောင်လက်ချက်ပဲ ဖြစ်ရမယ်၊

ဒီလူကြီး ဘာလုပ်ဖို့ ယူလာတာလည်း မသိဘူး"

မပိုင်းစိန်အိမ်ပေါ်တက်လာပြီး အိမ်ကပြင်မှာ ရေနွေးသောက်နေတဲ့ ယောက်ျားဖြစ်သူကို ရန်တွေ့တယ်။

"ကိုတင်ဆောင်ရဲ့ ဆော် ပေါက်ပင်မှာ ချိတ်ထားတဲ့အိုးထဲက လူရိုးတွေလား ..."

ကိုတင်ဆောင် ခဏတွေဝေသွားတယ်။ ပြီးတော့မှ

"အေး၊ တုတ်တယ်လေဟာ၊

သုသာန်ပြောင်းလို့ အဘိုးနှင့်အဘွားရဲ့ အရိုးတွေထဲက နည်းနည်းစီ ယူထားတာပါ ...

အဲဒီ၊ ဘာဖြစ်လို့လဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလည်း ...၊

တော် မဟုတ်ကဖုတ်က လုပ်တာအရေးမကြီးဘူး။ မနက်က ကလေးတွေ သေတာမလို့ ..."

မပိုင်းစိန်က မနက်ကကြုံရတဲ့အဖြစ်ကို ပြောပြလိုက်တယ်။

"နင်ကတော့ဟာ၊ ပြောလိုက်ရင် တရားလွန်ပဲ၊

သေအောင်တော့ လုပ်မလားဟာ၊ သူ့အတိုးအဘွားတွေက ကလေးတွေကို ကျီစားတာပါ ..."

"အမလေးတော်၊ ဒီလိုတော့ မကျီစားပါနှင့်၊

ကလေးတွေမပြောနှင့် ကျုပ်တို့ဆိုရင်လည်း လန့်မှာပဲ။

အခုချက်ချင်း တစ်နေရာရာကို သွားပို့ပါ ..."

မပိုင်းစိန်ရဲ့အမိန့်ကို ကိုတင်ဓေတင် မပယ်ရှားဝံ့ဘူး။

အရိုးအိုးကိုယူသွားပြီး သုသာန်မှာ မြေမြှုပ်လိုက်ရတယ်။

"ဖြစ်ခဲ့တာတော့ ကြာပါပြီ၊ ဒါပေမယ့် ဒီအကြောင်းကို မှတ်မှတ်ရရ ရှိနေတုန်းပဲ"

မပိုင်းစိန်က စာရေးသူကို ပြောရင်း၊

အသက်သုံးဆယ်ကျော် လူရွယ်တစ်ယောက်ကို [illegible]ပြတယ်။ ပြီးတော့မှ စကားဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအဖြစ်ကြောင့် တိုကောင်ဆို အိမ်ထောင်ကျ၊ ကလေးတွေရတဲ့အထိ သူ့မိန်းမက အိမ်သာလိုက်ပို့ပေးနေရတုန်းလေ ..."တဲ့။

## သရဲခြောက်တဲ့ ဒညင်းပင်ကြီး

ဒီအဖြစ်ပျက်ကို ပြောပြတဲ့သူက ကိုမြင့်နိုင် ဖြစ်ပါတယ်။

သူနေတာက ကညွတ်ကွင်း၊ ဗိုလ်တဲရပ်မှာပါပဲ။

ပန်းရံအတတ်၊ လက်သမားအတတ်မှာ ဆရာတစ်ဆူ ဖြစ်တဲ့အတွက် မြို့ပေါ်တင်မက အနယ်နယ်အရပ်ရပ်ကိုပါလှည့်ပြီး အလုပ်လုပ်တတ်သူပါ။

ပြီးခဲ့တဲ့လအနည်းငယ်ကတော့ မော်လမြိုင်ဘက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှာ သူလုပ်ရတယ်။

ချောင်းကျိုးရွာအနီးက စစ်တပ်ဆောက်လုပ်ရေး လုပ်ငန်းခွင်မှာပါ။

ကိုမြင့်နိုင်နှင့် အလုပ်သမားအဖွဲ့နေဖို့ အဆောင်ဆောက်ထားတယ်။

အလုပ်သမားအဆောင်နှင့်ကိုက်တစ်ရာလောက်အကွာမှာ ကြီးမားတဲ့ ဒညင်းပင်ကြီးတစ်ပင် ထီးတည်းကြီးရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပင်လုံးက လူနှစ်ယောက်ဖက်စာလောက်ရှိပြီး၊ အကိုင်း အခက်တွေက အုပ်ဆိုင်းနေတယ် ...

အဲဒီ ဒညင်းပင်ကြီးက သရဲခြောက်တယ်ဆိုတာကို ငြင်း ကြိုးရှာသာမကဘူး၊

ရွာနီးနားချင်း တည်ာရွာတို့၊ ထမင်းမစားရရွာတို့ကတောင် သိကြတယ်။

မသိသေးတာကတော့ ကိုမြင့်နိုင်တို့အဖွဲ့ပါ။

မသိသေးတဲ့သူတို့အဖွဲ့ကို ကျောင်းမှန်းကန်မှန်းသိအောင် ရောက်တဲ့ညမှာပဲ ဒညင်းပင်ကြီးက အကြောင်းပြပါတော့တယ်။

ညကိုးနာရီတိတိမှာ မိန်းမတစ်ယောက်ရဲ့ ရှိုက်ကြီးတငင် ငိုတဲ့အသံကို ကိုမြင့်နိုင်တို့အားလုံး စပြီးကြားလိုက်ကြရပါတယ်။

ပထမတော့ လင်မယားရန်ဖြစ်တာလားဆိုပြီး ဘာသိဘာသာ နေမိပေမယ့် ...

မရပ်မနား ငိုနေတဲ့အတွက် စိတ်ဝင်စားလာတယ်။

ငိုသံကြားရတဲ့ဆီကို ကြည့်မိကြတယ်။

ဒညင်းပင်ကြီးအောက်မှာ မိန်းမတစ်ယောက် ငိုနေတာကို အသေအချာတွေ့ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင် လရောင်ကြောင့် ဝိုးနေတဲ့ မိန်းမတစ်ယောက်ရဲ့ ပုံသာတွေ့ရပြီး ထင်ထင်ရှားရှား မမြင်ရဘူး။

ညတော်တော်နက်တော့ ဝိုးနေတဲ့မိန်းမ ပျောက်သွားပုံရတယ်။

ရှိုက်သံလေးပဲ တစ်ချက်တစ်ချက် ထွက်လာတော့တယ်။

အဲဒီမိန်းမ အုန်းပင်ကြီးအောက်ကနေ ဘယ်အချိန် ပြန်သွားတယ်၊ ဘယ်ဘက်ထွက်သွားတယ်ဆိုတာကို ဘယ်သူမှ မသိလိုက်ကြဘူး ...။

နောက်နေ့မနက်လင်းတော့ အုန်းပင်ကြီးအောက်မှာ ငိုကြွေးနေတဲ့မိန်းမအကြောင်းက သူတို့တစ်ဖွဲ့လုံးရဲ့ ပြောစရာစကားဖြစ်လာတယ် ...။

သူတို့ပြောစကားကို အလုပ်သမားတွေကို ကြီးကြပ်ရတဲ့ ဒေသခံအရာရှိတစ်ယောက်က ကြားသွားတယ်။

အဲဒီမိန်းမအကြောင်း သူတို့ကို ပြောပြတယ်။

ဒီတော့မှပဲ ညက အဖြစ်အပျက်တာ သရဲခြောက်နေတာပါလားဆိုတာ ကိုမြင့်နိုင်တို့အဖွဲ့ သိလိုက်ကြရတယ်။

တကယ်တော့ အဲဒီမိန်းမရဲ့အဖြစ်က ကြေကွဲစရာပါ။

သူ့မှာ ခင်ပွန်းသည်ရှိတယ်။

သူတို့လင်မယားဟာ အရမ်းချစ်ကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေမျှဝေပေးစရာ သားသမီးမရှိတဲ့အတွက် လင်ယောကျ်ားရဲ့အချစ်က ဇနီးဆီမှာ ပုံနေသလို …

ဇနီးသည်ရဲ့မေတ္တာတရားတွေကလည်း လင်ယောကျ်ားဆီမှာပဲ စုပုံနေတယ်တဲ့။

ရိုးသားပြီးအလုပ်ကြိုးစားတဲ့အတွက် စီးပွားရေးလည်းကောင်းကြတယ်။

တစ်နေ့တော့ သူတို့အိမ်ကို သေနတ်ကိုင်ထားတဲ့ ဓားပြတွေဝင်လာကြတယ်။

ဓားပြတွေက အိမ်မှာရှိသမျှ အဖိုးတန် ရွှေငွေပစ္စည်းတွေကိုရှာဖွေယူငင်ကြတယ် …

လင်ယောကျ်ားဖြစ်သူဟာ ဓားပြတွေရဲ့ လုပ်ရပ်ကို မခံမရပ်နိုင်ဖြစ်ပြီး ဓားတစ်ချောင်းဆွဲပြီး ပြန်လည်ခုခံလိုက်တယ်။

အိမ်ရှင်ယောကျ်ားရဲ့လက်ချက်နှင့် ဓားပြတစ်ယောက်အဆိုးရာရသွားတယ်။

ဒါပေမယ့် သေနတ်ကိုင်ထားတဲ့ဓားပြတွေက ဇနီးသည်ကိုဓားစာခံခေါ်ပြီး ဓားချိုင်းတယ်။

ယောကျ်ားဖြစ်သူလည်း ဇနီးသည်ကိုငဲ့ပြီး အညံ့ခံလိုက်ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဓားပြတွေဟာ ယောက်ျားဖြစ်သူကို ကြိုးတုပ်ပြီး ရှာပြင်ကို ခေါ်ထုတ်လာကြတယ်။

ဇနီးဖြစ်သူက သူ့ယောက်ျားကို လွှတ်ပေးဖို့ တောင်းပန်ပေမယ့် ဓားပြတွေက လက်မခံခဲ့ဘူး။

နောက်ဆုံးမှာ အမျိုးမျိုးနှိပ်စက်ပြီးမှ သေနတ်နှင့် ပစ်သတ်လိုက်ကြတယ်။

ဇနီးဖြစ်သူဟာ မျက်ဝါးထင်ထင် မြင်လိုက်ရတဲ့ ယောက်ျားရဲ့အဖြစ်ဆိုးကြောင့် ရှိုက်ကြီးတငင် ငိုကြွေးနေခဲ့တယ်။

ဓားပြတွေ ထွက်သွားတဲ့နောက် ရွာသားတွေရောက်လာပြီး ချော့မော့ဖျောင်းဖျတယ်။

အလောင်းကို သင်္ဂြိုဟ်ဖို့ စီစဉ်ကြတယ်။

မိန်းမဖြစ်သူကတော့ အလောင်းကို မျက်နှာအပ်ပြီး ဖက်ငိုနေတုန်းပဲတဲ့။

ရွာလူကြီးတွေကလည်း သူတို့လင်မယား ချစ်ကြတာကို သိလို့ “အားရအောင် ငိုပါစေကွာ၊ သူငိုပြီးမှပဲ သင်္ဂြိုဟ်မယ်” ဆိုပြီး စောင့်ကြည့်နေကြတယ်။

ယောက်ျားဖြစ်သူ အသတ်ခံရချိန်က ညကိုးနာရီတိတိတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်ဟာ အဲဒီအချိန်တနေ ရှိုက်ငိုနေလိုက်တာ မနက် လင်းအားကြီးလောက်မှ အသံတိတ်သွားတယ်။

မိန်းမကတော့ သူ့ယောက်ျားရဲ့ ရင်ဘတ်ပေါ်မှာ မျက်နှာ အပ်လျက်ပဲ။

ရွာလူကြီးတွေဟာ အလောင်းကိုယူဖို့ အိပ်ပျော်သွားတဲ့ မိန်းမကို အသာအယာ နိုးလိုက်ကြတယ် …။

အဲဒီတော့မှ မိန်းမဖြစ်သူဟာ သူ့ခင်ပွန်းသွားရာ သေမင်း နိုင်ငံကို တစ်ပါတည်းလိုက်သွားတယ်ဆိုတာ သိလိုက်ကြရတယ်။

ဓားပြတွေလက်ချက်နှင့်သေသွားတဲ့ ခင်ပွန်းသည်နှင့် ရင်ကွဲ နာကျပြီး သေဆုံးသွားရတဲ့ ဇနီးသည်ရဲ့အလောင်းတွေကို သူတို့ သေဆုံးခဲ့ရတဲ့ ဒညင်းပင်ကြီးအောက်မှာပဲ မြှုပ်နှံပေးခဲ့တယ်။

ဒါကြောင့် သူ့ယောက်ျားသေသွားတဲ့ ည(၉)နာရီရောက် တိုင်း မိန်းမဖြစ်သူပေါ်လာပြီး ရှိုက်ကြီးတငင် ငိုနေတာလို့ ပြောပြ တယ် …။

အဖြစ်အပျက်က ရင်နင့်စရာပေမယ့်၊ ခက်နေတာက သရဲခြောက်တယ်ဆိုတဲ့ ကိစ္စပဲ။

ကိုမြင့်နိုင်တို့တစ်ဖွဲ့လုံး ကြောက်လန့်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လင်ယောကျ်ားသေတာကို စွဲလန်းစိတ်နှင့်

ကွယ်လွန်ခဲ့ရတဲ့ မိန်းမပဲဟာ ...

သူသေဆုံးခဲ့ပြီဆိုတာတောင်မှ သိသေးရဲ့လား ...။

နာနာဘာဝဘဝရောက်တဲ့အထိ ဆက်လက်ပိုကြွေးနေတာ

လားဆိုတာတော့ သိဖို့မလွယ်ပါဘူး ...။

ကိုမြင့်နိုင်တို့နေတဲ့ အလုပ်သမားတန်းလျားနှင့် အညင်းပင်

ကြီးကလည်း သိပ်မဝေးဘူး ...။

နောက်နေ့မှာလည်း ည(၉)နာရီထိုးတာနဲ့ အဲဒီမိန်းမရဲ့

ငိုကြွေးသံကို ကြားကြရတယ်။

နောက်နေ့တွေမှာလည်း ကြားနေရသည်ပဲ။

တစ်ရက်မှာ ကိုမြင့်နိုင်တို့အဖွဲ့ထဲက သတ်သေဘ

တစ်ယောက်ဟာ ငိုနေတဲ့မိန်းမကို ဓာတ်မီးထိုးကြည့်လိုက်တယ်

တစ်ဖွဲ့လုံး လန့်ဖျပ်သွားကြတယ်။

ငိုနေတဲ့မိန်းမရဲ့မျက်နှာမှာ ...

မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်တစ်ခုမှ မရှိဘူး။

ချပ်ပိတ်ကြီး၊

ကြောက်စရာမျက်နှာကြီးပေါ်မှာ သွေးတွေက မြင်ကော

အောင် ပေကျံနေတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏပဲ မြင်တွေ့ရပြီး အဲဒီမိန်းမပျောက်သွားပေမယ့် သွေးတွေပေကျံနေတဲ့ ရုပ်ပျက်ဆင်းပျက် မျက်နှာချပ်ပိတ်ကြီးကတော့ သူတို့မျက်စိထဲမှာ ဘယ်လိုမှ ပျောက်ဖျက်မရကြဘူး။

ဒါနဲ့ပဲ မဝေးတော့တဲ့ လုပ်အားခရှင်းမယ့်နေ့ကိုတောင် မစောင့်ဘဲ ...

နေရပ်ကို အမြန်ဆုံးပြန်လစ်လာခဲ့ကြပါတော့တယ်။

## တစ္ဆေနှင်ပွဲ

ကညွတ်ကွင်းမြို့ရဲ့ တစ္ဆေနှင်ပွဲက ထုံးစံအတိုင်း သင်္ကြန်အလွန် နှစ်ဆန်းတစ်ရက်နေ့ပါ။

နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း ရပ်ကွက်တိုင်း၊ လမ်းတိုင်းမှာ တစ္ဆေနှင်ပွဲကျင်းပကြတယ် ...

ညနေ နေချိုတာနှင့် ကျောင်းတိုက်အသီးသီးက သံဃာတော်တွေဟာ ပင့်ဖိတ်ထားရဲ့ ရပ်ကွက်တွေ၊ လမ်းတွေကိုကြွပြီး မေတ္တာသုတ်တွေ၊ ပရိတ်တရားတော်တွေ ရွတ်ဖတ်ကြတယ်။

ရပ်ကွက်သူရပ်ကွက်သားတို့ရဲ့ ဆန္ဒအရလည်း ငှာ်ပြိတ္တာ တစ္ဆေသရဲတွေကို ရပ်ကွက်တွေ လမ်းတွေကနေ နှင်ထုတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနှင့် အိပ်တိုင်းအိပ်တိုင်းက မိမိတို့ အိပ်မြို့ခြင်းအတွင်း မကောင်းဆိုးဝါး တစ္ဆေသရဲတွေ မဝင်ရောက်နိုင်အောင် ပရိတ်ချည်တွေ ကာရံတာ၊ ပရိတ်သဲတွေကြဲပက်တာကို လုပ်ဆောင်ကြတယ်…

ညနေမှောင်ရီသန်းတာနှင့် သံပုံးတွေတီး၊ အမှိုက်မီးတွေ ရှို့လို့ တစ္ဆေနှင်ပွဲကို ပျော်ပျော်ပါးပါး ပြုလုပ်ကြတယ် …။

ဖြစ်ချင်တော့ အဲဒီနေ့မှာပဲ ကိုနိုင်မိန်းမသီတာဗိုက်နာတယ် ဆေးရုံမှာ ဗိုက်ခွဲပြီး ဒုတိယသမီးလေးကိုမွေးတယ်။

ခွဲခန်းကထွက်တော့ ညဆယ့်နှစ်နာရီထိုးတော့မယ်။

သီတာ့ကို အမျိုးသမီးလူနာခန်းတစ်ခန်းမှာ နေရာချပေး တယ်။

သီတာကတော့ မေ့ဆေးအရှိန်ရော၊ ပင်ပန်းတာရောကြောင့် အိပ်ပျော်နေတယ် …။

အသံဗလံတစ်ချို့ကြောင့် ရုတ်တရက် သီတာလန့်နိုးတဲ့ အချိန်မှာ အခန်းတစ်ခုလုံး တိတ်ဆိတ်နေတယ်။

သူ့ကို လူနာစောင့်နေတဲ့ သူတွေလည်း အိပ်မောကျ ကြတယ်။

လင်းထိန်နေတဲ့ ဖန်ချောင်းမီးရောင်အောက်မှာ သ… တည်း မျက်စိကြောင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ လူတွေ တစ်ယောက်ပြီးတစ်ယောက် သူ့ကုတင်ခြေရင်းကနေ ဖြတ်လျှောက်ပြီး အခန်းရဲ့အပြင်ဘက်ကို ထွက်သွားနေကြတယ်။

ထွက်သွားတဲ့လူတွေက မိန်းမရော၊ ယောက်ျားရော၊ ကလေးရော အစုံပဲ။ အယောက်နှစ်ဆယ်လောက်ရှိတယ်။

ထူးခြားတာက တစ်ယောက်ပြီးတစ်ယောက် တန်းစီပြီး ထွက်သွားနေကြပေမယ့် ဝင်လာသူက တစ်ယောက်မှမရှိဘူး။

ပြီးတော့ သီတာရှိတဲ့ဘက်ကို ဘယ်သူမှ လှည့်မကြည့်ကြဘူး။ သူတို့မျက်နှာတွေကလည်း ညှိုးညှိုးငယ်ငယ်တွေနဲ့။

ထူးဆန်းသလိုရှိပေမယ့် ဘာရယ်လို့တော့ သေသေချာချာ မသိဘူး။

ကြည့်နေရင်းပဲ သီတာရဲ့မျက်လုံးတွေလေးပြီး တစ်ခါ မှိန်ပြီး အိပ်ပျော်သွားတယ်။

သူနိုးလာတော့ နေတော်တော်မြင့်နေပြီ။

သူနေတဲ့အခန်းကို မျက်လုံးဝေ့ကြည့်ရင်း သီတာ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။

သူ့အခန်းမှာ ဆေးရုံအတွင်းကဝင်တဲ့ တံခါးမကြီးတစ်ခုပဲ ရှိပြီး၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ထွက်ပေါက်တံခါးမကြီး မရှိတာကို သတိထား မိလိုက်တယ် ...

"ညကတော့ ဝိုးခြေရင်းက ဖြတ်လျှောက်ပြီး လူတွေ အပြင်ကို ထွက်သွားနေကြတာပဲ ...

အခုကျတော့ အဲဒီထွက်ပေါက်မရှိတော့ဘူး၊

ဘယ်လိုဖြစ်တာပါလိမ့်"

ညက လူတွေထွက်သွားတဲ့ တံခါးမကြီးနေရာမှာ မြတင်း ပေါက်ပဲရှိတယ်။

သီတာ ဘယ်လိုမှ စဉ်းစားလို့မရဘူး။

အဲဒါနဲ့ပဲ ညကတွေ့တဲ့ လူတွေအကြောင်း အစ်မဖြစ်သူကို ပြောပြမိတယ်။

အစ်မဖြစ်သူက သီတာ့ကို အခြားအခန်းတစ်ခုမှာ ပြောင်းပြီး နေစေခဲ့တယ်။

ဆေးရုံကဆင်းလို့ အိမ်ပြန်ရောက်မှ အကြောင်းစုံ သိရ ပါတော့တယ်။

တကယ်တော့ အဲဒီနေ့က နှစ်ဆန်းတစ်ရက် ငွေမြှင် ပွဲနေ့၊



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်တိုင်း လမ်းတိုင်းမှာလိုပဲ ဆေးရုံဝင်းထဲမှာလည်း သံဃာတော်တွေ ကမ္မဝါဖတ်ပြီး မကောင်းဆိုးဝါးတွေကို နှင်ပေးခဲ့တယ်။

ရတနာသုံးပါးရဲ့ အမိန့်ကြောင့် ဆေးရုံမှာ တည်မှီနေတဲ့ နာနာဘာဝ တစ္ဆေသရဲတွေ ဆေးရုံကနေ ထွက်ခွာသွားကြခြင်းပါ။

ဖြစ်ချင်တော့ သူတို့ထွက်တဲ့လမ်းက သီတာနေတဲ့ အခန်းထဲက ဖြစ်နေတယ် ...။

သူတို့တာ သီတာ့ကုတင်ခြေရင်းကနေ ဖြတ်လျှောက်ပြီး ဆေးရုံအပြင်ဘက်ကို ထွက်ကြတယ်။

ပြီးတော့မှ လှမ်းမြင်နေရတဲ့ ခင်တန်းသုသာန်ဆီ ထွက်ခွာသွားကြတာပါ။

သီတာလည်း အဲဒီတော့မှပဲ ချွေးတွေပြန်ပြီး လန့်ဖျပ်သွားပါတော့တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

၄

# သူရဲတွေနှင့်နေတဲ့လူ

ခုနစ်ရက်ကြာမှ ပျောက်တုန်းကအဝတ်နဲ့ပဲ ကြေးနောင်ကွင်းထဲကနေ ပြန်ရောက်လာတယ်။

ပြန်ရောက်လာပေမယ့် သူ့အပြုအမူတွေက ထူးခြားနေတယ်။ အရင်လို မဟုတ်တော့ဘူး။

တစ်စုံတစ်ယောက်ရဲ့ ပြုစားတာကို ခံနေရသလို၊ တိုင်းနိုင်းတွေဝေဝေတဲ့ ဆေးတွေ တိုက်ကျွေးခံထားရသလို ဖြစ်နေတယ်။

သူ့နှုတ်ကတော့ "ပြန်သွားရမယ်၊ ပြန်သွားရမယ်" ဆိုတဲ့စကားကိုပဲ တတွတ်တွတ် ရေရွတ်နေသတဲ့။

မိသားစုဝင်တွေက ပယောဂဆိုတာသိပြီး ကြေးနောင်ကွင်းမှာ အရက်နဲ့ကြက်ဝိုင် ကြက်မကြွေးပြီး သွားတောင်းပန်ကြတယ်။

တောင်းပန်နေတုန်းမှာ အရက်ပုလင်း လဲကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဦးသိန်းဘင်းနှင့်သူငယ်ချင်း နာနာဘာဝနေတဲ့ယိန်ဖင်

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းတဲ့လူတစ်ယောက်

သူ့ကိုသိတဲ့လူတိုင်းက ထူးဆန်းတဲ့လူတစ်ယောက်လို့ အသိအမှတ်ပြုကြတယ် ...။

လူထဲက လူတစ်ယောက်ပေမယ့် အများနဲ့မတူတဲ့ ထူးခြားချက်တွေ သူ့မှာရှိလို့ ဖြစ်ပါတယ်။

သူ့နာမည်ရင်းက ဦးသိန်းဝင်းပါ။

ဒါပေမယ့် အားလုံးကတော့ "သရဲကြီးသိန်းဝင်း"လို့ပဲ သိကြတယ်။

သူ့မှာ မွေးထားတဲ့သရဲတွေရှိတယ်။

ခိုင်းချင်တာ ခိုင်းလို့ရတယ် ...။

သူက သရဲတွေကို နိုင်တယ်ဆိုတဲ့ သတင်းတွေကလည်း သရဲကြီးသိန်းဝင်းဆိုတဲ့နာမည်ကို လိုက်ဖက်အောင် ပံ့ပိုးနေသလိုပါပဲ။

"သရဲကြီးသိန်းဝင်းနဲ့တွေ့ဖို့ ပြောထားပြီးပြီ၊ အမြန်လာခဲ့ပါ"ဆိုတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ အကြောင်းကြားချက်ကြောင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၁ မှာ စာရေးသူရန်ကုန်က ထွက်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ဧပြီလ ၂၂ ရက်နေ့မှာ သရဲကြီးသိန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

အမှန်တကယ်တော့ သရဲကြီးသိန်းဝင်းနှင့်ပတ်သက်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို စာရေးသူ ရေးခဲ့ပြီးပါပြီ။

တစ္ဆေဖြစ်ရပ်မှန် "ဆွဲကြိုးချကုန်းကတစ္ဆေ" စာအုပ်မှာပါ။

ကိုယ်တိုင်တွေ့သိခဲ့သူတစ်ဦးရဲ့ ပြောပြချက်ကို အခြေခံပြီး ရေးသားခဲ့တာပါ။

အဲဒီအချိန်က သရဲကြီးသိန်းဝင်းနှင့် မတွေ့ရသေးတာကြောင့် ခေါင်းစဉ်ကို "သရဲကြီးစိုးမင်း"လို့ အမည်ပေးခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီ ဖြစ်ရပ်မှန်ဇာတ်လမ်းမှာ သရဲကို စပါးရိတ်ခိုင်းတာ၊ ကျောပိုးပြီး လိုက်ပို့ခိုင်းတာတွေကို ရေးသားထားပါတယ်။

အဲဒီဇာတ်လမ်းနှင့်ပတ်သက်လို့ မှန်ကန်မှု ရှိ/မရှိ စာရေးသူက မေးမြန်းတဲ့အခါ သရဲကြီးသိန်းဝင်းက "အားလုံး အမှန်တွေပါပဲ"လို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် သရဲကြီးသိန်းဝင်းလို့ နာမည်တစ်လုံးနှင့် နေတဲ့သူဆီမှာ သရဲတစ္ဆေနှင့်ပတ်သက်ပြီး အခြားဇာတ်လမ်းတွေ ရှိနိုင်တယ်လို့ ထင်မြင်တဲ့အတွက် သရဲကြီးသိန်းဝင်းနှင့်တွေ့ဖို့ စာရေးသူ စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်တင်ပြမယ့် ဇာတ်လမ်းများဟာ …

သရဲကြီးသိန်းဝင်းကိုယ်တိုင် ဖွင့်ဟပြောဆိုဝန်ခံထားတဲ့ ဖြစ်ရပ်မှန်များဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**သရဲနှင့်စတင်တွေ့ဆုံခြင်း**

မှတ်မှတ်ရရ၊ အဲဒီနေ့က ကျွန်တော်အနောက်ဘက်၊ ကြေးနောင်ကွင်းက ပြန်လာတာ …။

ညက တော်တော်မှောင်နေပေမယ့်၊ ကြယ်ရောင်လရောင်ကြောင့် ဝိုးတဝါး အလင်းရောင်တော့ ရှိနေတယ်။

တောင်ခြေဝန်းကျင် လယ်ကွင်းပြင်ထဲမှာဆိုတော့ မကောင်းဆိုးဝါး ငှက်ဆိုးတွေကလည်း ပေါ်မှပေါ်။

တစ်ခါ၊ တစ်ခါ၊ ဂီးခနဲ၊ ဂီးခနဲအော်ပြီး ကျွန်တော့်ခေါင်းပေါ် ထိုးချနေသလား အောက်မေ့ရတယ်။

ဒီလိုနေရာမျိုးတွေက ညအခါ တစ်ယောက်ထဲသွားဖို့ မသင့်တဲ့နေရာမျိုးတွေ …။

ကြည့်လေ နာမည်ကိုက ကြေးနောင်ကွင်းတဲ့၊

ကျတ်တွေ၊ နာနာဘာဝတွေ၊ ဥစ္စာစောင့်တွေ နေထိုင်ကျက်စားတဲ့ကွင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီကွင်းထဲမှာ လယ်လုပ်ရင် ကွင်းပိုင် နာနာဘာဝတွေကို လယ်ဝင် လယ်ထွက်ကျွေးရမွေးရတယ်။

အများအလွှင်းလုပ်မိလို့ ဘေးအန္တရာယ်ကျရောက်အောင် ပြုစားခံထားရရင်လည်း ထမင်း၊ အရက်၊ ကြက်ဖို၊ ကြက်မနှင့် ကျွေးမွေးတောင်းပန်ရတယ်။

ဒီလို ကိစ္စမျိုးတွေရှိလို့ ကျွေးချင်မွေးချင်တဲ့အခါမှာ နာနာဘာဝတွေကို ကြေးသံပေးပြီး ခေါ်ရ ဖိတ်ရတယ်။

တိုတုန်းက၊ ကြေးမောင်းလေးကို တနောင်-နောင်တီးပြီး ခေါ်ကြတာမို့ ကြေးနောင်ကွင်းလို့ နာမည်ကြီးခဲ့တာ။

(အခုတော့ ရွာတွေမှာ ကြေးမောင်းတွေ ရှားပါးသွားတဲ့အတွက် ကြေးဖလားကို ကြေးဇွန်းနှင့်တီးခတ်ပြီး ဖိတ်ကြားနှခေါ်ကြပါတယ်။)

တိုတုန်းက ကျွန်တော်တို့ ရွာမရပ်ထဲက ကိုထွေးဆိုတဲ့ လူတစ်ယောက် ကြေးနောင်ကွင်းထဲမှာ လယ်လုပ်နေရင်း ပျောက်သွားတယ်။

မိသားစုတွေရော၊ ဆွေမျိုးသားချင်းတွေရော နေရာအနှံ့ လိုက်ရှာကြပေမယ့် မတွေ့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်ကြာမှ ပျောက်တုန်းက အဝတ်အစားနဲ့ပဲ ကြေးနောင်ကွင်းထဲမှ ပြန်ရောက်လာတယ်။

ပြန်ရောက်လာပေမယ့် သူ့အပြုအမူတွေက ထူးခြားနေတယ်။ အရင်လို မဟုတ်တော့ဘူး။

တစ်စုံတစ်ယောက်ရဲ့ ပြုစားထားတာကို ခံနေရသလို ထိုင်းမှိုင်းတွေဝေနေတဲ့ ဆေးတွေတိုက်ကျွေးခံထားရသလို ဖြစ်နေတယ်။

သူ့နှုတ်ကတော့ "ပြန်သွားရမယ်၊ ပြန်သွားရမယ်"ဆိုတဲ့ စကားကိုပဲ တတွတ်တွတ် ရေရွတ်နေသတဲ့။

မိသားစုဝင်တွေက ပယောဂဆိုတာသိပြီး ကြေးနောင်ကွင်းမှာ အရက်နဲ့ကြက်ပို၊ ကြက်မကျွေးပြီး သွားတောင်းပန်ကြတယ်။

တောင်းပန်နေတုန်းမှာ အရက်ပုလင်းလဲကျသွားတယ်။

ဒါက တောင်းပန်တာကို လက်မခံဘူးလို့ ပြောလိုက်တာပဲ။

အဲဒီလို ဖြစ်ပျက်ပြီးတဲ့နောက် တစ်ပတ်အကြာမှာ ကိုထွေးရှုဝ်တရက် ပျောက်သွားပြန်တယ်။

လိုက်ရှာကြတဲ့အခါမှာ ကြေးနောင်ကွင်းထဲက ဖက်သန်းတောင်ပို့အနီးမှာ တွေ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒီအချိန်မှာ ကိုထွေး အသက်မရှိတော့ဘူး။

လူတွေကတော့ ကိုထွေးကို ဥစ္စာစောင့်မခေါ်သွားတာလို့ပဲ ခုချိန်ထိ ထင်မြင်၊ ပြောဆိုနေတုန်းပဲ။

ဒါက ကြေးနောင်ကွင်းရဲ့ နာနာဘာဝဇာတ်လမ်းများစွာ ထဲက တစ်ခုပါ။

ဒီလိုနာမည်ကြီးတဲ့ကြေးနောင်ကွင်းကို ကျွန်တော်ဖြတ်နေ ရတာပါ။

ဒီလိုနှင့် ကျွန်တော် ကွင်းချောင်းကိုရောက်လာတယ်။

ကွင်းချောင်းရေက ခန်းတော့မယ်၊ ခြေမျက်စိသာသာပဲ ကျန်တော့တယ်။

ကျွန်တော်ရေပြင်ကိုဖြတ်ပြီး ကွင်းချောင်းအရှေ့ဘက် ကမ်းပါးပေါ် တက်လိုက်တယ်။

အဲဒီကမ်းပါးထိပ်မှာပဲ သူ့ကို ရုပြီးတွေ့ရတယ်။ သူက ကျွန်တော်ပြန်အလာကို ထိုင်စောင့်နေတဲ့ပုံပဲ။

သူဆိုတာက ကျွန်တော့်ခါးလောက်ရှိတဲ့ ခွေးနက်ကြီး တစ်ကောင်ပါ။

ဒီလိုအချိန်၊ ဒီလိုနေရာမှာ၊ ဒီလိုအရွယ် ခွေးနက်ကြီးကို တွေ့တာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ နာနာဘာဝဆိုတာ ကျွန်တော်သိတယ်။

ဒါပေမယ့်၊

မိတ်ဆွေလား၊ ရန်သူလားဆိုတာတော့ ခွဲလို့မရသေးဘူး။

**အချစ်ဆုံးသူငယ်ချင်း**

ကွင်းချောင်းကမ်းပါးကနေ သရက်တောရွာဘက်ကို ကျွန်တော် လျှောက်လာခဲ့တယ်။

ခွေးနက်ကြီးက ကျွန်တော်နောက်ဘက် ခပ်လှမ်းလှမ်း ကနေ လိုက်လာနေတယ်။

လက်ရှိအနေအထားအရဆိုရင်တော့ ရန်ပြုမယ့်ပုံ မရှိဘူး။

ဒါပေမယ့် ယုံလို့တော့မရဘူး။

ကျွန်တော့်အလစ်မှာ ရန်ပြုချင် ပြုနိုင်တယ်။

ဘာပဲပြစ်ပြစ်၊ ခွေးနက်ကြီးကို ကျွန်တော်မကြောက်တာ တော့ အမှန်ပဲ။

ကျွန်တော်လက်ထဲမှာက လက်စွဲတော်လောက် လေးခွဲနဲ့ လောက်စာလုံး အဆင်သင့်ရှိတယ်။

လောက်စာလုံးက ရွံ့နှင့်လုပ်ထားတာ မဟုတ်ဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com


သံဘောသီးတွေ။ လေးခွကလည်း သားရေပင်နှစ်ထပ်နှင့်။ တော်ရုံ ယောက်ျားတစ်ယောက်တောင် မဆွဲနိုင်ဘူး။

ဒီလောက်လေးခွနှင့် တောဝက်ရအောင် ပစ်ခဲ့ဖူးတယ်။

နို့ဆီခွက်ထုတ်ချင်းခပ်ပေါက်အောင် အလေ့အကျင့်အစား လုပ်ပြီး ပစ်ပြခဲ့တယ်။

အဲကြောင့်လည်း ကျွန်တော်ပစ်တဲ့ကြက်၊ ငှက်မှန်သမျှ တယ်တော့မှ ခေါင်းမတွေ့ရတော့ဘူး။

အဲ ကြွားပြောတာမဟုတ်ဘူးနော်၊ ရွာမတစ်ရပ်ကွက်လုံး သိပြီးသားပါ။

ခွေးနက်ကြီးကို ရန်သူမိတ်ဆွေ ခွဲခြားဖို့စိတ်ကူးပြီး လမ်း တိုင်း ကျွန်တော်တအားပြေးသွားတယ်။

ခွေးနက်ကြီးကလည်း တအားပြေးလိုက်လာတာပဲ။

ကျွန်တော်မောလို့ရပ်မှ သူလည်း ရပ်တယ်။

ဒီလိုနှင့် ကျွန်တော်တို့ သရက်တောရွာကို ကျော်ပြီး င်မန်းခင်ဘုန်းကြီးကျောင်းကိုပါ လွန်လာခဲ့ပြီ။

ရှေ့မှာ ပေါက်ပင်တွေ့ကိုရောက်တော့မယ်။

ဒီပေါက်ပင်တွေ့တာ ကျွန်တော့်အချစ်ဆုံး သူငယ်ချင်း ခင်းကိုကင်းကြီး ကိုက်လိုက်တဲ့ကွေ့ပါ။


www.burmeseclassic.com

www.burmeseclassic.com



တင်းကြီးက ကင်းမြေများကြီး။

လူကြီးလက်နှင့် တစ်ထွာလောက်ရှည်ပြီး ကျောမြားက တစ်လက်မလောက်ရှိတဲ့ တင်းကြီးပါ။

ကိုဝင်းဟာ အဲဒီကင်းကြီးအကိုက်ခံရတဲ့ ဝေဒနာနှင့်ပဲ ကွယ်လွန်ခဲ့ရတယ်။

ပေါက်ပင်ကွေ့နားရောက်လာတော့ ခွေးနက်ကြီးက ကျွန်တော့်ကို ကျော်တက်သွားတယ်။

လမ်းပေါ်ကနေ့လန့်ဖြတ် လဲကျနေတဲ့ပေါက်ပင်ရဲ့ အေးမှာ သွားရပ်တယ် ...။

အဲဒီခဏမှာပဲ ... အဲဒီခဏမှာပဲ ...။

ကျွန်တော်တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေထပြီး တုန်လှုပ်ချောက်ချားသွားတယ်။

ပေါက်ပင်အေးမှာ ခွေးနက်ကြီး မရှိတော့ဘူး။

လူတစ်ယောက်၊ ဝါးခြမ်းပြားတစ်ချောင်းလို ပိန်ပိန်ရှည်ရှည် ခန္ဓာကိုယ်နှင့်။

"ကိုဝင်း ... သူငယ်ချင်း ..."

အံ့ဩဝမ်းသာစိတ်တွေနှင့် ကျွန်တော်အော်ခေါ်မိလိုက်တယ်။ ဟုတ်တယ်၊ အဲဒီ ကိုဝင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ လအနည်းငယ်ကမှ လူ့လောကကို စွန့်ခွာသွားခဲ့တဲ့ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းကိုဝင်းပါပဲ။

သရဲကြီးသိန်းဝင်း

လောကကြီးက ထူးဆန်းတယ်ဗျ။

ကျွန်တော်က လူပျိုအရွယ်ကတည်းက ဆံပင်အရှည်ကြီးထားတာ။

အဲဒါကိုကြည့်ပြီး သူငယ်ချင်းကိုဝင်းက ကျွန်တော့်ကို "သရဲကြီး" လို့ နာမည်ပြောင်ပေးပြီးခေါ်တာ။

တကယ် သရဲဖြစ်တော့ ကျွန်တော်မဟုတ်ဘဲ၊ သူဖြစ်သွားတယ် ...။

အဲဒီညက သူနှင့်ကျွန်တော် စကားတွေအများကြီး ပြောဖြစ်ခဲ့ကြတယ်။

ကျွန်တော်ကြေးနောင်ကွင်းဘက်သွားတာ သူသိတယ်တဲ့။

အဲဒါကြောင့် ကွင်းချောင်းကမ်းပါးထိပ်က ခွေးနက်ကြီးအနှံ့ခေါင်ပြီး စောင့်နေတာတဲ့ ...။

ဘယ်မှာနေတာလည်းလို့မေးတော့ နေစရာ အတည်တကျမရှိသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနီးမှာပဲ နေချင်တယ်လို့ပြောတယ်။

လူ့ဘဝတုန်းကလည်း မခွဲအတူတူဆိုတော့ ကျွန်တော် ဝမ်းသာသွားတယ်။

"သူငယ်ချင်း၊ ငါ့လယ်ထဲမှာ လိုက်နေကွာ"ဆိုပြီး ခေါ်ခဲ့တယ်။

သူရောက်လာတဲ့အချိန်ကစပြီး အခြား နာနာဘာဝ၊ တစ္ဆေ သရဲတွေနှင့်ပါ ကျွန်တော်ပတ်သက်လာရတယ်။ သိကျွမ်းလာရတယ်။

အဲဒီမှာ ကျွန်တော့်ကို သရဲကြီးသိန်းဝင်းလို့ ပိုပြီး လူသိများလာခဲ့တာပါ ...။

"ကိုသိန်းဝင်းရေ၊ ခင်ဗျား၊ သရဲမွေးထားတာလို့ လူတွေပြောကြတယ်။ အဲဒါ ဟုတ်လားဗျ၊ ပြီးတော့ သရဲတွေကို ဘာကျွေးရသလဲ ..."

"မှန်တာပြောရရင် ကျွန်တော်သရဲမွေးထားတာ မဟုတ်ပါဘူး"

သရဲမနှစ်ကောင်က တိုးအရင်ကတည်းက ရှိနေတာ။

သူငယ်ချင်းကို ကျွန်တော်ခေါ်လာတာ။

ဒါပဲရှိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွေးတာမွေးတာကတော့ တစ်သီးတစ်ခြား မရှိဘူး။ ကျွန်တော် ထမင်းစားရင် သူတို့အတွက် ပါလာတယ်။

ကျွန်တော်ရေသောက်ရင် သူတို့အတွက်ပါတယ်။

တစ်ခုတော့ရှိတယ်။ သူတို့ကလည်း သူတို့ဘာသာ ရှာစား တတ်ကြတယ်ဗျ။

သူတို့ကို ကျွန်တော်ပြောထားတယ်။

ငါ့လယ်ထဲကို ဖါခွင့်မပြုဘဲ လူလာတာ မကြိုက်ဘူး။

ငါးရှာ၊ စားရှာလာတာမကြိုက်ဘူးလို့ပြောထားတယ်။

အဲဒီလိုလူတွေ ကျွန်တော့်လယ်ထဲဝင်လာတဲ့အခါ သူတို့ ပညာနှင့်လုပ်တယ်။

ကျွန်တော့်လယ်ထဲမှာ တစ်ခုခုဖြစ်ပြီဆိုရင် ကျွန်တော် သိပြီ။

သူတို့ စားချင်သောက်ချင်လို့ဆိုတာ။

ဒီကြောင့် အမှားအယွင်းလုပ်ထားတဲ့သူကို ထုံးစံအတိုင်း ကျွေးမွေးလိုက်ဖို့ ကျွန်တော်ပြောရတယ်။

ဒီတော့မှ ကျရောက်နေတဲ့ရောဂါဝေဒနာတွေ ပျောက်ကင်း သွားကြတာဗျ။

ဒါက သူတို့နည်း၊ သူတို့တန်နှင့်ရှာစားကြသဘောပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ ပြောတာကြားဖူးတယ်။

သရဲအလွန်ခြောက်တဲ့ သစ်ပင်တစ်ပင်ကို ခင်ဗျားက ခုတ်လှဲပြီး အမြစ်ပါ တူးပစ်လိုက်တယ်တဲ့၊ အဲဒီကိစ္စ ဘယ်လိုဖြစ်တာတုန်း၊ ရှင်းပြပါဦး ..."

"အဲဒီကိစ္စက ဒီလိုဖြစ်တာဗျ ...

ကျွန်တော်လယ်ထဲမှာ ဖက်သန်းပင်တစ်ပင်ရှိတယ်။

အဲဒီအပင်မှာနေတဲ့ကောင်က တကယ်ကြမ်းတဲ့ကောင်၊

သူ့အရိပ်ခိုရင်တောင် လက်မခံဘူး၊

ဖျားအောင် နာအောင်လုပ်တယ်။

တစ်ခါတုန်းက လယ်နီးချင်းတစ်ယောက် အဲဒီအပင်အောက်မှာ နွားစာကျွေးလာထားတယ်။ နွားလာထားတယ်။ ဘာပြောကောင်းမလဲဗျာ၊ မနက်လင်းတော့ နွားနှစ်ကောင်လုံး သေနေတယ်။

ဒီလောက်ဆိုးတဲ့ကောင်။

ကျွန်တော့်သူငယ်ချင်းကို ခေါ်လာတာနဲ့ပတ်သက်ပြီး မကျေနပ်ဘူးနဲ့တူပါတယ် ...။

တစ်ည ကျွန်တော် အဲဒီဖက်သန်းပင်နားက ဖြတ်အသွားမှာ ကျွန်တော့်နားရင်းကို ရိုက်တယ်။

နားရင်းကို မူးထူသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှလဲ မရှိဘူး။

ဒီကောင်လုပ်တယ်ဆိုတာ ကျွန်တော်သိတာပေါ့။

ချက်ချင်းတဲ့ပြန်၊ မီးခွက်ယူ၊ နန်းပြားယူပြီး ဖက်သန်းပင်ကို ခုတ်လှဲပစ်လိုက်တယ်။

နောက်နေ့ကျ အမြစ်ပါ တူးပစ်လိုက်တယ်။

ပြောစရာတော့ရှိတယ်။

ဒီဖလာက်ဆိုးသွမ်းတဲ့ကောင်က သူနေတဲ့သစ်ပင်ခုတ်တဲ့ ကျွန်တော့်ကို ဘာမှမလုပ်ဘူးလားလို့။

တစ္ဆေသရဲဆိုတာ လူထက်နိမ့်ကျပါတယ်။ တိရစ္ဆာန်နှင့် အဆင့်တူ၊ အတန်းတူပါ။

အကုသိုလ်ကံ အင်မတန်ကြီးမားပြီး ကံနိမ့်နေတဲ့သူမှ သူတို့ လုပ်လို့ရမယ်။

ပြီးတော့ ကျွန်တော့်သူငယ်ချင်းက ဒီကောင်တွေထက် အဆင့်မြင့်တယ်။

အဲကြောင့် ကျွန်တော့်ကို ဘာမှလုပ်လို့မရတာပါ"

"ကိုသိန်းဝင်းရဲ့ သရဲတွေက ကိုသိန်းဝင်းကို ကူညီကြလား ..."

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှင့်ကျွန်တော်က မိတ်ဆွေတွေဖြစ်တဲ့အတွက် သူတို့ တတ်နိုင်တဲ့ဘက်က ကူညီကြပါတယ်။

အထူးသဖြင့်တော့ လယ်သိုးနှံတွေ၊ လယ်ထဲမှာ ပစ်ထား ခဲ့တဲ့ ကျွန်တော့်ပစ္စည်းတွေ ဘာတစ်ခုမှ မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြတယ်။

တစ်ခုခု ထိပါးနှောက်ယှက်ဖို့ အကြံအစည်နှင့် လယ်ထဲကို လာရင်တော့ သူတို့နှင့်ထိပ်တိုက်တွေ့မှာ အမှန်ပဲ ...။

တစ်ခါတုန်းက ကျွန်တော်ညီဝမ်းကွဲ သိန်းလွင် ကျွန်တော် မရှိတဲ့အချိန် တမံပေါ်က ဖြတ်သွားတယ်။

BURMESE CLASSIC

ကျွန်တော့်သူငယ်ချင်းနှင့်တွေ့ပြီး လုပ်ထားလိုက်တာ နွံဗွက်ထဲမှာ လူးနေရတယ်။

ဘာနှင့်ကုကု မရဘူး။

နောက်ဆုံးကျွေးလိုက်မွေးလိုက်မှ ပျောက်သွားတယ်။

ပြီးတော့၊ ကျွန်တော် မြွေကိုက်ခံရတဲ့ကိစ္စ။

သူငယ်ချင်းက ဒီလမ်းကို မင်းမသွားနဲ့ အန္တရာယ် ရှိတယ်လို့ပြောတယ်။

ကျွန်တော်ဇွတ်တိုးသွားတယ်။

မြွေကိုက်တာပဲ။ တစ်ပါတ်အတွင်းမှာ နှစ်ခါအကိုက်ခံရတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုက်တဲ့မြွေကလည်း မြွေပွေးကြီးတွေချည်းပဲ။

မြွေပါရတယ်။

ကျွန်တော်ဆေးရုံမသွားဘူး။ ဘာမှမဂရုဘူး၊ ဘာမှလည်း မဖြစ်ဘူး။

လူတွေကလည်း မြွေကိုက်လွန်းလို့တဲ့၊ ကျွန်တော်နှင့်တောင် အတူမသွားရဲကြဘူး ဖြစ်နေတယ်။

ကျွန်တော်ငယ်ငယ်ကတည်းက မြွေဆေးတွေထိုးထား ပါတယ်။

BURMESE CLASSIC

ဒါပေမယ့် ဒီလို မြွေကိုက်ခံရတာတောင် ဘာမှ မဖြစ်တာ တတော့ သူငယ်ချင်းက ကူညီနေလို့ပါ ...”

အဲဒီနေ့ညက သရဲကြီးသိန်းဝင်းအမည်ခံ ကိုသိန်းဝင်းနှင့် စာရေးသူတို့ အချိန်ကြာကြာ စကားပြောဖြစ်ခဲ့ပါတယ်။

နောက်တစ်နေ့ မနက်ခင်းမှာ ကိုသိန်းဝင်းက သူ့လယ်တဲ ကို လိုက်ပြပါတယ်။

သူ့သူငယ်ချင်းကိုဝင်းနေတဲ့ ထိန်ပင်နှင့် တစ္ဆေမိန်းမ နှစ်ယောက် အစောင့်ထားတယ်ဆိုတဲ့ သူ့လယ်တဲကို လိုက်ပြ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူက ပါလာတဲ့ဖုန်းနှင့်ပဲ ဓာတ်ပုံမှတ်တမ်းယူခဲ့လိုက်ပါတယ်။

သူနဲ့စကားပြောနေတုန်းမှာပဲ ရန်ကုန်တပ်မိသားစုဆီက ဖုန်းဝင်လာလို့ ချက်ချင်းရန်ကုန်ပြန်ဖို့အကြောင်း ဖြစ်လာပါတယ်။

ရန်ကုန်မပြန်ခင်မှာ စာရေးသူ အသိချင်ဆုံးမေးခွန်းတစ်ခုတော့ မေးဖြစ်ခဲ့ပါတယ်။

"ကိုသိန်းဝင်းရေ သရဲတွေရှိတယ်ဆိုတာကို ခင်ဗျားက လက်တွေ့မြင်ခဲ့တယ်လို့ သိရတယ်။

BURMESE CLASSIC

ကျွန်တော်ကြည့်ချင်တယ်ဆိုရင်ကော မြင်လို့ရမလား" ဆိုတဲ့ မေးခွန်းပါ။

"ကြည့်ချင်ရင် မြင်လို့ရတယ်၊

လက်တွေ့မြင်နိုင်ပါတယ်" လို့ ကိုသိန်းဝင်းက ပြောပြခဲ့ပါတယ်။

အချိန်မပေးနိုင်တဲ့အတွက် ဒီတစ်ခေါက်တော့ ဒီအခွင့်အရေးကို စာရေးသူလက်လွှတ်ခဲ့ရပါတယ်။

နောက်တစ်ခေါက်ကျရင်တော့ မဖြစ်မနေ ကြည့်ရမယ်လို့ ဆုံးဖြတ်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ ...

စာဖတ်သူအနေနှင့် စာရေးသူနှင့်အတူတူ လိုက်ပါကြည့်ရှုနိုင်မယ်ဆိုရင်တော့ ...

စာရေးသူအတွက် ပိုပြီး ကျေနပ်စရာ ဖြစ်လာမှာ အသေအချာပါပဲခင်ဗျာ ...။

စာဖတ်ပရိသတ်ကို
ထာဝရချစ်ခင်လေးစားလျက်ဖြင့်

BURMESE CLASSIC

မောင်မြိုင်းသို့(ချောင်ဦး)
၂၆၊ ဧပြီ၊ ၂၀၀၄

www.burmeseclassic.com